# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း(၁၄)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (12-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၁၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း



**နေပြည်တော် မတ် ၁၁**

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိ သာသနဝ္ဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက

စာမျက်နှာ ၁၆ ကော်လံ ၁ ☞

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၁၂ ရက်

**အယ်ဒီတာ့အာဘော်**

# နိုင်ငံတော်ကိုအကျိုးပြုမည့် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ

သုတေသနသည် တက္ကသိုလ်များ၏ အသက်သွေးဖြစ်သည်ဟု သတ်မှတ်ထားသည်နှင့်အညီ သုတေသနဆောင်ရွက်နေသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့သင်ယူလေ့လာနေသည့် ပညာရပ်နယ်ပယ်များတွင် ပိုမိုတတ်ကျွမ်းထူးချွန်လာကြမည်ဖြစ်သည်။ ထိုသို့ တွေ့ရှိချက်အသစ်များမှတစ်ဆင့် ဆန်းသစ်တီထွင်မှုများကို ဆက်လက်လုပ်ဆောင်ကြခြင်းသည် လူမှုအသိုင်းအဝိုင်းကိုအကျိုးပြုနိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာကြမည်ဖြစ်သည်။

နိုင်ငံတော်ကိုအကျိုးပြုမည့် သုတေသနလုပ်ငန်းများဆောင်ရွက်ရန်နှင့် သုတေသနလမ်းညွှန်မှုများပေးရန်ဟူသည်မှာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရက ၁၉၉၉ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းပေးချိန်မှစပြီး ချမှတ်ပေးထားသည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိရာ သုတေသနလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ၂၀၀၁ ခုနှစ်မှစတင်ပြီး ဝိဇ္ဇာ၊ သိပ္ပံနှင့် လူမှုရေးပညာရပ်များဆိုင်ရာ ဟောပြောပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများနှင့် ညီလာခံများကို နှစ်စဉ် ကျင်းပပေးလျက်ရှိသည်။ ယခုနှစ်အတွက် (၂၄) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံကို ပညာရေးဝန်ကြီးဌာနက မတ် ၉ ရက်မှ ၁၁ ရက်ထိ ဘာသာရပ်ဆိုင်ရာဌာနများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ခန်းမ၊ ရန်ကုန်ပညာရေးတက္ကသိုလ်တို့တွင် ကျင်းပခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာန (၂၄)ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံတွင် သုတေသနစာတမ်းများကို မတ်လ ၉ ရက်မှ ၁၁ ရက်အထိဖတ်ကြားခဲ့ပြီး ဘာသာရပ်ဆိုင်ရာဌာနများတွင် ဝိဇ္ဇာပညာရပ်စာတမ်း ၁၁၉ စောင်၊ သိပ္ပံပညာရပ် စာတမ်း ၁၅၅ စောင်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်ခန်းမတွင် စာတမ်း ၂၈ စောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာရေးဆိုင်ရာ၊ ပညာရေးစိတ်ပညာဆိုင်ရာစာတမ်း ၇၀ စုစုပေါင်း စာတမ်း ၃၇၂ စောင်တို့ကို ဖတ်ကြားဆွေးနွေးခဲ့ကြသည်။ အဆိုပါ (၂၄) ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံတွင် တင်သွင်းဖတ်ကြားသည့် သုတေသနစာတမ်းများမှ ဘာသာရပ်နယ်ပယ်အလိုက် အကောင်းဆုံး သုတေသနစာတမ်းဆုများကိုလည်း ချီးမြှင့်ခဲ့ပါသည်။

ပညာသည် ဖွံ့ဖြိုးတိုးတက်မှု၏အရင်းခံဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်သည့်ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေးသည် အရေးကြီးပါသည်။ ထိုကဲ့သို့ မြှင့်တင်ဆောင်ရွက်ရာတွင် ယခုကဲ့သို့ သုတေသနညီလာခံများ၊ စာတမ်းဖတ်ပွဲများသည် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ သုတေသနများဆောင်ရွက်ရာတွင် တစ်ဦးချင်းသုတေသနနှင့် အဖွဲ့လိုက်သုတေသနများဆောင်ရွက်ကြသကဲ့သို့ ပူးတွဲသုတေသနများကိုလည်း ဘာသာရပ်အချင်းချင်း၊ ပြည်တွင်းတက္ကသိုလ်များအချင်းချင်း၊ ပြည်တွင်းပြည်ပတက္ကသိုလ်အချင်းချင်း ပူးပေါင်းလုပ်ဆောင်ကြမည်ဆိုပါက အဖိုးတန်သည့်သုတေသနကောင်းများစွာ ပေါ်ထွက်လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊စွမ်းရည်များနှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့်ဘက်စုံပညာရေးကဏ္ဍကိုမြှင့်တင်ရန် ဦးတည်ချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ယခုကဲ့သို့ (၂၄) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# တမူးခရိုင်တွင် ဆောင်းသီးနှံမြေပဲ ၁၃၄၇ ကေထိ နုတ်သိမ်းပြီးစီး တစ်ကေလျှင် ၆၂ ဒသမ ၇၄ တင်းထွက်ရှိ



**တမူး မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၃၄၇ ကေထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၆၂ ဒသမ ၇၄ တင်းထွက်ရှိကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၄၃ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၃၄၇ ကေ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၆၂ ဒသမ ၇၄ တင်း ထွက်ရှိကြောင်း သိရသည်။

"တမူးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၃၂၄၃ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ လက်ရှိနုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် မြေပဲနုတ်သိမ်းပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ကေ ၁၂၀၊ တမူးမြို့နယ်တွင် ကေ ၃၇၀၊ ခါမ်းပါတ်မြို့တွင် ၈၅၇ ကေ စုစုပေါင်း ၁၃၄၇ ကေဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ကေလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျကြောင်း၊ မြေပဲတစ်ကေ စိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

တမူးခရိုင်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်း ယူခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေပဲသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးဖယ်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးဖယ်ပိသာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးဖယ်များကို စနစ်တကျစစ်ဆေးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ဇန်နဝါရီလအတွင်းက ငါးဖယ်ပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ငါးဖယ်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖေဖော်ဝါရီလ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေတင်ပို့ရောင်းချမှု ကောင်းခဲ့ပါတယ်။ ဖေဖော်ဝါရီလအတွင်း ငါးဖယ်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က မတ်လထဲမှာပါ ငါးဖယ်တွေ မှာယူမှုအားကောင်းနေပါတယ်။ အခုလို ငါးဖယ်တွေ ကုန်ချိန်များများ တင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ဇာဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက်ငါးဖယ် တစ်ပိသာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ရေထွက်ကုန်ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မလှိုင် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘွတ်ကုန်းကျေးရွာအုပ်စု ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို မတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သဘွတ်ကုန်းကျေးရွာအုပ်စု ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)ဖြင့် နို့စားနွား မွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်ဦးရေ ၂၀ ကို ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်နေ ကိုရန်နိုင်ဖြိုး မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးနှင့်ဆေးပစ္စည်း ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးတင်ထွန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# တန့်ဆည်မြို့နယ်တွင် နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၅ ဒသမ ၇၂ တင်းထွက်ရှိ



**ရွှေဦး မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဦးခရိုင် တန့်ဆည်မြို့နယ်တွင် နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၇၂ တင်းထွက်ရှိခဲ့ကြောင်း ရွှေဦးခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၀၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဆောင်းနှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆောင်းနှမ်း ၂၀၀၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ဆောင်းနှမ်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်"ဟု ရွှေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်းသိရသည်။

နှမ်းအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးဆီဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# စေတုတ္တရာမြို့နယ် ဟန်ဒေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ မတ် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ဟန်ဒေါက်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေ ထုတ်ချေးခြင်းကို မတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်းသိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးတင့်ထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းရ၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်စဉ်များ၊ စီမံကိန်းစက်ဝန်း ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ကို ဟန်ဒေါက်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ဟန်ဒေါက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၁၉ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၈ ဒသမ ၈ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း အုန်းသီးနုအလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း မတ် ၁၁**


ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဒေသထွက် အုန်းသီးနုအလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်းက အုန်းသီးနုအလုံးရေ ၅၀၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက် မှ ၂၈ ရက်ထိ တစ်လအတွင်း အုန်းသီးနု အလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးနု အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်က ပြီးခဲ့တဲ့ ဖေဖော်ဝါရီလထဲမှာ အုန်းသီးနုတွေဝယ်ယူမှုများပြားခဲ့ပါတယ်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလထဲမှာ အုန်းသီးနု အလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမတ်လထဲမှာလဲ အုန်းသီးနုတွေ ဝယ်ယူမှုများပြားနေပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေထွက်တဲ့ ဒေသထွက် အုန်းသီးနုတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးနုများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်ပျိုးရေး လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိ အဆင်ပြေနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြသည်။

**ကျော်ကျော်လင်း**



# ပုဂံခေတ်မြေအရောင်းအဝယ်နှင့် ရှင်မဟာကဿပကျောက်စာ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ပုဂံမြို့ဟောင်း မင်းနန်သူရွာရှိ သမ္ဗူလဘုရား၏ တောင်ဘက်တွင် ရှင်မဟာကဿပကျောင်းတိုက် အမည်ရှိ အဆောက်အအုံဟောင်းတစ်ခုရှိသည်။ ထိုကျောင်းတိုက် တံတိုင်းဝင်းအတွင်း၌ တွေ့ရှိခဲ့သည့် ကျောက်စာသည် ရေးထိုးသူကို အစွဲပြုလျက် ရှင်မဟာကဿပကျောက်စာဟု ထင်ရှားခဲ့သည်။ ထိုကျောက်စာသည် ယခုအခါတွင် မင်းနန်သူရွာ အရှေ့မြောက်ဘက်ရှိ အစောကြွမ်းဘုရား၏ လိုဏ်အတွင်း တောင်ဘက်မုခ်တွင်ရှိကြောင်း ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ စာအုပ်တွင် ဖော်ပြထားသည်။

၎င်းဘုရားလိုဏ်အတွင်း၌ ကျောက်စာနှစ်ချပ်ရှိရာ အနောက်မုခ်ဘက်တွင်ရှိသော ကျောက်စာသည် နရပတိစည်သူ (၁၁၆၅-၁၂၁၁) နှင့် ဝေဠုဝတီမိဖုရားတို့၏ မြေးအစောကြွမ်း မင်းသမီးရေးထိုးခဲ့သည့် ကျောက်စာဖြစ်သည်။

ရှင်မဟာကဿပကျောက်စာ၏ ထူးခြားချက်သည် ပုဂံခေတ်က ရဟန်းသံဃာများအား လယ်မြေများ လှူဒါန်းကြပုံ၊ ရဟန်းနှင့်လူပုဂ္ဂိုလ်များ မြေယာပြဿနာအမှုအခင်းဖြစ်ပုံ၊ အမှုနိုင်သော ရဟန်းက မြေယာများကို လှူဒါန်းခဲ့ပုံနှင့် ပုဂံခေတ်က ရဟန်းတော်နှင့် လူပုဂ္ဂိုလ်များ လယ်မြေအရောင်းအဝယ်ပြုလုပ်ပုံတို့ကို ရေးထိုးထားခြင်းဖြစ်သည်။

**ကျောက်စာရှင် ရှင်မဟာကဿပ**

ကျောက်စာရှင် ရှင်မဟာကဿပသည် မည်သူဖြစ်ကြောင်းထင်ရှားခြင်းမရှိသော်လည်း ကျောက်စာရေးထိုးခဲ့သည့် သက္ကရာဇ် ၆၁၀ ပြည့်နှစ်သည် ကျစွာမင်း(၁၂၃၅-၁၂၄၉) အနိစ္စမရောက်မီ တစ်နှစ်ဝန်းကျင်အချိန်ဖြစ်သည်။ ထို့ကြောင့် ရှင်မဟာကဿပသည် ကျစွာမင်းလက်ထက်က ရဟန်းတစ်ပါးဖြစ်ကြောင်းကိုသာ မှန်းဆသိရှိရပေသည်။

ကျောက်စာတွင် ရေးထိုးထားသည့် မှတ်တမ်းစာများအရ ရှင်မဟာကဿပသည် သက္ကရာဇ် ၆၀၆ ခု၊ နတ်တော်လဆုတ် ၅ ရက်တွင် အနန္တသူကျောင်းရှေ့၌ မင်းသမီးမင်းလှ တည်ဆောက်ခဲ့သည့်ကျောင်းတွင် နေထိုင်ခဲ့သည်။ ကျောက်စာတွင် ဘုန်းမြတ်ကြီး မဟာကဿပဟုဖော်ပြထားသည့် ရှင်မဟာကဿပသည် ထိုကျောင်း၌ နေထိုင်သော အရိယာသံဃာများအတွက် ရည်ရွယ်ကာ လယ်များကိုလှူခဲ့သည်။ ထိုလယ်များသည် သင်တောင်ခရိုင် သုရောက္ခအရပ်၌ ရှိသည်။

ရှင်မဟာကဿပသည် ထိုလယ်များပိုင်ဆိုင်မှုနှင့် စပ်လျဉ်းပြီး စကြဝ်ဆိုသူနှင့် အမှုအခင်းဖြစ်ကာ စစ်မေးမှုကိုခံယူခဲ့ရသည်။ သို့သော် ထိုလယ်များ၏ မူလပိုင်ရှင်ကို မင်းကပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် ရှင်မဟာကဿပ အနိုင်ရခဲ့သည်။ ရှင်မဟာကဿပကသည် ထိုမြေများကို စွန့်လွှတ်လှူဒါန်းခဲ့သည်။

ကျောက်စာပါ အထောက်အထားများအရ ပုဂံခေတ်တွင် မြေပိုင်ရှင်များက ရဟန်းများထံ မြေရောင်းခြင်းများရှိခဲ့ပြီး ရဟန်းများကလည်း ဝယ်ယူခဲ့ကြောင်း တွေ့ရှိရပေသည်။ ထိုသို့ မြေကို ဝယ်ရာတွင် ရဟန်းသည် သုခမိန်လူပုဂ္ဂိုလ်တစ်ဦးမှတစ်ဆင့် သံဃိကဥစ္စာဖြင့် ဝယ်ယူကြသည်။ ရဟန်းထံ မြေလာရောင်းရာတွင် ရောင်းချသူနှင့်အတူ မိသားစုဝင်များပါ အတူတကွလိုက်ပါလာကြသည်။

ကျောက်စာတွင် မြေအကျယ်အဝန်းနှင့် ဈေးနှုန်းများကို ရေးထိုးထားကာ အလှူကျောက်စာပင်ဖြစ်သော်လည်း အခြားပုဂံကျောက်စာများကဲ့သို့ ဆုတောင်းစာနှင့် ကျိန်စာများရေးထိုးမထားခြင်းသည်လည်း ထိုကျောက်စာ၏ ထူးခြားချက်တစ်ရပ်ဟု ဆိုနိုင်ပေသည်။

ရှင်မဟာကဿပကျောက်စာသည် နှစ်မျက်နှာ ထိုးကျောက်စာဖြစ်၍ ရှေ့မျက်နှာတွင် စာကြောင်း ၄၅ ကြောင်း နှင့် ကျောဘက်မျက်နှာတွင် စာကြောင်း ၂၈ ကြောင်းရေးထိုးထားသည်။သို့သော်ကျောက်စာ ရှေ့မျက်နှာအောက်ပိုင်းစာကြောင်း လေးကြောင်းနှင့် ကျောဘက်မျက်နှာမှ စာကြောင်းရေ ၂၀ မှ ၂၈ ကြား ရှိစာသားတချို့သည် ကျောက်စာပျက်စီးနေမှုကြောင့် ထင်ရှားစွာ ဖတ်ရှုနိုင်ခြင်းမရှိချေ။

**ကျောက်စာပါ အကြောင်းအရာ**

ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် ကျောက်စာအများစုကို မြန်မာဘာသာစကားဖြင့် ရေးထိုးခဲ့ကြသဖြင့် မြန်မာစာပေအရေးအသား၏ မူလသည် ကျောက်စာရေးထိုးခြင်းဖြစ်ကြောင်းနှင့် မြန်မာဘာသာဖြင့်ရေးထိုးသည့် ကျောက်စာများသည် ပုဂံခေတ်တွင် အများအပြားပေါ်ပေါက်ခဲ့ကြောင်း ပညာရှင်များက သုံးသပ်ခဲ့သည်။

၎င်းတို့အနက် ကျစွာမင်းလက်ထက်တွင် ရေးထိုးခဲ့သည့် မူလထိုး ရှင်မဟာကဿပကျောက်စာသည် အကြောင်းအရာ စိတ်ဝင်စားဖွယ်ကောင်းသော ကျောက်စာတစ်ချပ်ဖြစ်သည်။ လယ်မြေအလှူရှင် ရှင်မဟာသဿပသည် သက္ကရာဇ် ၆၀၆ ခု၊ အာသတ်နှစ်၊ နတ်တော်လဆုတ် ၅ ရက်တွင် လယ်များကိုလှူဒါန်းကြောင်း ကျောက်စာတွင် ဦးစွာရေးထိုးထားသည်။ ထိုလယ်များသည် ရှင်မဟာကဿပပိုင်ဆိုင်ထားသည့် လယ်မြေများဖြစ်သဖြင့် မိမိဆန္ဒအလျောက်လှူခဲ့သော်လည်း ကျောက်ဆည်ခရိုင်၊ အနောက်မြောက်ဘက်ရှိ ဆိပ်တောင်ကင်အရပ်မှ စကြဝ်ဆိုသူနှင့် အချင်းများခဲ့ရသည်။

ထိုလယ်မြေများသည် ရှင်မဟာကဿပ၏ အဘိုးသင်ကြံမသူ၏ မဟာဒါန်(ကြီးမြတ်သော အလှူ)ဖြစ်၍ သာသနာအထောက်အပံ့အဖြစ် လှူထားသောလယ်မြေ ၈၉ ပယ်ဖြစ်သည်။ သင်ကြံမသူကွယ်လွန်ပြီးနောက် မြေးတစ်ဦးဖြစ်သော ငရောက်သင်က အဘိုး၏ အမွေပစ္စည်းဟု သဘောထားကာ ထိုလယ်များကို ဆက်ခံရယူထားခဲ့သည်။ ငရောက်သင်သည် ထိုလယ်မြေများကို ဆိတ်တောင်ကင်အရပ်မှ စကြဝ်ကိုရောင်းချခဲ့သည်။ သို့သော် ငရောက်သင်ကွယ်လွန်ပြီးချိန်တွင် ထိုလယ်မြေများကို ရောင်းချခွင့်မရှိကြောင်း ပေါ်ပေါက်လာခဲ့သည်။

ထို့ကြောင့် အငြင်းပွားသည့် လယ်မြေပိုင်ဆိုင်မှုကို စတုရင်္ဂဗိုလ်နှင့် အစလဖရစ်ဟူသည့် အမတ်နှစ်ဦးက ကြားနာ စစ်မေးဖြေရှင်းပေးခဲ့သည်။ အမတ်နှစ်ဦးက ထိုမြေများ၏ မူလပိုင်ရှင်သည် ရှင်မဟာကဿပ၏ အဘိုးသင်ကြံမသူဖြစ်၍ မင်းက ထိုမြေကို သင်ကြံမသူအားပေးခဲ့ကြောင်း စာရင်းအမှတ်ရှိသဖြင့် အမွေခံသည် ငရောက်သင်မဟုတ်ဘဲ ရှင်မဟာကဿပဖြစ်သည်ဟု ဆုံးဖြတ်ကာ ရှင်မဟာကဿပကို အနိုင်ပေးခဲ့သည်။

ရှင်မဟာကဿပသည် မိမိ၏ မြေးဖြစ်သူ ငရောက်သင်က သာသနာ့မြေကိုရောင်းစားခဲ့သဖြင့် မြေးဖြစ်သူ အပါယ်ငရဲသို့ ကျရောက်မည့်ဘေးကို စိုးရိမ်ကာ ထိုမြေများအားလုံးကို လှူဒါန်းခဲ့သည်။ သို့သော် ရှင်မဟာကဿပသည် မိမိအမှုနိုင်သည့် မြေများကို အခမဲ့ယူခြင်းမပြုဘဲ သံဃိကဥစ္စာငွေဖြင့် ရွေးယူခဲ့သည်။ ထို့ကြောင့် သုခမိန်လူပုဂ္ဂိုလ်တစ်ဦးဖြစ်သော ဓမ္မဘဏ္ဍာက တာဝန်ယူပြီး လယ်တစ်ပယ်လျှင် ၁၅ ကျပ် တန်ဖိုးသင့်ကာ ပေးချေစေခဲ့သည်။



ရှင်မဟာကဿပကျောက်စာတွေ့ရှိခဲ့သည့် သမ္ဗူလဘုရားကို တွေ့ရစဉ်။

ကျောက်စာတွင် ရှင်မဟာကဿပထံ လယ်မြေရောင်းချခဲ့သူများနှင့် ရှင်မဟာကဿပလှူသည့် လယ်မြေများကို ဆက်လက်ရေးထိုးထားရာ မြစ်သားခရိုင်၊ ခွင်ခုန်ကြီးရွာ၊ မြစ်အောက်အရပ်မှ ကျောက်တောင်အမည်ရှိသူရောင်းသော လယ် ၅၅ ပယ်ကို တစ်ပယ်လျှင် ၁၅ ကျပ်နှုန်းဖြင့် ဝယ်ယူခဲ့သည်။ ကျသင့်ငွေ ၈၂၅ ကျပ်ကို သုခမိန်လူပုဂ္ဂိုလ်အား သံဃိကဥစ္စာဖြင့်ဝယ်ယူစေပြီး သံဃာများချမ်းသာစိမ့်သောငှာ လှူဒါန်းခဲ့သည်။

သက္ကရာဇ် ၅၉၉ ခုနှစ်၊ ပြာသိုလတွင် မင်းသမက်သရေဟန်လင်းသည်က တမုတ်ရွာ ပိဋကတ်သို့ လယ် ၁၀ ပယ်နှင့် ရှင်မဟာကဿပကို လယ် ၁၀ ပယ်လှူခဲ့သည်။

သက္ကရာဇ် ၆၁၀ ခုနှစ် နတ်တော်လတွင် ဖျက်ကသူက မယားနှင့်သားကိုပါခေါ်လာပြီး ခုန်ကြီး ပြင်ပအရပ်တွင်ရှိသည့် လယ်ပယ် ၂၀ လာရောင်းသဖြင့် ငွေကျပ် ၃၀၀ ပေးကာ ဝယ်ယူခဲ့သည်။

သက္ကရာဇ် ၆၀၄ ခုနှစ် ပြာသိုလတွင် ပက်ပိုင်ရွာတောင် ရိရိုင်ရိုင်ရွာမှ အသုရာငချတ်ဆင့်သည် လယ်ပယ် ၃၃၀ ရောင်းရန် မယား၊ သားတို့နှင့် အတူရောက်လာသဖြင့် သုခမိန်လူပုဂ္ဂိုလ် ဓမ္မဘဏ္ဍာအား သံဃိကဥစ္စာငွေဖြင့် ဝယ်ယူစေခဲ့သည်။ လယ်ဖိုးပေးသည့် ငွေသည် ကျပ် ၇၀၀ ဖြစ်၍ ထိုလယ်များကို သံဃာများအားလှူဒါန်းခဲ့သည်။

သက္ကရာဇ် ၆၀၈ ခုနှစ် ကဆုန်လဆုတ် ၃ ရက် ညနေ ၃ ပဟိုရ်အချိန်တွင် ထိပေရှင်အရပ်(ယခုဒီပဲယင်းနယ်)မှ သင်ကန်သူကြီး စန္ဒသံဗျင်အပါအဝင် သားမယားဆွေမျိုး လူ ၂၀ တို့က လယ်များလာရောင်းချကြသည်။ ထိုလယ်များသည် ၃၃၃၂ ပယ်ရှိသော်လည်း တစ်ပယ်လျှင် တစ်ကျပ်သာပေးရသဖြင့် ကျသင့်ငွေ ၃၃၃၂ ကျပ်ကို မင်းသားဥစ္စနာအပါအဝင် ရွာသူကြီးများက လှူဒါန်းခဲ့သည်။ လယ်များလာရောင်းချသူများ၏ အမည်များနှင့် လယ်များဝယ်ယူရန် ငွေလှူခဲ့သူများ၏အမည်များကို ကျောက်စာတွင် အသေးစိတ်ဖတ်ရှုရပေသည်။ ထိုလယ် ၃၃၃၂ ပယ်ကိုလည်း ဓမ္မဘဏ္ဍာအား သံဃိကဥစ္စာငွေဖြင့် ဝယ်ယူစေခဲ့သည်။

သက္ကရာဇ် ၆၀၈ ခုနှစ် ပြာသိုလဆန်း ၄ ရက်တွင် ထိပေရှင်သူကြီး စန္ဒသံဗျင်အပါအဝင် လယ်ရှင် ၄ ယောက်က လယ်မြေများလာရောင်းကြပြန်ရာ မင်းသမီးအစောထွေးက ဝယ်ပေးသဖြင့် ထိုလယ်များကို ရှင်မဟာကဿပ ရရှိခဲ့သည်။ လယ်များသည် ပယ် ၁၀၁၀ ရှိ၍ တစ်ပယ်လျှင် တစ်ကျပ်သာပေးရသည်။ ထိုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်တွင် စန္ဒသံဗျင်နှင့် ကျီဘုမ္မချတြာတို့သည် ထိပေရှင်၊ မယ်အို့အရပ်ရှိ လယ်ပယ် ၁၀၀ နှင့် ရပိဿာ အရပ်ရှိ လယ်ပယ် ၁၀၀ ကို လာရောင်းကြပြန်ရာ လယ်ပယ် ၂၀၀ အတွက် ခွက်ပိဿာ ၄၀ ကို ဓမ္မဘဏ္ဍာအား သံဃိကဥစ္စာငွေဖြင့် ဝယ်ယူစေခဲ့သည်။

ထို့အတူ သက္ကရာဇ် ၆၀၈ ခု၊ နတ်တော်လဆန်း ၃ ရက်တွင် စန္ဒသံဗျင်တို့ လာရောက်ရောင်းချသော လယ်ကျက် ပယ် ၃၀၀ အတွက် ခွက်ပိဿာ ၆၀ စုစုပေါင်း လယ်ပယ် ၅၀၀ အတွက် ခွက်ပိဿာ ၁၀၀ ကို သံဃိကဥစ္စာဖြင့် ပေးချေကြောင်း ရေးထိုးထားသည်။

ဆက်လက်၍ ရှင်မဟာကဿပအားလှူဒါန်းခဲ့သည့် လယ်မြေများစာရင်းကို ရေးထိုးခဲ့ရာ တချို့နေရာများတွင် စာသားများ ပျက်စီးနေသဖြင့် ဖတ်ရှု၍ မရတော့ချေ။

ကျောက်စာ၏ ကျောဘက်မျက်နှာသည် ရှေ့မျက်နှာတွင် ရေးထိုးထားသည့် စာသားများ၏ အဆက်ဖြစ်ကာ လယ်မြေလှူဒါန်းမှုနှင့် လယ်မြေရောင်းဝယ်ယူမှုများသာဖြစ်သည်။ ထူးခြားသည့် အချက်တစ်ခုမှာ သက္ကရာဇ် ၆၁၀ ခု၊ နတ်တော်လဆုတ် ၅ ရက်တွင် ရှင်မဟာကဿပအား ငါပြမောင်နှမက လယ်ပယ် ၂၀၀၀ ကို လာရောက်လှူဒါန်းခြင်းဖြစ်သည်။ ထိုမြေများသည် ဖိမြေတောင်ရေဆစ်နှင့် ဥတောင်မုဆိုးသမရိုးအရပ်၌ တည်ရှိသည်။

ထို့နောက် မုခယ်အရပ်မှ လယ် ပယ် ၆၀ အနက် ပယ် ၃၀ ကို ရှင်မဟာကဿပကရရှိ၍ ကျန်ပယ် ၃၀ ကို မင်းကြီးက တောင်းခံပြီး စည်စနာပုထိုးတော်ကို လှူခဲ့ပုံ၊ မင်းကြီးက အညာကုခန်းအရပ်၌ လယ်ပယ် ၆၀ ကို အစားပြန်ပေးပုံ၊ ၎င်းလယ်များ အနက်ပယ် ၃၀ ကို ရှင်မဟာကဿပကရရှိခဲ့ပုံ၊ သိင်္ဃသူမင်း၏ မိဖုရားက ရှင်မဟာကဿပအား လယ် ၁၀ ပယ် လှူပုံတို့ကို ဆက်လက်ရေးထိုးခဲ့သည်။

ရှင်မဟာကဿပကျောက်စာ ကျောဘက်မျက်နှာတွင် စာကြောင်း ၂၈ ကြောင်း ရေးထိုးထားသော်လည်း စာကြောင်း ၂၅ မှ ၂၈ ထိ လေးကြောင်းသည် မူလလက်ရေးနှင့်မတူကြောင်းနှင့် မူလကျောက်စာ၏ အဆက်လည်းမဟုတ်ကြောင်း ကျောက်စာကိုရေးကူးခဲ့သူ ဦးငြိမ်းမောင်က အောက်ခြေမှတ်စုဖြင့် ဖော်ပြခဲ့သည်။

**ပုဂံခေတ် လယ်ယာမြေဈေးနှုန်း**

ပုဂံခေတ်တွင် မြေအရောင်းအဝယ်ပြုလုပ်မှုများကို ကျောက်စာများတွင် တွေ့ရလေ့ရှိသော်လည်း မဟာကဿပကျောက်စာတွင် အရောင်းအဝယ်ပြုလုပ်သည့် ဈေးနှုန်းများကို ထည့်သွင်းရေးထိုးထားသဖြင့် ပုဂံခေတ်လယ်ယာမြေဈေးကို သိရှိနိုင်ခဲ့သည်။ သမိုင်းပညာရှင် ဒေါက်တာတိုးလှက ပုဂံခေတ်တွင် ငွေကြေးစုဆောင်းခြင်းထက် ရန်သူမျိုးငါးပါးရန်ကို ကြောက်ရွံ့ရမှု နည်းပါးသော မြေယာကို ဝယ်ယူထားရှိတတ်ကြကြောင်း သုံးသပ်ခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မအူပင်မြို့နယ်တွင် ဆောင်းသီးနှံပဲမျိုးစုံ ၇၅၂၅၁ ဧက စိုက်ပျိုးပြီးစီး



ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မအူပင် မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဆောင်းသီးနှံပဲမျိုးစုံ ၇၅၂၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၇၅၂၅၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ဆောင်းသီးနှံစိုက်ပျိုးရာသီ မအူပင်မြို့နယ်မှာ ပဲမျိုးစုံ ဧက ၇၅၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲမျိုးစုံသီးနှံ စိုက်ပျိုးရာမှာ ဗိုလ်ကိတ်ပဲ၊ မတ်ပဲ ၊ ပဲတီစိမ်းတွေကို အဓိကစိုက်ပျိုးခဲ့ပါတယ်" ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲတီစိမ်း ၂၁၅၉ ဧက၊ ဗိုလ်ကိတ်ပဲ ၁၁၂၅၃ ဧက၊ စားတော်ပဲ ၂၅၅ ဧက၊ ထောပတ်ပဲ ၂၇၇ ဧက၊ မတ်ပဲ ၆၁၃၀၇ ဧက စုစုပေါင်း ပဲမျိုးစုံသီးနှံ ၇၅၂၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးသီးနှံများ ပိုးမွှား ရောဂါကျရောက်မှု မရှိစေရန်၊ အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲမျိုးစုံသီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ရာ ပဲမျိုးစုံသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

---

➤ **စာမျက်နှာ ၄ မှအဆက်**

ရှင်မဟာကဿပကျောက်စာပါ လယ်ယာမြေဈေးနှုန်းများအရ လယ်မြေတစ်ပယ်၏ ဈေးနှုန်းသည် တစ်ကျပ်မှ ၂၀ အထိရှိခဲ့သည်။

လယ်၊ ယာ(မြေကျက်)နှင့် မြေရိုင်း(မြေစိမ်း)တို့သည် တန်ဖိုးမတူကြဘဲ ယေဘုယျအားဖြင့် လယ်မြေက ဈေးနှုန်းအမြင့်ဆုံးဖြစ်သည်။ မြေကျက်သည် ထွန်ယက်စိုက်ပျိုးမှုပြုလုပ်ထားဖူးသောယာမြေဖြစ်၍ မြေရိုင်းမှာမူ စိုက်ပျိုးခြင်းတစ်ကြိမ်မှ မပြုလုပ်ရသေးသည့် မြေအရိုင်းဖြစ်သည်။သို့သော် တည်နေရာအပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိမည်ဖြစ်သည်။

သူကြီးစန္ဒသံဗျင်ရောင်းချသည့် လယ် ၃၃၃၂ ပယ်၏ ဈေးနှုန်းသည် ၃၃၃၂ ကျပ်ဟု ဆိုသည်။ လယ်တစ်ပယ်၏တန်ဖိုးသည် တစ်ကျပ်ဟု ဆိုလျှင် မယုံနိုင်ဖွယ်ဖြစ်သဖြင့် ကျပ်ဟူသည့် ယူနစ်သည် ရွှေတစ်ကျပ်သားကို ဆိုလိုခြင်းဖြစ်နိုင်သလောဟု ဆရာကြီးဒေါက်တာတိုးလှက ထောက်ပြခဲ့သည်။ ထိုခေတ်ကာလက ရွှေတစ်ကျပ်သား၏တန်ဖိုးသည် ၁၀ ကျပ်ဖြစ်သောကြောင့် လယ်တစ်ပယ်၏ဈေးနှုန်းသည် ၁၀ ကျပ်ဖြစ်နိုင်ဖွယ်ရှိကြောင်း ယူဆရပေသည်။

ကျောက်စာတွင်ပါရှိသည့် ခွက်အချိန်ပိဿာကို ရည်ညွှန်းရာတွင် လယ်ပယ် ၂၀၀ အတွက် ခွက်ပိဿာ ၄၀၊ လယ်ကျက် ပယ် ၃၀၀ အတွက် ခွက်ပိဿာ ၆၀ ၊ လယ်ပယ် ၅၀၀ အတွက် ခွက်ပိဿာ ၁၀၀ ဟု ရေးထိုးထားသဖြင့် လယ်တစ်ပယ်၏ ဈေးနှုန်းသည် ကျပ်၂၀ ဖြစ်ကြောင်း ပုဂံခေတ် မြန်မာနိုင်ငံရေးသမိုင်းတွင် ဖော်ပြထားသည်။

တရုတ်ပြေးမင်းအမတ်ကျောက်စာတွင် နရသီဟပတေ့၏အမတ် ဝယ်သောမြေတန်ဖိုးသည် လယ်ပယ် ၄၀ အတွက် ငွေကျပ် ၄၀၀ ဖြစ်သဖြင့် တစ်ပယ်ဈေးနှုန်းသည် ၁၀ ကျပ်ဖြစ်သည်။ ထို့အတူ နရသီဟပတေ့မင်း၏ အရီးမိဖွားကျောက်စာတွင် လယ် ၁၅ ပယ်ကို ခွက် ၆၀ ဖြင့် ဝယ်ယူကြောင်း ရေးထိုးထားရာ မည်သည့်ခွက်ဟု ဖော်ပြမထားချေ။ သို့သော် လယ်မြေတစ်ပယ်လျှင် ကျပ် ၂၀ ကျသင့်မည်ဆိုပါက ငါးကျပ်သားခွက်ဟု ဆိုလိုခြင်းဖြစ်ပေမည်။

ထိုခေတ်ကာလတွင် လယ်ယာမြေများကို ရောင်းဝယ်ကြရာတွင် ငွေကြေးကိုအသုံးပြုကာ ရောင်းဝယ်ကြသကဲ့သို့ ရွှေကိုလည်း အသုံးပြုခဲ့ကြသည်။

မဟာကဿပကျောင်းကျောက်စာသည် ပုဂံခေတ်နှောင်းပိုင်းကာလ မြေအရောင်းအဝယ်ပြုလုပ်ကြသည့် ပုံစံ၊ ရဟန်းနှင့် လူပုဂ္ဂိုလ်များမြေအရောင်းအဝယ်ပြုလုပ်သည့်စနစ်၊ ရဟန်းနှင့် လူပုဂ္ဂိုလ်အရောင်းအဝယ်တွင် ကြားခံလူပုဂ္ဂိုလ်တစ်ဦးက သံဃိကပိုင် ငွေကြေးဖြင့် စီမံပေးပုံတို့ကို ရှင်းလင်းစွာ ဖော်ပြထားသဖြင့် နှောင်းလူများအတွက် ဗဟုသုတများစွာ ရရှိစေခဲ့သည်။

ထို့အတူ မြေယာအမှုအခင်းများတွင် အမတ်ကြီးများက စစ်မေးဖြေရှင်းပေးကြကာ မင်းက ပေးထားသည့်မြေ ဟုတ်၊ မဟုတ်ကို စိစစ်ပြီးမှ အဆုံးအဖြတ်ပေးကြပုံကို သိရှိနိုင်ခဲ့ကြသည်။ မဟာကဿပကျောင်းကျောက်စာသည် သမားရိုးကျအလှူကျောက်စာများမှ ကွဲထွက်ကာ ဆုတောင်းစာနှင့် ကျိန်စာများကို ရေးထိုးမထားဘဲ ပုဂံခေတ် လူမှုအသိုက်အဝန်းတစ်ခု၏ပုံရိပ်များကို ဦးစားပေးရေးထိုးခဲ့သည့် ပုဂံသမိုင်းမှတ်တမ်းကောင်းတစ်ခုပင် ဖြစ်ပါပေသည်။

**ကိုးကား**

- **ရှင်မဟာကဿပကျောက်စာ**
- **ရှေးဟောင်းမြန်မာကျောက်စာများ ဒုတိယတွဲ(ဦးငြိမ်းမောင်)**
- **ပုဂံခေတ် မြန်မာနိုင်ငံသမိုင်း (ဒေါက်တာတိုးလှ)**

---

## နှလုံးသားဖြူစင်ပါ

\- တို့တစ်တွေ အမုန်းမပွား
နှလုံးသား ဖြူစင်ပါ၊
ဆင်းရဲသူ ကူညီကြလို့
ဖေးမစဉ်သာ၊
လူလူချင်း သနားညှာတာ
ကိုယ်ချင်းစာ စိတ်မြတ်မွေး၊
မင်္ဂလာ အကျိုးတရားတို့
တိုးပွားစေမနေး။

\- ရှင်းသန့်ဖြူ နှလုံးသွေးနဲ့
အပြုံးလေး ရှေ့မှာဆောင်၊
မေတ္တာကို ရင်မှာဖက်လို့
ဖြန့်ကြက်လှူဘောင်၊
မာန်မာန ဖယ်ကြဉ်ရှောင်
အမိုက်မှောင် ဖယ်ခွာရှင်း၊
ပညာဉာဏ် တည်ကာဆောက်
ထွန်းတောက်စေမင်း။

\- ကိုယ့်နာမည် ဂုဏ်သတင်း
ထုံသင်းလို့ မွှေးစေကွယ်၊
ရိုးဖြောင့်စွာ ဘဝလမ်း
လျှောက်လှမ်းကြမယ်၊
မေတ္တာစိတ် ရင်မှာတွယ်
အကြင်နာရယ် စိုက်ထူလျက်၊
စိတ်သန္တာန်မှာ တန်ခိုးထွားလို့
ကြိုးစားရှေ့ဆက်။ ။

**လမင်းခန့်(ပညာရေး)**

## နိုင်ငံတကာ သတင်းများ

# အီရန်၏ ယူရေနီယံသန့်စင်မှုပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆွေးနွေးမည်

**နယူးယောက် မတ် ၁၁**

လက်နက်ထုတ်လုပ်နိုင်သည့် အဆင့်နီးပါးထိ သန့်စင်ထားသော ယူရေနီယံလောင်စာများကို အီရန်နိုင်ငံက ထုတ်လုပ်မှုမြှင့်တင်နေခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက တံခါးပိတ်အစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း သံတမန်များက မတ် ၁၀ ရက်တွင် ပြောကြားထားသည်။

အီရန်နျူကလီးယားလောင်စာများအရေး တံခါးပိတ်ဆွေးနွေးပွဲကို မတ် ၁၂ ရက်တွင်ကျင်းပရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက စီစဉ်ထားကြောင်း သိရသည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ပြင်သစ်၊ ဂရိ၊ ပနားမား၊ တောင်ကိုရီးယား၊ ဗြိတိန်နှင့်အမေရိကန်နိုင်ငံတို့၏ တောင်းဆိုချက်အရ အဆိုပါတံခါးပိတ်ဆွေးနွေးပွဲကျင်းပရန် လုံခြုံရေးကောင်စီက စီစဉ်ထားခြင်းဖြစ်သည်။

နျူကလီးယားလက်နက်တည်ဆောက်ရန် ရည်ရွယ်ထားခြင်းမရှိကြောင်းကြေညာထားသော်လည်း အီရန်နိုင်ငံသည် ၆၀ ရာခိုင်နှုန်းထိ သန့်စင်ထားသည့် ယူရေနီယံလောင်စာများကို ပိုမိုထုတ်လုပ်နေကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က ပြောကြားထားသည်။

ယူရေနီယံကို ၉၀ ရာခိုင်နှုန်းထိ သန့်စင်နိုင်ခဲ့ပါက နျူကလီးယားလက်နက်ထုတ်လုပ်ရာတွင် အသုံးပြုနိုင်ကြောင်း သိရသည်။

အီရန်၏ ယူရေနီယံပြဿနာနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီ တံခါးပိတ်အစည်းအဝေး ကျင်းပမည့် အစီအစဉ်နှင့်ပတ်သက်၍ အီရန်၏ ကုလသမဂ္ဂကိုယ်စားလှယ်များက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်နိုင်ငံတစ်ဝန်းရှိ အခြေခံပညာမူလတန်းကျောင်းနှင့် အလယ်တန်းကျောင်း သင်ရိုးညွှန်းတမ်းများတွင် အေအိုင်ဆိုင်ရာသင်ခန်းစာများနှင့် သင်ကြားနည်းများကို စတင်ထည့်သွင်းမည်



**ပေကျင်း မတ် ၁၁**

ယခုနှစ် စက်တင်ဘာလမှစ၍ တရုတ်နိုင်ငံတစ်ဝန်းရှိ အခြေခံပညာမူလတန်းကျောင်းနှင့်အလယ်တန်းကျောင်း သင်ရိုးညွှန်းတမ်းများတွင် ဉာဏ်ရည်တုနည်းပညာ (အေအိုင်)ဆိုင်ရာ သင်ခန်းစာများနှင့် သင်ကြားနည်းများကို စတင်ထည့်သွင်းမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အေအိုင် နည်းပညာနယ်ပယ် ဖွံ့ဖြိုးရေးနှင့် လူငယ်ပါရမီရှင်များ ပေါ်ထွက်လာရေးကို ရည်ရွယ်၍ မူလတန်းနှင့် အလယ်တန်း သင်ရိုးညွှန်းတမ်းများ၌ အေအိုင်နည်းပညာသင်ခန်းစာများ ထည့်သွင်းရန် တရုတ်ပညာရေးတာဝန်ရှိသူများက စီစဉ်ထားခြင်းဖြစ်သည်။

ထို့ပြင် ကျောင်းသုံးသင်ရိုးညွှန်းတမ်းများအတွက် အေအိုင်နည်းပညာသင်ခန်းစာများ တည်ဆောက်ရေးအတွက် ထိပ်တန်း အေအိုင်နည်းပညာကုမ္ပဏီများက လုပ်ဆောင်လျက်ရှိသည်။

တရုတ်နိုင်ငံ အတွင်းရှိစာသင်ကျောင်းများအနေဖြင့် စာသင်နှစ်တစ်နှစ်လျှင် အေအိုင်နည်းပညာများကို အနည်းဆုံး ၈ နာရီ သင်ကြားပို့ချပေးရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ပညာရေးဝန်ကြီးဌာနသတင်းဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

တရုတ်အေအိုင်အက်ပလီကေးရှင်းများ၊ ကုမ္ပဏီများပေါ်ထွက်လာမှုနှင့်အတူ တရုတ်နိုင်ငံသည် ၎င်း၏ အေအိုင်နည်းပညာနယ်ပယ် ရည်မှန်းချက်များကို ချဲ့ထွင် အကောင်အထည်ဖော်လျက်ရှိသည်။

ပေကျင်းမြို့၌ကျင်းပနေသည့် အမျိုးသားပြည်သူ့ကွန်ဂရက်ညီလာခံတွင်လည်း အေအိုင်နည်းပညာကဏ္ဍတိုးတက်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# လေယာဉ်ဆီတင်သင်္ဘောနှင့် ဓာတုပစ္စည်းတင်သင်္ဘောနှစ်စီး အင်္ဂလန်ကမ်းလွန်ရေပြင်၌ ဝင်တိုက်မိရာ မီးလောင်မှုဖြစ်ပွား



**လန်ဒန် မတ် ၁၁**

အင်္ဂလန်အရှေ့မြောက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ လေယာဉ်ဆီများ သယ်ဆောင်ထားသည့် သင်္ဘောတစ်စီးနှင့် ဓာတုပစ္စည်းတင်သင်္ဘောတစ်စီးတို့ မတ်၁၀ ရက်က ဝင်တိုက်မိခဲ့ပြီး မီးလောင်မှုများ ဖြစ်ပွားနေကြောင်း သိရသည်။

သင်္ဘောချင်း ဝင်တိုက်ခဲ့ပြီးနောက် သင်္ဘောနှစ်စီးကို ရေယာဉ်ဝန်ထမ်းများက စွန့်ပစ်ခဲ့ရပြီး ၎င်းရေယာဉ်ဝန်ထမ်း ၃၆ ဦးကို ဗြိတိန်ကမ်းခြေစောင့်တပ်ဖွဲ့က ကယ်တင်ပေးခဲ့ရကြောင်း ဗြိတိန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သင်္ဘောနှစ်စီး မီးလောင်ကျွမ်းမှုသည် ယနေ့ထိ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ရာ ၎င်းသင်္ဘောများပေါ်၌ရှိသော လေယာဉ်ဆီများနှင့် ဓာတုပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမည့်အရေးကို ဗြိတိန်တာဝန်ရှိသူများက စိုးရိမ်လျက်ရှိသည်။

သင်္ဘောချင်းဝင်တိုက်မှုဖြစ်စဉ်၌ပါဝင်သည့် စတီနာအင်မာကူလိတ်အမည်ရှိသင်္ဘောမှာ အမေရိကန်စစ်ဘက်အတွက် လေယာဉ်ဆီများသယ်ဆောင်ထားသောသင်္ဘောဖြစ်ပြီး ကျန်သင်္ဘောမှာ ပေါ်တူဂီမှတ်ပုံတင် ဆိုလောင်းအမည်ရှိ ဓာတုပစ္စည်းတင် သင်္ဘောဖြစ်ကြောင်း ဗြိတိန်တာဝန်ရှိသူများက ပြောကြားထားသည်။

ကျောက်ချထားသော စတီနာအင်မာကူလိတ် သင်္ဘောအား ဆိုလောင်း ဓာတုပစ္စည်းတင်သင်္ဘောက ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# မက္ကဆီကို၌ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ ခရီးသည် ၁၂ ဦး သေဆုံးခဲ့ရ

**မက္ကဆီကိုစီးတီး မတ် ၁၁**

မက္ကဆီကိုနိုင်ငံ တောင်ပိုင်း အော်ဆာကာပြည်နယ်၌ ခရီးသည်တင်ဘတ်စကားတစ်စီးလမ်းဘေးသို့ထိုးကျခဲ့ရာ အနည်းဆုံး လူ ၁၂ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါယာဉ်မတော်တဆမှုသည် စန်တိုဒိုမင်ဂိုနာရိုအမည်ရှိ မြို့ငယ်တစ်မြို့အနီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၎င်းခရီးသည်တင်ဘတ်စကားသည်မက္ကဆီကိုတောင်ပိုင်းရှိတီဟွာအန်တီပက်စ်မြို့သို့ ဦးတည်မောင်းနှင်နေစဉ် လမ်းဘေးချောက်ထဲသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကားမတော်တဆမှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည်ဦးရေ ၄၀ အနက် ၁၂ ဦးသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာများရခဲ့ကြောင်း သိရသည်။

ယာဉ်ပေါ်တွင်လိုက်ပါလာကြသည့် ခရီးသည်များသည် မက္ကဆီကိုမြို့တော်၌ ကျင်းပခဲ့သည့် မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိန်းဘောင်း၏ လူထုအစည်းအဝေးပွဲ တက်ရောက်ခဲ့ပြီးနောက် နေရပ်သို့ ပြန်လာသူများ ဖြစ်နိုင်ကြောင်း မက္ကဆီကိုမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်းအကြောင်းရင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များက ယူကရိန်းမောင်းသူမဲ့လေယာဉ် ၃၃၇ စင်းကို ပစ်ချခဲ့

**မော်စကို မတ် ၁၁**

ယနေ့နံနက်ပိုင်းတွင် ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များက ယူကရိန်းမောင်းသူမဲ့လေယာဉ် ၃၃၇ စင်းကို နယ်မြေကြီး ၁၀ ခုတို့၌ ပစ်ချခဲ့ရကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယနေ့ မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုသည် သုံးနှစ်ကျော်ကြာ ယူကရိန်း စစ်ပွဲကာလအတွင်း ယူကရိန်း၏ အကြီးမားဆုံးမောင်းသူမဲ့ လေယာဉ်တိုက်ခိုက်မှုဖြစ်လည်းဖြစ်သည်။

ယူကရိန်း၏ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများကြောင့် လူတစ်ဦးသေဆုံး၍ အများအပြား ဒဏ်ရာရခဲ့ပြီး မီးလောင်မှုများ လည်းဖြစ်ပွားခဲ့သည်။

ယနေ့တိုက်ခိုက်မှုတွင် ယူကရိန်းနိုင်ငံသည် မော်စကိုမြို့ဆီသို့ မောင်းသူမဲ့လေယာဉ် အနည်းဆုံး ၉၁ စင်း စေလွှတ်တိုက်ခိုက်ခဲ့ကြောင်း မော်စကိုမြို့တော်ဝန် ဆာဂေးဆိုဗျာနင်က ပြောကြားခဲ့သည်။

ယူကရိန်းတပ်များကို ရုရှားတပ်များက ဖြတ်တောက်ပိတ်ဆို့ထားသည့် ရုရှားအနောက်ပိုင်းခါ့ချ်နယ်မြေကို တိုက်ခိုက်ရာတွင် မောင်းသူမဲ့လေယာဉ် ၁၂၉ စင်းထိ အသုံးပြုခဲ့ကြောင်း သိရသည်။

ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များအနေဖြင့် ယနေ့တွင် မော်စကိုအပါအဝင် နယ်မြေကြီး ၁၀ ခုတို့၌ ယူကရိန်းမောင်းသူမဲ့လေယာဉ် ၃၃၇ စင်းကို ပစ်ချနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက တီဂျေအက်စ်-၁၅ နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့



ပေကျင်း မတ် ၁၁

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် တီဂျေအက်စ်-၁၅ အမည်ရှိ နည်းပညာစမ်းသပ် ဂြိုဟ်တုတစ်စင်းကို မတ် ၉ ရက်က လွှတ်တင်ခဲ့ကြောင်း မတ် ၁၀ ရက် သတင်းများအရ သိရသည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် တီဂျေအက်စ်-၁၅ ဂြိုဟ်တုကို လောင်းမတ်ချ်-၃ ဘီ ဒုံးပျံဖြင့် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ရှိချန်းအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံသည် တီဂျေအက်စ်-၁၅ ဂြိုဟ်တုကို သက်ဆိုင်ရာ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသည် တီဂျေအက်စ်ဂြိုဟ်တုများကို ၂၀၁၅ ခုနှစ်ကပင် စတင်လွှတ်တင်ခဲ့ရာ ယခုဆိုလျှင် တီဂျေအက်စ်ဂြိုဟ်တုပေါင်း ၁၄ စင်းထိ လွှတ်တင်ထားပြီးဖြစ်သည်။

သို့ရာတွင် တီဂျေအက်စ်ဂြိုဟ်တုများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ လျှို့ဝှက်ထားဆဲဖြစ်သည်။

တီဂျေအက်စ်ဂြိုဟ်တုများကို မြန်နှုန်းမြင့် ဆက်သွယ်ရေးနည်းပညာ စမ်းသပ်ဂြိုဟ်တုများအဖြစ်သာ တရုတ်အမျိုးသား အာကာသ အေဂျင်စီကကြေညာထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## လကမ္ဘာက ကမ္ဘာဂြိုဟ်ကဲ့သို့ပင် အမာထည်အတွင်းဝတ်ဆံလုံးတစ်လုံး ပိုင်ဆိုင်ထား

ပဲရစ် မတ် ၁၁


လကမ္ဘာသည်လည်း ကမ္ဘာဂြိုဟ်ကဲ့သို့ပင် အမာထည်အတွင်း ဝတ်ဆံလုံးတစ်လုံး ပိုင်ဆိုင်ထားကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ မတ် ၁၀ ရက် သတင်းများအရ သိရသည်။

လကမ္ဘာတွင်လည်း ကမ္ဘာဂြိုဟ်ကဲ့သို့ပင် အတွင်းဝတ်ဆံလုံး ပိုင်ဆိုင်ထားကြောင်း ပြင်သစ်အမျိုးသား သုတေသနဌာနမှ သိပ္ပံပညာရှင်များက အတည်ပြုခဲ့ကြခြင်းဖြစ်သည်။

လကမ္ဘာ၏အတွင်းဝတ်ဆံလုံးကို သံသတ္တုဖြင့်ဖွဲ့စည်းထားပြီး သိပ်သည်းဆမှာ တစ်ကုဗမီတာလျှင် ၇,၈၂၂ ကီလိုဂရမ်ထိရှိကြောင်း ပြင်သစ် သိပ္ပံပညာရှင်များက ပြောကြားသည်။

လကမ္ဘာအနေဖြင့် ကမ္ဘာဂြိုဟ်ကဲ့သို့ပင် အတွင်းဝတ်ဆံလုံးပိုင်ဆိုင်ထားခြင်း ရှိ မရှိမှာ သိပ္ပံပညာရှင်များကြား နှစ်ပေါင်းများစွာ ဝိဝါဒကွဲပြားခဲ့ရသည့် ကိစ္စဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ပြင်သစ်သိပ္ပံပညာရှင်များ၏ အဆိုအရ လကမ္ဘာသည် အချင်းဝက် မိုင် ၁၆၀ ထိရှိသည့် အတွင်းဝတ်ဆံလုံးကို ပိုင်ဆိုင်ထားကြောင်း သိရသည်။



လ၏အတွင်းဝတ်ဆံလုံးကို ထုအားဖြင့် ၂၂၅ မိုင်ရှိသော သတ္တုရည်ပူ အလွှာတစ်ခုက ဖုံးလွှမ်းထားရာ ကမ္ဘာမြေ၏ အတွင်းဝတ်ဆံလုံး ဖွဲ့စည်းပုံနှင့်တူသည်ဟု ပြင်သစ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။


Ref : Sputnik News

Trs : KKO

## မီဂါလိုဒန်ငါးမန်းများ၏အရွယ်အစားမှာ မူလထင်မြင်ထားကြသည်ထက် များစွာကြီးမား

ဝါရှင်တန် မတ် ၁၁

လွန်ခဲ့သောနှစ်ပေါင်း ၁၅ သန်းခန့်က ကမ္ဘာ့သမုဒ္ဒရာရေပြင်များအတွင်း ရှင်သန်ခဲ့ကြဖူးသော မီဂါလိုဒန်(Megalodon) ခေါ်ငါးမန်းများ၏ အရွယ်အစားမှာ မူလထင်မြင်ထားကြသည်ထက် များစွာကြီးမားကြောင်း မတ် ၁၀ ရက် သတင်းများအရ သိရသည်။



အမေရိကန်နိုင်ငံ ဒီပေါလ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် မီဂါလိုဒန် ငါးမန်းများ၏ ကျောက်ဖြစ်ရုပ်ကြွင်းအစိတ်အပိုင်းများကို အသေးစိတ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ မီဂါလိုဒန် ငါးမန်းများ၏ ကိုယ်ခန္ဓာအရွယ်အစားမှာ ယခင်တွေးထင်ထားသည်ထက်ပိုရှည်လျားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ တွေ့ရှိချက်အရ မီဂါလိုဒန်ငါးမန်းများ၏ကိုယ်ထည်အလျားမှာ ပေ ၈၀ ထိရှိကြောင်း သိရသည်။

ရှေးယခင်ကမူ မီဂါလိုဒန်ငါးမန်းများ၏ ကိုယ်ခန္ဓာအလျားမှာ ၆၅ ပေထိရှိနိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆခဲ့ကြကြောင်း သိရသည်။

မီဂါလိုဒန် ငါးမန်းများသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅ သန်းနှင့် ၃ သန်းကြားကာလအတွင်း ကမ္ဘာ့သမုဒ္ဒရာရေပြင်များကို စိုးမိုးခဲ့ကြသည့် သက်ရှိများဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ဓမ္မတာကုန်ဆုံးချိန်၌ ရောဂါလက္ခဏာ အများအပြားခံစားရသူများ အသက်ရလာချိန်တွင် Dementia ဖြစ်နိုင်ခြေမြင့်မားနိုင်

နယူးယောက် မတ် ၁၁

ဓမ္မတာကုန်ဆုံးချိန်တွင် ရောဂါလက္ခဏာ အများအပြား ခံစားကြရသည့် အမျိုးသမီးများသည် နောင် အသက်ရလာချိန်တွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia)ဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း မတ် ၁၀ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လ်ဂါရီ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာချက်အရ ဓမ္မတာကုန်ဆုံးချိန်၌ ရောဂါလက္ခဏာ အများအပြားခံစားကြရသည့်အမျိုးသမီးများ၌ အသက်ရလာချိန်တွင် မှတ်ဉာဏ်နှင့်တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်များ ကျဆင်းလာတတ်ကြောင်း သိရသည်။

ဓမ္မတာကုန်ဆုံးချိန် ကာလ ရောဂါလက္ခဏာများနှင့် Dementia ဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုမှာ ဓမ္မတာကုန်ဆုံးချိန်၌ အက်စထရိုဂျင်ဟော်မုန်းများ ကျဆင်းမှုဖြစ်နိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဓမ္မတာကုန်ဆုံးချိန်တွင် အမျိုးသမီးများအနေဖြင့် ချမ်းစိမ့်ခြင်း၊ ညပိုင်းချွေးထွက်ခြင်း၊ အိပ်မရနိုင်ခြင်း၊ စိတ်အခြေအနေ ပြောင်းလဲလာခြင်း စသည့်ရောဂါလက္ခဏာ အမျိုးမျိုး ရင်ဆိုင်ရတတ်ကြောင်း၊ သုတေသန ပညာရှင်များသည် ဓမ္မတာကုန်လွန်ပြီးသည့် အမျိုးသမီး ၈၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကိုလေ့လာပြီး နောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

Ref : Sputnik News

Trs : KKO

## မျက်ကြည်လွှာထိခိုက်ပျက်စီးမှုကို ပင်မဆဲလ်ကုထုံးသစ်ဖြင့် ကုသပေးနိုင်ဖွယ်ရှိ

နယူးယောက် မတ် ၁၁

အမြင်အာရုံ ထိခိုက်သွားနိုင်သည့် မျက်ကြည်လွှာ ထိခိုက်ပျက်စီးမှုများကို ပင်မဆဲလ်ကုထုံးသစ်တစ်မျိုးဖြင့် ကုသပေးနိုင်ဖွယ်ရှိကြောင်း မတ် ၁၀ ရက်သတင်းများအရ သိရသည်။

ထိခိုက်ဒဏ်ရာကြောင့်သို့မဟုတ် ရောဂါတစ်မျိုးမျိုးကြောင့် ဆဲလ်သစ်များ မွေးဖွားနိုင်စွမ်းပျက်စီးချိန်တွင် မျက်ကြည်လွှာသည်လည်း ပြန်လည်ကုသ၍ မရနိုင်လောက်အောင် ပျက်စီးသွားတတ်သည်။

သို့ရာတွင် CALEC အမည်ရှိ စမ်းသပ်ဆဲ ပင်မဆဲလ်ကုထုံးတစ်မျိုးသည် မျက်ကြည်လွှာ ပျက်စီးမှုများကို ပြန်လည်ကုသပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

CALEC ပင်မဆဲလ်ကုထုံးသည် ကျန်းမာသည့်မျက်လုံးမှ ရယူထားသည့် ပင်မဆဲလ်ကို အသုံးပြု၍ မျက်ကြည်လွှာကို ပြန်လည်ပြုပြင်ပေးသည့် ကုထုံးဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် CALEC ကုထုံးကို မျက်ကြည်လွှာပျက်စီးနေသူ လူနာ ၁၄ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်ကုသခဲ့ရာ ရလဒ်ကောင်းများပေါ်ထွက်ခဲ့ပြီး လူနာများအတွက်လည်း ဘေးကင်းလုံခြုံမှုရှိကြောင်း ဖော်ထုတ်တွေ့ရှိထားသည်။

CALEC ကုထုံးသည် စမ်းသပ်မှုတွင်ပါဝင်သည့် လူနာများအနက် တစ်ဝက်ကျော်တို့၏ ပျက်စီးနေသော မျက်ကြည်လွှာများကို ပြန်လည်ထိန်းသိမ်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






# မန်စီးတီးအမျိုးသမီးအသင်းက လိဂ်ဖလား ဗိုလ်လုပွဲမတိုင်မီ နည်းပြဖြစ်သူကို ရာထူးမှထုတ်ပယ်

**မန်ချက်စတာ မတ် ၁၁**

မန်စီးတီး အမျိုးသမီးအသင်းသည် လိဂ်ဖလားဗိုလ်လုပွဲစဉ်တွင် ချဲလ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ပြိုင်ပွဲမတိုင်မီ အသင်းနည်းပြ တေလာကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

အသက် ၅၂ နှစ်ရှိ နည်းပြတေလာသည် အက်အေဖလားကွာတားဖိုင်နယ်အဆင့်တွင် အေဗီလာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ဆီမီးဖိုင်နယ်အဆင့်တွင် မန်ယူအသင်းနှင့် တွေ့ဆုံနေသော်လည်း ပြိုင်ပွဲအပြီး တစ်ရက်အကြာတွင် အသင်းတာဝန်ရှိသူများက ၎င်းကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီး အမျိုးသမီးအသင်း အနေဖြင့် လက်ရှိ အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၄) နေရာသို့ ရောက်ရှိနေပြီး အဆင့်(၃)မှ အာဆင်နယ်အသင်းနှင့် တစ်ပွဲလျော့ တစ်မှတ်သာကွာဟနေသော်လည်း အဆင့်(၁)မှ လက်ရှိချန်ပီယံ ချဲလ်ဆီးအသင်းနှင့် ရမှတ် ၁၂ မှတ်ထိ ဖြတ်တောက်ခံရသောကြောင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန်မဖြစ်နိုင်တော့ဘဲ နည်းပြတေလာအနေဖြင့် အသင်းမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

နည်းပြ တေလာသည် မန်စီးတီး အမျိုးသမီးအသင်းကို ၂၀၂၀ ပြည့်နှစ်က စတင်တာဝန်ယူခဲ့ကာ ယခုနှစ် အက်ဖ်အေဖလားပြိုင်ပွဲတွင် အသင်းကို ဆီမီးဖိုင်နယ်အဆင့်သို့ ပို့ဆောင်နိုင်ခဲ့သည့်အပြင် ၂၀၂၂ ခုနှစ်တွင်လည်း လိဂ်ဖလားချန်ပီယံဆုကို ရယူပေးနိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ချန်ပီယံဆုရရှိရန် နီးစပ်ခဲ့သော်လည်း ချဲလ်ဆီးအမျိုးသမီးအသင်းကို ဂိုးကွာခြားချက်ကြောင့် ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရပြီး ဆုဖလားနှင့် ဝေးကွာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- ❑ မန်ယူအသင်းက ကွင်းလယ်ကစားသမား မိုင်နူးကို အဆောတလျင်ရောင်းချရန် ဆန္ဒမရှိသဖြင့် ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးမှုများ ထပ်မံပြုလုပ်နေကြောင်း သိရသည်။
- ❑ ပီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား ဘာကိုလာကို ခေါ်ယူရန်ကြိုးပမ်းနေကြောင်း မန်စီးတီးအသင်းက တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ ဖူလ်ဟမ်အသင်း တိုက်စစ်မှူး ရော်ဘင်ဆင်က အသင်းပြောင်းရွှေ့မည့်သတင်းများကို ငြင်းပယ်ခဲ့ပြီး ၎င်းအနေဖြင့် ဖူလ်ဟမ်အသင်းနှင့်အတူ ဥရောပပြိုင်ပွဲကစားရန် ဆုံးဖြတ်ထားသောကြောင့် အသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# ပရိသတ်ဦးရေ ၁၀၀၀၀၀ ဝင်ဆံ့သည့် ကွင်းသစ်တည်ဆောက်ရန် မန်ယူအသင်း ထုတ်ပြန်ကြေညာ



**မန်ချက်စတာ မတ် ၁၁**

မန်ယူအသင်းသည် ပရိသတ်ဦးရေ ၁၀၀၀၀၀ ဝင်ဆံ့သည့် ကစားကွင်းသစ် တည်ဆောက်ရန် စီစဉ်နေပြီး အဆိုပါကစားကွင်းအတွက် အသုံးစရိတ် စတာလင်ပေါင် နှစ်ဘီလီယံထိ သုံးစွဲသွားမည်ဖြစ်ကာ တည်ဆောက်ပြီးစီးပါက အင်္ဂလန်တွင် အကြီးဆုံးကစားကွင်း ဖြစ်လာမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အသင်း၏ ပူးတွဲပိုင်ရှင်သစ် ရက်ကလစ်သည် ဝင်ဘာလေကွင်း၏ မြောက်ဘက်ဧရိယာတွင် အင်္ဂလန်နိုင်ငံ၏ အကြီးဆုံးကစားကွင်းတစ်ကွင်း တည်ဆောက်ရန် ဆန္ဒရှိခဲ့ပြီး ပြီးခဲ့သည့် ဇန်နဝါရီလက ကစားကွင်းသစ်တည်ဆောက်ရေးအတွက် အစိုးရအဖွဲ့သို့ တင်ပြထားခဲ့ကာ ယခုအခါ အိုးထရက်ဖို့ဒ်ကွင်းအနီးဝန်းကျင်တွင် ကွင်းသစ်တည်ဆောက်ရန် ခွင့်ပြုချက်ရရှိခဲ့သောကြောင့် တရားဝင်ကြေညာခဲ့ကြောင်း သိရသည်။

အိုးထရက်ဖို့ဒ် ကွင်းသစ်စီမံကိန်းတွင် ထရက်ဖို့ဒ်ပန်းခြံလည်း ပါဝင်မည်ဖြစ်ကာ အဆိုပါပန်းခြံသည် သယ်ယူပို့ဆောင်ရေး အဓိကအချက်အခြာနေရာဖြစ်လာမည်ဖြစ်ပြီး အားကစားနှင့်ဆိုင်သည့်အဆောက်အအုံများ၊ ဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများ၊ လူနေ အဆောက်အအုံများ၊ ပညာရေးဆိုင်ရာ အဆောက်အအုံများလည်း တည်ဆောက်သွားမည်ဖြစ်သည်။

ဗြိတိန် ဘဏ္ဍာရေးဝန်ကြီး ရေချယ်ရိစ်က မန်ယူအသင်း၏ ကွင်းသစ်စီမံကိန်းသည် တိုးတက်မှုရှိသည့် စီမံကိန်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး အဆိုပါစီမံကိန်း တည်ဆောက်ရာတွင် အလုပ်အကိုင်အခွင့်အလမ်း ၉၀၀၀၀ ကျော် ဖန်တီးပေးနိုင်မည့်အပြင် ထရက်ဖို့ဒ် ပန်းခြံစီမံကိန်းမှ ၇ ဒသမ ၃ ဘီလီယံ တန်ဖိုးရှိသည့် ဝင်ငွေရရှိမည်ဖြစ်သဖြင့် အင်္ဂလန်နိုင်ငံ၏ စီးပွားရေးကဏ္ဍကိုလည်း မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

မန်ယူအသင်း ကွင်းသစ်စီမံကိန်းအတွက် အသင်းပိုင်ရှင် ရက်ကလစ်၊ အသင်းကစားသမားဟောင်း ဂယ်ရီနဗီးလ်၊ မန်ချက်စတာမြို့တော်ဝန် ဘန်ဟမ်းနှင့် ထရက်ဖို့ဒ်ကောင်စီခေါင်းဆောင် ဆာရာတော့တို့ပူးပေါင်းကြိုးပမ်းခဲ့ကြောင်း သိရသည်။

**Ref : Sky sports**
**Trs : ML**

# The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စကော့တီရှက်ဖလာ၊ မက်အီလ်ရွိုင်းနှင့် ရှောင်ဖီလီတို့ ပါဝင်ယှဉ်ပြိုင်မည်

**ဖလော်ရီဒါ မတ် ၁၁**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပသွားမည့် The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာ၊ ကမ္ဘာ့အဆင့်(၂) ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းနှင့် ကမ္ဘာ့အဆင့်(၃)နေရာတွင် ရပ်တည်နေသည့် ရှောင်ဖီလီတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



မတ်လ ၁၃ ရက်တွင် စတင်ကျင်းပမည့် The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲမတိုင်မီ ကျင်းပသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး ယင်းအတွက် ကမ္ဘာ့အဆင့် ကစားသမားအမြောက်အများလည်း The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ The Masters ဂေါက်သီးရိုက် ပြိုင်ပွဲအတွက် ပြင်ဆင်ပြီးဖြစ်သကဲ့သို့ The Players Championship ပြိုင်ပွဲသည် ဂေါက်သီးရိုက်လောကတွင် အရှိန်အဝါရှိသည့် ပြိုင်ပွဲတစ်ရပ်လည်း ဖြစ်သည်။

The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၂၅ သန်းသတ်မှတ်ထားပြီး ချန်ပီယံဆုဆွတ်ခူးနိုင်မည့် ကစားသမားအနေဖြင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းအထိ ခံစားခွင့်ရမည်လည်းဖြစ်သည်။

The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီက “ဒီနှစ် The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ကမ္ဘာ့အဆင့်(၁)ကနေ (၃)အတွင်း ရပ်တည်နေတဲ့ ကစားသမားသုံးဦး ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ မဲခွဲမှုရလဒ်အရလည်း သုံးဦးစလုံးက Tee Time တစ်ချိန်တည်းဖြစ်နေပါတယ်”ဟု Tee Time ဇယားနှင့်တကွ ပူးတွဲထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# Indian Wells တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ အယ်ကာရက်ဇ် တက်ရောက်

**အင်ဒီးယန်းဝဲလ်စ် မတ် ၁၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်စ်မြို့တွင် ကျင်းပနေသည့် Indian Wells တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ကနေဒါတင်းနစ်ကစားသမား ရှာပိုဗာလော့ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၂၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ပုံစံကောင်းရနေသလို ၂၀၂၅ ခုနှစ်အတွင်း ပုံစံကောင်းများပြသနေသည့် ရှာပိုဗာလော့ဖ်အား ပြတ်သားသောရလဒ်များဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် Indian Wells တင်းနစ်ပြိုင်ပွဲ၌ ချန်ပီယံဆုကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးရရှိထားသူဖြစ်ရာ ချန်ပီယံဆုအား သုံးကြိမ်ဆက်တိုက် ဆွတ်ခူးရရှိသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်နိုင်ရေးကိုလည်း ပစ်မှတ်ထားလျက်ရှိသည်။

အယ်ကာရက်ဇ်က “နှစ်စကတည်းက ကျွန်တော့်အနေနဲ့ အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သလို ပုံစံကောင်းတွေလည်း ပြသနိုင်ခဲ့တယ်။ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ဟာ မနှစ်ကထက် တိုးတက်လာတယ်လို့လည်း ခံစားမိတယ်။ နှစ်နှစ်ဆက်တိုက် ချန်ပီယံဖြစ်ခွင့်ရထားသလို လက်ရှိချန်ပီယံ တစ်ယောက်အနေနဲ့ ယှဉ်ပြိုင်ခွင့် ရနေတာကိုလည်း ဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်သည် စတုတ္ထအဆင့်တွင် ဘူလ်ဂေးရီးယားတင်းနစ် ကစားသမား ဒီမီထရော့ဖ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# မြားပစ်အားကစားသမားများ၏ လက်ရည်ဆန်းစစ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၁၁**

၃၃ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် (Gold Camp)နှင့် (Youth Camp)တို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြားပစ်အားကစားသမားများ၏ လက်ရည်ဆန်းစစ် မြားပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ မြားပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး Recurve တစ်ဦးချင်း ရှုံးထွက်ပွဲစဉ်များအပြီးတွင် ပြည့်စုံနှင်းက ပထမ၊ ကောင်းခန့်မော်က ဒုတိယနှင့် သီဟထက်ဇော်က တတိယ၊ Compound တစ်ဦးချင်း ရှုံးထွက်ပွဲစဉ်များအပြီးတွင် ဇင်သူရိန်မှူးက ပထမ၊ အောင်ကိုဦးက ဒုတိယနှင့် စုစုလှိုင်က တတိယတို့ အသီးသီးရရှိခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ အတိုးတက်ဆုံး အားကစားသမားဆုရရှိခဲ့ကြသည့် ပြည့်စုံနှင်း(Gold Camp)နှင့် ချိုချိုဇင်(Youth Camp)၊ Recurve/Compound တစ်ဦးချင်း ရှုံးထွက်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက မြားပစ်အားကစားနည်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။ STA

# MFF U-19/ U16 Futsal Youth League 2025 ပြိုင်ပွဲများ ပွဲစဉ်ရေးဆွဲ

**ရန်ကုန် မတ် ၁၁**

Media Partnership Signing Ceremony နှင့် MFF U–19/ U16 Futsal Youth League 2025 ပြိုင်ပွဲများ ပွဲစဉ်ရေးဆွဲခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက သုဝဏ္ဏကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ ဖူဆယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်း၊ ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ ဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ HTV မှ CEO ဦးဇေယျာမင်း၊ COO ဦးဝေယံလင်းနိုင်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ ဖူဆယ်လိဂ် ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းနှင့် HTV မှ CEO ဦးဇေယျာမင်း၊ COO ဦးဝေယံလင်းနိုင်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြပြီး Media partnership စာချုပ်တွင် လက်မှတ်များရေးထိုးကာ ပွဲစဉ်မဲခွဲပွဲကို ကျင်းပခဲ့သည်။

MFF U–19 Futsal Youth League 2025 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် မတ် ၂၄ ရက်မှ စက်တင်ဘာ ၂၀ ရက်ထိလည်းကောင်း၊ MFF U–19 Futsal Youth League 2025 ပြိုင်ပွဲကိုလည်း ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် မတ် ၂၃ ရက်မှ စက်တင်ဘာ ၂၁ ရက်ထိလည်းကောင်း အပတ်စဉ် တနင်္ဂနွေနေ့များတွင် ရန်ကုန်မြို့ရှိ တောင်ဒဂုံ ဖူဆယ်အားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# အေအက်ဖ်စီ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ အယ်နာဆာအသင်း တက်ရောက်



**ရီယာ့ဒ် မတ် ၁၁**

အေအက်ဖ်စီ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့တွင် အယ်နာဆာအသင်းက တိုက်စစ်မှူး စီရော်နယ်ဒို၊ ဒူရန်တို့၏ သွင်းဂိုးများဖြင့် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

နည်းပြ ပိုင်အိုလီ၏ အယ်နာဆာအသင်းသည် အီရန်ကလပ် အက်စတီလယ်အသင်းကို ပထမအကျော့ အဝေးကွင်းပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ်သာ ကစားနိုင်ခဲ့ပြီး ဒုတိယအကျော့ဖြစ်သည့် ယခုပွဲစဉ်တွင် ပွဲစကတည်းက တိုက်စစ်ဆင် ဖိအားပေးနိုင်ခဲ့ရာ ပွဲချိန် ၉ မိနစ်တွင် ဒူရန်၊ ပွဲချိန် ၂၇ မိနစ်တွင် စီရော်နယ်ဒိုတို့က ဦးဆောင်ဂိုးများ သွင်းယူခဲ့သည့်အပြင် ပွဲချိန် ၄၅ မိနစ်တွင် အက်စတီလယ် ကစားသမား အာမာဒီ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရပြီး ပထမပိုင်းကို နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အက်စတီလယ်အသင်းက လူစားလဲမှုများပြုလုပ်၍ ချေပဂိုးရရှိရန် အစွမ်းကုန်ကြိုးပမ်းခဲ့သော်လည်း တစ်ယောက်လျော့အခြေအနေကြောင့် အယ်နာဆာအသင်း တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ဘဲ ပွဲချိန် ၈၄ မိနစ်တွင် ဒူရန်က တတိယဂိုး သွင်းယူနိုင်ခဲ့ပြီး သုံးဂိုးပြတ်ဖြင့် အနိုင်ယူ၍ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့သည့် စီရော်နယ်ဒိုသည် ကစားသမားဘဝ သွင်းဂိုး ၉၂၇ ဂိုးထိရှိခဲ့ပြီး ကစားသမားဘဝတွင် ပေါ်တူဂီအသင်းအတွက် ၄၆၃ ဂိုး၊ စပိန်တင်းလစ္စဘွန်း၊ မန်ယူအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် အယ်နာဆာအသင်းတို့တွင် ၄၆၄ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# WBA(Super) ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း ကိတ်သာမန်းက ဩစတြေးလျလက်ဝှေ့သမား ဂျာဗစ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်

**နယူးယောက် မတ် ၁၁**

လက်ဝှေ့လောကမှ သုံးနှစ်ကြာ အနားယူခဲ့သည့် WBA (Super) ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း အမေရိကန်လက်ဝှေ့သမား ကိတ်သာမန်းသည် လက်ဝှေ့လောကသို့ပြန်လည်ဝင်ရောက်လာခဲ့ပြီး မတ် ၁၃ ရက်တွင် ဩစတြေးလျလက်ဝှေ့သမား ဂျာဗစ်နှင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ထိုးသတ်သွားမည်ဖြစ်ကြောင်း ကိတ်သာမန်းက ပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ကိတ်သာမန်းသည် မတူညီသောဝိတ်တန်း ရှစ်ခုတွင် ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့ဖူးသည့် ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွီအိုင်၏ ပြိုင်ဘက်ဟောင်းတစ်ဦးဖြစ်သကဲ့သို့ ၂၀၁၉ ခုနှစ် ဇူလိုင်၂၀ ရက်တွင် ပက်ကွီအိုအား ရှုံးနိမ့်ကာ WBA (Super) ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဘွဲ့ကို စွန့်လွှတ်ခဲ့ရပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် အမေရိကန်လက်ဝှေ့သမား မာရီယိုအား အနိုင်ထိုးသတ်ခဲ့ပြီးနောက် လက်ဝှေ့လောကမှ အနားယူခဲ့သူဖြစ်သည်။

ကိတ်သာမန်းက "ကျွန်တော် လက်ဝှေ့လောကထဲ ပြန်ဝင်လာတာ ဂျာဗစ်နဲ့ထိုးသတ်သွားဖို့ ရည်ရွယ်ချက်လို့ ခင်ဗျားတို့ထင်နေရင်တော့ မှားသွားပါလိမ့်မယ်။ တင်မ်တီဇူနဲ့ ထိုးသတ်ခွင့်ပြုမယ်လို့ ကမ်းလှမ်းလာလို့ လက်ဝှေ့လောကထဲ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ တင်မ်တီဇူနဲ့ ထိုးသတ်မဲ့ပွဲစဉ် မတိုင်မီ စိန်ခေါ်ပွဲတစ်ပွဲထိုးသတ်ရမယ်လို့ ကမ်းလှမ်းချက်မှာပါနေတဲ့အတွက် ဂျာဗစ်နဲ့ အရင်ထိုးသတ်သွားမှာဖြစ်ပါတယ်။ ကျွန်တော် လက်ဝှေ့လောကထဲပြန်ဝင်လာတာ ဂျာဗစ်အတွက်မဟုတ်ပါဘူး။ တင်မ်တီဇူအတွက်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ပေါ့ဂ်ဘာ အင်တာမီယာမီအသင်းနှင့် စာချုပ်ချုပ်ဆိုဖွယ်ရှိ

**မီယာမီ မတ် ၁၁**

တားမြစ်ဆေးသုံးစွဲသည့် အမှုဖြင့် ကာလရှည် ပွဲပယ်ပြစ်ဒဏ်ကျခံနေရသည့် ပေါ့ဂ်ဘာသည် ပွဲပယ်ပြစ်ဒဏ်မှ ကင်းလွတ်ခဲ့ပြီးနောက် အင်တာမီယာမီအသင်းနှင့် စာချုပ်ချုပ်ဆိုရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

အသက် ၃၁ နှစ်ရှိ ပေါ့ဂ်ဘာသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က မန်ယူအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အသင်းဟောင်း ဂျူဗင်တပ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားခဲ့သော်လည်း ဂျူဗင်တပ်အသင်းနှင့် ပထမဆုံး ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် ပွဲစဉ်အနည်းငယ်သာ ကစားခဲ့ရပြီး ကာလရှည် အနားယူခဲ့ရသကဲ့သို့ တားမြစ်ဆေးသုံးစွဲခဲ့သည့်အမှုနှင့် ရင်ဆိုင်ခဲ့ရကာ လေးနှစ်ထိ ကာလရှည်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။

ပေါ့ဂ်ဘာအနေဖြင့် လေးနှစ်ပွဲပယ်ပြစ်ဒဏ်အတွက် အယူခံဝင်ရောက်ခဲ့ရာတွင အယူခံအောင်မြင်ခဲ့ပြီး လေးနှစ်ပွဲပယ်ပြစ်ဒဏ်မှ ၁၈ လပွဲပယ်ပြစ်ဒဏ် ပြောင်းလဲချမှတ်ခံခဲ့ရပြီးနောက် ယနေ့တွင် ကာလရှည် ပွဲပယ်ပြစ်ဒဏ် ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ပေါ့ဂ်ဘာသည် ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံနေရသည့် ကာလတွင် ဂျူဗင်တပ်အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက် လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေပြီး လက်ရှိတွင် အမေရိကန်နိုင်ငံ မီယာမီမြို့တွင် လေ့ကျင့်မှုများ စတင်လုပ်ဆောင်နေပြီး မကြာမီ ဒေးဗစ်ဘက်ခမ်း ပူးတွဲပိုင်ဆိုင်သည့် မက်ဆီ၊ အယ်လ်ဘာ၊ ဆွာရက်၊ ဘတ်စကွက်တို့ကစားနေသည့် အင်တာမီယာမီအသင်းနှင့် စာချုပ်ချုပ်ဆိုပြီး ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်လာဖွယ်ရှိကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA





# ခိုင်မာသောယုံကြည်ချက်နှင့်အတူ

ပြည်စိုးညီမင်း


နှစ်နိုင်ငံ အရေးအတွက်
အလေးအနက် ဆွေးနွေးကာ၊
အကျိုးတူ လုပ်ငန်းများ
တိုးပွားဖို့ပါ၊
ကြွယ်ဝတဲ့ နည်းပညာ
မျှဝေကာ ဖြည့်ဆည်း။
ရွှေလမ်းမှာ ငွေလမ်းဆင့်လို့
လမ်းဖွင့်သည်တည်း။

မြန်မာနှင့် ရုရှားနိုင်ငံ၏ မိတ်ဆွေရင်းချာဆက်ဆံရေးမှာ ၁၉၄၈ ခုနှစ်ကတည်းကပင် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် မြန်မာ-ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးစတင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ မြန်မာ-ရုရှား ဆက်ဆံရေးမှာ ၇၇ နှစ်ကိုပင် ကျော်လွန်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် နယ်မြေအကြီးမားအကျယ်ပြန့်ဆုံးနိုင်ငံတစ်ခုဖြစ်သလို ဩဇာအကြီးမားဆုံးနိုင်ငံတစ်ခုလည်းဖြစ်သည်။ လက်ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တာဝန်ယူထားသည့်ကာလများအတွင်း ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ပိုမိုတိုးတက်ရောက်ရှိလာသည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ်လ ၃ ရက် ဒေသစံတော်ချိန် ညနေပိုင်းမှစတင်၍ မော်စကိုမြို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေခြင်းဖြစ်သည်။

ခရီးစဉ်၏ ဒုတိယနေ့တွင် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ဖြင့် တစ်နေ့တာလုံး အချိန်ကို အကျိုးရှိစွာကုန်ဆုံးစေခဲ့သည်။



ဒေသစံတော်ချိန် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးရန် လုံခြုံရေးယာဉ်တန်းခြံရံထားသော အထူးယာဉ်တန်းဖြင့် ကရင်မလင်နန်းတော်သို့ ထွက်ခွာခဲ့သည်။

ကရင်မလင်သည် ကမ္ဘာပေါ်တွင် ထင်ရှားသော အရပ်ဌာနေတစ်ခုဖြစ်သည်။ နိုင်ငံတော်အာဏာအရပ်ရပ်တို့ တည်ရာအဖြစ် အမေရိကန်၌ "အိမ်ဖြူတော်" အား နာမ်စားသုံးစွဲသကဲ့သို့ ရုရှားနိုင်ငံအတွက် "ကရင်မလင်" ကို ကိုယ်စားပြုသုံးစွဲလေ့ရှိသည်။

ကရင်မလင်မှာ မော်စကိုမြို့ကို ရည်ညွှန်းပြီး မြို့တော်ကြီးဟုအဓိပ္ပာယ်ရသည်။ မော်စကိုမှာ သမိုင်းဝင်မြို့တစ်မြို့ဖြစ်၍ မြို့ဟောင်းနေရာမှာ ၁၈၁၂ ခုနှစ်က နပိုလီယံတပ်များ ဝင်ရောက်ဖျက်ဆီးရာမှ ကြွင်းကျန်ခဲ့ခြင်းဖြစ်သည်။ ကရင်မလင်ရပ်ကွက်တွင် ရှေးဘုရင်တို့၏ နန်းတော်ဆောင်များနှင့် ရွှေရောင်ပေါင်းမိုးဘုံအဆင့်များ တပ်ဆင်ထားသည့် ၁၅ ရာစု၊ ၁၆ ရာစု ဗိသုကာလက်ရာဝတ်ကျောင်းကြီးများရှိသည်။

ကရင်မလင်နှင့် တွဲလျက်တည်ရှိသော ရင်ပြင်နီ (Red Square) ကို မော်စကို၏ အသည်းနှလုံးဟုပင် တင်စားခေါ်ဝေါ်ကြသည်။ ရာဇဝင်တွင်မည့် ကြီးမားသော အဖြစ်အပျက်ကြီးများ၊ သမိုင်းအလှည့် အပြောင်းများမှာ သည်ရင်ပြင်နီပေါ်တွင် ဖြတ်သန်းစီးဆင်းခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက အိမ်ရှင်၏ကြိုလင့်မှုဖြင့်စောင့်စား ၍ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။ ခေါင်းဆောင်နှစ်ဦး၏တွေ့ဆုံနှုတ်ဆက်မှုမှာ ဖက်လဲတကင်းရှိလှသည်။ ရင်းချာသောအသွင်ရှိ၍ လေးနက်သော အဓိပ္ပာယ်ကိုဆောင်သည်။ တစ်ခဏသော လက်ဆွဲနှုတ်ဆက်မှုတွင် အဓိပ္ပာယ်များစွာပါ၍ ခေါင်းဆောင်နှစ်ဦး၏အပြုံးမှာ အသက်ဝင်လွန်းလှသည်။ စီမံခန့်ခွဲနေရသည့် ခေါင်းဆောင်နှစ်ဦး၏ ယုံကြည်ချက်၊ ခံယူချက်နှင့် ကြိုးပမ်းချက်များကို



တင်းတင်း ဆွဲကိုင်လိုက်ကြသော လက်အစုံတွင် တွေ့မြင်နိုင်သည်။

အိမ်ရှင်နှင့် ဧည့်ကောင်းဆောင်ကောင်း ခေါင်းဆောင်နှစ်ဦးတို့၏သီးခြားတွေ့ဆုံဆွေးနွေးမှုသည် မကြာမီကာလတွင် စတင်တော့မည်ဖြစ်သည်။

အိမ်ရှင်နိုင်ငံ့ခေါင်းဆောင်၏ ကနဦးစကားတွင် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်း နှင့် ဖြစ်ကြောင်းကို အလေးအနက်စကားဆိုသည်။ ယခုတွေ့ဆုံမှုမှာ နိုင်ငံ့ခေါင်းဆောင် နှစ်ဦးအတွက် ဒုတိယအကြိမ်တွေ့ဆုံမှုဖြစ်သည်။ ပြီးခဲ့သော ၂၀၂၂ ခုနှစ်အတွင်းက (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ ကောင်းမွန်သော ရလဒ်ကောင်းများ ထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ယခုခရီးစဉ်မှသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းဖြင့် စသည်။ ဆက်လက်ပြောကြားမှုတွင် မြန်မာနိုင်ငံအပေါ် ရုရှားနိုင်ငံ၏ သဘောထားနှင့် အလေးအနက်ထားမှုက ကျေနပ်ဖွယ်ကောင်းလှသည်။

ယခုခရီးစဉ်အတွင်းမှာပင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်ဟု ဆိုသည်။ အရာရာသည် ကြောင်းကျိုးဆက်နွှယ်မှုမှကင်း၍ မဖြစ်စကောင်း။ အကြောင်းရှိ၍ အကျိုးထင်ရခြင်းပင်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း၏ ရလဒ်ကောင်းများမှာ သိသိသာသာ မြင့်တက်နေပြီဖြစ်သည်။ အိမ်ရှင် နိုင်ငံ့ခေါင်းဆောင်က နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများမှာ ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်ကြောင်း၊ ရုရှားနှင့်မြန်မာမှာ နိုင်ငံတကာ မျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆက်လက်ညွှန်းဆိုသည်။

နိုင်ငံတော် အကြီးအကဲကလည်း အပြန်အလှန် ကျေးဇူးတုံ့ပြန်စကားဖြင့် စသည်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကာလကိုညွှန်းဆိုရင်း ထူးခြားသည့် သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးအဖြစ် ဂုဏ်ပြုစကားဆိုသည်။ ရုရှားနိုင်ငံမှာ ခရီးဝေးကွာသော်လည်း မြန်မာနိုင်ငံအတွက် ချစ်ကြည်ရင်းနှီးသည့် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။

ဆက်လက်၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ကဏ္ဍပေါင်းစုံဟူသော အသုံးအနှုန်းက ကျယ်ပြန့်လှသည်။ ကဏ္ဍတစ်ခုတည်း၊ အနည်းငယ်မျှသောကဏ္ဍ၊ ကဏ္ဍအချို့ စသည့်ကန့်သတ်ချက်မပါ။ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များတွင် ကဏ္ဍပေါင်းစုံဟု သုံးနှုန်းသည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍနယ်ပယ်က မနည်းလှ။ တစ်ပွင့်တည်းသော ပန်းအတွက် ရည်ရွယ်၍ ဆွေးနွေးနေကြခြင်းမဟုတ်။ ပန်းပေါင်းစုံသော ပန်းခင်းကြီးအဖြစ် ရည်ရွယ်ရှုမြင်သည်ဟု ဆိုနိုင်သည်။

ဆွေးနွေးမှုသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုအရင်းတည်၍ တိုးတက်ခြင်းဟူသော အပြုသဘောကိုဆောင်သည့်ဘက်သို့ လှမ်းသည်။ နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံအတွက် ရလိုက်သည့် အကျိုးရလဒ်ကားမနည်းလှ။

ထို့နောက် နိုင်ငံ့ခေါင်းဆောင်နှစ်ဦးသည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်အကြီးအကဲနှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ကြပြီး စာမျက်နှာ ၁၁ သို့

➤ စာမျက်နှာ ၁၀ မှအဆက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပြည်ပဆက်ဆံရေးလက်ထောက်အရာရှိ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ တာဝန်ရှိသူများနှင့် အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ကုန်ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အာကာသသိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်သည့်ကဏ္ဍများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။ သက်ဆိုင်ရာဝန်ကြီးများ၏ ဆွေးနွေးမှုများအပေါ် နိုင်ငံတော်အကြီးအကဲနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့က ထပ်မံဖြည့်စွက်ဆွေးနွေးပေးသည်။

နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦး၏ ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ အပြုသဘောဆောင်သော ဆွေးနွေးချက်များမှာ နိုင်ငံနှင့်လူမျိုးအတွက် ကျေနပ်အားရဖွယ်ပင်ဖြစ်သည်။ အချုပ်အခြာအာဏာ ခိုင်ခံ့တည်မြဲရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် အပြန်အလှန်ကတိကဝတ်များနှင့် အားပေးထောက်ခံရပ်တည်မှုများမှာ သမနိုင်ရှည်ကြာခဲ့ပြီဖြစ်သည့် နှစ်နိုင်ငံဆက်ဆံရေး၏ အနှစ်သာရကို ထပ်လောင်း၍ အဓိပ္ပာယ်ပြည့်ဝလေးနက်စေခဲ့သည်။

တစ်ဆက်တည်းမှာပင် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ်သည်။

နှစ်နိုင်ငံအကြား ပညာရေးအရည်အချင်းသတ်မှတ်ချက်နှင့် ပညာရပ်ဆိုင်ရာဘွဲ့၊ ဒီဂရီများ အပြန်အလှန်အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူစာချုပ်၊အကောက်အခွန်ဆိုင်ရာ သဘောတူညီချက်များ၊ ကျန်းမာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း စာချွန်လွှာများ၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရာတွင် နျူကလီးယားနှင့်ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းဥပဒေနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဆိုင်ရာ စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာများ၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် ပြင်ပ အာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်စာချုပ် (မူကြမ်း)အပေါ် ဆွေးနွေးညှိနှိုင်းမှု အောင်မြင်စွာပြီးမြောက်ခြင်းနှင့် စပ်လျဉ်းသည့် ပူးတွဲကြေညာချက်တို့ပင်ဖြစ်သည်။

ရုရှား ဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် နိုင်ငံ့ခေါင်းဆောင်နှစ်ဦးတို့၏ ရှေ့မှောက်တွင် အသီးသီးလက်မှတ်ရေးထိုး၍ လဲလှယ်ခဲ့ကြသည်။



လေးစားထိုက်သော လုပ်ငန်းမှန်သမျှတွင် ဖြတ်လမ်းဟူ၍ မရှိ။ အဆင့်ဆင့်ဆောင်ရွက်ရသည်သာဖြစ်၏။ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုကနဦးရလဒ်အဖြစ် နှစ်နိုင်ငံပူးတွဲကြေညာချက်များကို မီဒီယာများသို့ အပြန်အလှန် ပြောကြားခဲ့သည်။ တစ်နည်းအားဖြင့် အတူယှဉ်တွဲ စဉ်မြဲချစ်ကြည်စွာရှိနေကြသည့် နိုင်ငံနှစ်နိုင်ငံမှ ကမ္ဘာကြီးသို့ သတင်းစကား ပါးလိုက်ခြင်းဟုလည်း ဆိုနိုင်မည်ထင်သည်။

အိမ်ရှင်နိုင်ငံ့ခေါင်းဆောင်က သတင်းမီဒီယာသမားများရှေ့မှောက်တွင် နိုင်ငံတော်အကြီးအကဲ၏ ချစ်ကြည်ရေးခရီးစဉ်ကိုကြိုဆိုကြောင်းနှင့် နှစ်နိုင်ငံအကြား ယုံကြည်စိတ်ချရသည့် ဆက်ဆံရေးရှိကြောင်း အတိအလင်းဆိုသည်။ ဆက်လက်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အဓိကထား ဆွေးနွေးသွားသည်။

၁၉၄၈ ခုနှစ်ကစပြီး ရုရှားနိုင်ငံသည် မြန်မာနိုင်ငံလွတ်လပ်ရေးကို ပထမဆုံး အသိအမှတ်ပြုခဲ့ကြောင်း၊ ပညာရှင်များ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ပညာရေးနှင့် ကျန်းမာရေးနယ်ပယ်တွင် အရေးကြီးသည့် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ အခုလက်ရှိတွင်လည်း ရုရှားနိုင်ငံက မြန်မာစက်မှုစီးပွားရေး အခန်းကဏ္ဍများတွင် အကူအညီပေးလျက်ရှိကြောင်း၊ ပြည်တွင်းရေး အခြေအနေကိစ္စရပ်များ ကောင်းမွန်စေရန်အတွက်ကိုလည်း ထောက်ခံအားပေးနေကြောင်း ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သည့်နှစ်မှစ၍ ၄၀ ရာခိုင်နှုန်းခန့်တိုးမြင့်ခဲ့သည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု မြင့်မားတိုးတက်လာပုံကို မီးမောင်းထိုးပြသည်။ အပြန်အလှန်ကုန်သွယ်ရေး တိုးတက်မြင့်မားစေရန် အဆင်သင့်ရှိနေကြောင်း လမ်းဖွင့်ပြောဆိုသည်။

ဆိုခဲ့သလိုပင် မြေပြင်၌လည်းနှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကော်မရှင်က တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေသည်မှာ လက်တွေ့သာဓကတစ်ရပ်ဖြစ်၏။ မကြာသေးခင်ကပင် ကုန်သွယ်ရေးကော်မရှင်အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပနိုင်ခဲ့သည်။

စွမ်းအင်အခန်းကဏ္ဍအတွက် အရေးကြီးဆုံးသော မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်နိုင်မှုမှာ မြန်မာနိုင်ငံတွင် အသေးစားအဏုမြူဓာတ်အားပေးစက်ရုံ ဆောက်လုပ်ရေးအတွက် သဘောတူညီခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်ဓာတ်အား ပေါပေါများများပေးနိုင်တော့မည့်အစီအစဉ်ပင်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားနှင့်ဆက်စပ်၍ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာရပ်ပိုင်းဆိုင်ရာများအထိပါ လွှမ်းခြုံအကျိုးပြုစေနိုင်မှာ အသေအချာပဲဖြစ်သည်။ အခြားသော စက်မှုနှင့် အဆင့်မြင့်နည်းပညာနယ်ပယ်များတွင်လည်း ပူးတွဲစီမံကိန်းတစ်ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ရုရှားနိုင်ငံ၏ အာကာသနယ်ပယ် အောင်မြင်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံကို ကူညီနိုင်မည့် အခန်းကဏ္ဍ၊ ယဉ်ကျေးမှုနယ်ပယ်နှင့် လူသားချင်းစာနာမှုနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်မည့်အကြောင်း ပြောသည်။ နိုင်ငံ့ခေါင်းဆောင်တို့သည် အပြန်အလှန် ဘာသာရေးဆိုင်ရာဌာနများ ခွင့်ပြုစေခြင်းဖြင့် သဘောထားကြီးမြင့်မှုနှင့် နှလုံးရည်ထက်မြက်မှုကို ပြသသည်။

မိမိတို့နိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးသည့်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်သည့် ပေါင်းဖက်ဆက်ဆံရေးကိုသာ ရှေးရှုသောနိုင်ငံဖြစ်သည်။ အိမ်ရှင်နိုင်ငံ့ခေါင်းဆောင်က နိုင်ငံတကာပြဿနာအများစုနှင့်ပတ်သက်၍ ရုရှား-မြန်မာ ရပ်တည်ချက်များ ကိုက်ညီကြောင်းဆိုသည်။ သူ့အနေဖြင့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များမှတစ်ဆင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်အသီးသီးတွင် ဆတက်ထမ်းပိုးတိုးတက်လာမည်ဟု ခိုင်ခိုင်မာမာယုံကြည်ကြောင်း ပြောဆိုသွားသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ တည်ငြိမ်သည့်အပြောတွင် ရည်မှန်းချက်ပါသည်ကို သတိပြုမိသည်။

နိုင်ငံတော်အကြီးအကဲက ရုရှားနိုင်ငံမှာအရေးပါပြီး ယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်သဖြင့် အပြန်အလှန်ယုံကြည်မှု၊ နားလည်မှု၊ လေးစားမှုများနှင့် အခြေခံတည်ဆောက်ထားသည့် နှစ်နိုင်ငံဆက်ဆံရေးကို အထူးတန်ဖိုးထားပါကြောင်း မီဒီယာများရှေ့မှောက်တွင် အလေးအနက်ထား ပြောသည်။ အကြီးအကဲက နှစ်နိုင်ငံအကြား ၇၇ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတို့ ပိုမိုနက်ရှိုင်းလာသည့်နည်းတူ နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအောင်မြင်တိုးတက်လျက်ရှိသည်ကို ညွှန်းဆိုခြင်းဖြစ်သည်။

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီးနှင့် နှစ်နိုင်ငံ၏ နိုင်ငံတကာ အခြေအနေအရပ်ရပ်အပေါ် ကျယ်ပြန့်စွာ ဆွေးနွေးနိုင်ခဲ့မှုကိုလည်း မမေ့မကျန် စကားဆိုသည်။ ထို့အတူ ရုရှားနိုင်ငံ အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးတို့နှင့် တွေ့ဆုံဆွေးနွေး၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်ရေးတို့အတွက် အခြေအနေကောင်းများကိုလည်း ပြောကြားသည်။ အကြီးအကဲ ညွှန်းဆိုသကဲ့သို့ပင် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံများပီပီ နှစ်ဖက်ယုံကြည်စိတ်ချစွာ ဆွေးနွေးနိုင်မှုများကြောင့် သဘောတူညီချက် ၁၀ ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ခရီးစဉ်အတွင်းမှာပင် စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တွင် မြန်မာကောင်စစ်ဝန်ရုံးများကို တရားဝင်ဖွင့်လှစ်သွားမည်ဖြစ်သည်။ သို့အတွက် နှစ်နိုင်ငံအကြား ဆွေးနွေးဖလှယ်မှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ကုန်သွယ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ လျှပ်စစ်စွမ်းအား၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍတို့အပါအဝင် အကျိုးတူ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများတွင် ရရှိပြီးဖြစ်သော အခြေအနေကောင်းများကို ဆက်လက်သယ်ဆောင်၍ အရှိန်အဟုန် တိုးမြှင့်နိုင်တော့မည်ဖြစ်သည်။

ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေသည့်ကိစ္စရပ်မှန်သမျှကို မြန်မာနိုင်ငံက အပြည့်အဝရပ်တည်ကြောင်းနှင့် နောင်အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံအကြား အပြည်ပြည်ဆိုင်ရာမျက်နှာစာတွင် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော် အကြီးအကဲက လေးနက်တည်ကြည်စွာ ထပ်လောင်းပြောကြားသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးအား အခါအခွင့်သင့်သည့်အခါတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်နိုင်ရန် အပြန်အလှန်ဖိတ်မန္တကပြုခြင်းအားဖြင့် နှစ်နိုင်ငံ ပူးတွဲကြေညာခြင်းအစီအစဉ်ကို လှပစွာအနားသတ်လိုက်လေသည်။

ပြင်ပရှိ ဩကာသလောကဓာတ်တစ်ခွင်၌ နေ့တစ်နေ့ကုန်ဆုံးတော့မည်ဖြစ်သော်လည်း နိုင်ငံ့ခေါင်းဆောင်များ၏ သတင်းစကားကို စောင့်မျှော်နေကြသော သက်ဆိုင်ရာပြည်သူတို့၏ ရင်တွင်းကိုယ်စီ၌မူ ပိုမိုအားကောင်းသော မျှော်လင့်ချက်ရောင်စဉ်တန်းများဖြင့် လင်းလက်တောက်ပနေကြလိမ့်မည်ဟု....။ ။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer day meal to Sayadaws who will be conferred on religious titles for 2025





Senior General Min Aung Hlaing and wife and the congregation receive the Five Precepts from the SSMNC Chairman Sayadaw.

**Nay Pyi Taw March 11**

Ceremony to present offertories to Sayadaws who will be conferred on religious titles for 2025 was held at Aggadipati Sasana Beikman in the precinct of Maravijaya Buddha Park here this morning. Chairman of State Administration Council Prime Minister of the Republic of Union of Myanmar Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offered day meal to the Sayadaws.

Present were 118 Sayadaws from the country and abroad and two nuns who will receive religious titles led by specially invited Chairman of State Sangha Maha Nayaka Committee Thanlyin Minkyaung Monastery Sayadaw Agga Maha Pandita Agga Maha Saddhamma Jotiladhaja Dr Bhaddanta Candiama Bhivamsa, and Secretary of SSMNC Patron of Masoeyein Taikthit monastery Sayadaw of Dhamma Thamaindi pariyati school in Mnadalay Agga Maha Pandita Agga Maha Saddhamma Jotiladhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa. The Senior General and wife were accompanied by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC Secretary and wife, the Joint SAC Secretary and wife, SAC members and wives, union level dignitaries, union ministers and wives, the Nay Pyi Taw Council chair,

*See Page 13*



Senior General Min Aung Hlaing and wife present offertories to the SSMNC Chairman Sayadaw.



Senior General Min Aung Hlaing offers meal to the SSMNC Chairman Sayadaw.



Daw Kyu Kyu Hla offers meal to a Sayadaw.



A Sayadaw accepts offertories.

# SAC Chairman Prime Minister Senior General Min Aung Hlaing receives Special Envoy for Asian Affairs of Ministry of Foreign Affairs of China H.E. Mr. Deng Xijun



Senior General Min Aung Hlaing receives Special Envoy for Asian Affairs of Ministry of Foreign Affairs of China H.E. Mr. Deng Xijun.

**Nay Pyi Taw March 11**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received Special Envoy for Asian Affairs of the Ministry of Foreign Affairs of China H.E. Mr. Deng Xijun at the parlour of the Office of the Chairman of the State Administration Council in Nay Pyi Taw this evening.

Also present together with the Senior General were SAC Joint Secretary General Ye Win Oo, SAC Member Lt-Gen Yar Pyae, Union Minister for Foreign Affairs U Than Swe, Union Minister for Home Affairs Lt-Gen Tun Tun Naung and officials and the special envoy was accompanied by officials from the Chinese Embassy in Myanmar.

During the meeting, they frankly discussed China's plans to cooperate positively in the implementation of the five-roadmap by the government of Myanmar and the Tatmadaw and preparations for election, China's cooperation in the peace process of Myanmar, cooperation between the two countries in prevention of narcotic drugs and elimination of online gambling and scams and border trade between two countries.

100

---

*From Page 12*

senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander and officials.

Before the inauguration of the ceremony, the Senior General offered meal in the Emerald Bowl and fruits, flowers, water and lights to the Maravijaya Naungdawgyi Buddha Image in the Aggadipati Sasana Beikman.

The ceremony was inaugurated by reciting Namotassa three times and the congregation led by the Senior General and wife, received the Five Precepts from the SSMNC Chairman Sayadaw. Sadadaws then recited suttas.

Senior General Min Aung Hlaing and wife presented offertories to the SSMNC Chairman Sayadaw, the Vice-Senior General and wife, to SSMNC Secretary Sayadaw and the SAC Secretary and wife, the Joint SAC Secretary and wife, SAC members and wives, and other dignitaries, to Sayadaws who will receive religious titiles.

Daw Kyu Kyu Hla presented offertories to nuns who will receive religious titles.

The SSMNC Secretary Sayadaw delivered a sermon, followed by the sharing of merits gained and the recitation of Buddha sasanam tiramtithatu three times to mark the conclusion of the ceremony.

After the ceremony, the Senior General and wife and attendees offered day meal to the SSMNC Chairman Sayadaw, SSMNC Secretary Sayadaw, Sayadaws from the country and abroad and nuns who will receive religious titles.

100

---

*From Page 14*

that investors can carry out their operations smoothly and efficiently. Relevant authorities are urged to take appropriate actions.

The Vice-Senior General emphasized the need to continue addressing legal matters smoothly with relevant experts and procedures, even though the Italian-Thailand issues have been resolved. He stressed the importance of working toward a win-win outcome for all parties, including investors.

As this marks the second meeting of the 2024-2025 FY, the Vice-Senior General urged the relevant management committees to present progress from the previous meeting and outline upcoming plans. He highlighted that only through future preparedness and zone-specific actions can businesses seamlessly connect with investors at any time. Additionally, he called on the central members of Myanmar's Special Economic Zones to discuss and provide recommendations on sector-specific developments.

Then, Secretary 1 of the Central Working Committee for Myanmar Special Economic Zone, Union Minister for Investment and Foreign Economic Relations, Dr Kan Zaw, explained the investment issues related to Myanmar Special Economic Zones and the Dawei Special Economic Zone during the Prime Minister's visit.

Then, Secretary 2 of the Central Working Committee for Myanmar Special Economic Zone, Union Minister for Commerce, U Tun Ohn, explained the implementation status of the decisions of the first meeting of the Myanmar Special Economic Zone for the 2024-2025 FY.

Next, the chairmen of the management committees of Thilawa Special Economic Zone, Kyaukphyu Special Economic Zone and Dawei Special Economic Zone read out the orders submitted to the Central Working Committee for Myanmar Special Economic Zone meeting and obtained the approval.

Then, the Union Ministers and those attending the meeting discussed and presented their suggestions and issues related to the operation of the special economic zones in their respective sectors.

Then, the Secretary of the Central Working Committee for Myanmar Special Economic Zone read out the draft resolution of the second meeting of the Central Working Committee for Myanmar Special Economic Zone for the 2024-2025 FY and obtained approval.

Then, the Chairman of the Central Working Committee for Myanmar Special Economic Zone, Vice Chairman of the State Administration Council, Deputy Prime Minister, made a clarification and coordination regarding the presentations, made a concluding speech, and adjourned the meeting. 100

---

# Philippine authorities confirm former President Duterte's detention

**Manila March 11**

The Philippine Presidential Communications Office (PCO) issued a statement on Tuesday, confirming that former President Rodrigo Duterte was detained by police upon his return to Manila from abroad.

According to the PCO, Interpol in Manila received the official copy of the warrant of arrest from the International Criminal Court (ICC) on Tuesday morning.

The PCO said that the ICC prosecutor general served the arrest warrant to Duterte upon his arrival in Manila at around 9:20 a.m. local time through Interpol.

"Government doctors have examined the former president, and he is in good health and good condition," the PCO statement said.

Duterte himself questioned his detention, asking in a video released by his family on social media: "What is the crime I committed? ... I was brought here not on my own volition. It's somebody else's."

Xinhua

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers address at the second meeting of Myanmar Special Economic Zone Central Committee for 2024-25 FY



Vice-Senior General Soe Win delivers address at the second meeting of Myanmar Special Economic Zone Central Committee for 2024-25 FY.

**Nay Pyi Taw March 11**

The Myanmar Special Economic Zone Central Committee held the second coordination meeting for 2024-25 financial year at the conferencing hall of the Ministry of Commerce in Nay Pyi Taw this afternoon, with an address by Central Committee Chairman Vice-Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

The meeting was also attended by Central Committee members Union ministers, deputy ministers, chairmen of the management committees for Thilawa, Kyaukpyu and Dawei SEZs, directors-general and officials together with Chief Ministers of Yangon and Taninthayi regions and Rakhine State through video conferencing.

First, the Vice-Senior General delivered a speech, saying that the special economic zones must be implemented in line with provisions of the Myanmar Special Economic Zone Law and bylaw enacted in 2014 and these must be aligned with the current situation of the State. According to the current geopolitic conditions, it is necessary to establish special economic zones with economic and political points of view. Hence, central committee members have to combine political and economic situations for implementation of the Thilawa SEZ as well as Kyaukpyu and Dawei SEZs.

The economic objectives of the State Administration Council consist of three main focuses. Among them, one key direction is to utilize the growing economic momentum as a driving force to support MSME (Micro, Small, and Medium Enterprises) industries and promote the export sector. In line with this direction, special economic zones must also prioritize their operations accordingly. Special economic zones and exclusive zones exist in countries worldwide, with each country enacting specific laws and regulations to govern them. Similarly, to attract investments in Myanmar's special economic zones, incentives, tax exemptions, and promotional activities must be implemented according to the country's policies. In Myanmar, the 2014 Special Economic Zone Law and rules have already defined these aspects.

In investing at special economic zones of Myanmar, the guidance of the Prime Minister to promote export volume is a key role in implementing the tasks of investment. In this regard, it is necessary to invite investments to SAEZs with priority on manufacturing of export products. At Thilawa SEZ, export volume amounted to US$163.466 million from April to January in 2024-25 financial year and import volume valued at US$599.284 million, and its total trade volume amounted to US$722.75 million. However, such an amount is lesser than SAEZs of neighbouring countries. Hence, officials of the SEZ management committees and officials have to review SEZ conditions of surrounding countries to improve own SEZs and decline the deficit of export and import volumes as much as possible.

Similarly, in the upcoming Kyaukphyu Special Economic Zone and Dawei Special Economic Zone, it is essential to identify and invite entrepreneurs who prioritize export-oriented production to enhance the country's exports. An analysis of the current imports and exports of the Thilawa Special Economic Zone shows that the most imported raw materials include agricultural machinery, components for electronic device production, raw materials for car spare parts, and materials for can manufacturing. Similarly, the primary exports include clothing, surgical gloves, electronic equipment, pharmaceuticals, and speakers. In the export sector, efforts must be made to increase exports beyond current levels. In the import sector, it is also essential to engage with MSME businesses to assess how much of the imported goods they can replace with their own production. By substituting imports and collaborating with local MSMEs, efforts are being made to reduce foreign currency expenditure and boost exports. Maintaining high-quality standards is essential when producing import-substituting goods in MSME businesses.

The Thilawa Special Economic Zone is being split into two areas: a Free Zone and a Promotion Zone. While businesses in the Free Zone face no foreign currency difficulties, those operating in the Promotion Zone experience varying levels of foreign currency difficulties, depending on the circumstances. It is reported that the relevant ministries and the Foreign Exchange Supervisory Committee are working diligently to resolve some of these issues. To reduce foreign exchange expenditure, MSME products must be developed to replace a significant portion of imports, thereby reducing the need for imported raw materials. To reduce foreign exchange expenditure, MSME products must be developed to replace many imported goods, which will reduce the need for imported raw materials.

The income generated from collaborating with MSME businesses and substituting imported products is estimated at US$6.0596 million and over 51 billion Myanmar kyats for the 2024-2025 period. I would like to urge the agencies responsible for MSMEs, as well as the relevant state and regional officials, to take more decisive actions to ensure that MSME products are supplied in the import substitution sector of special economic zones, in accordance with the policy set by the Head of State. Regarding tax collection, statistics for January 2025 show that tax revenue amounted to 935 million kyats, commercial tax exceeded 9 billion kyats, advance income tax reached 2.2 billion kyats, and income tax totaled 2.68 billion kyats. I would like to urge the organizations providing One Stop Service to work towards fully collecting tax revenue, in accordance with the country's interests, complete tax collection, and the prevention of corporate fraud.

In the implementation of special economic zones, efforts are being made to promote the national economy. In this process, MSMEs play a crucial role, and their contribution is essential for the successful establishment of these zones. These zones are expected to significantly benefit the country's economy, and continuous efforts are required to ensure their success.

The primary requirement for special economic zones and industrial zones is the availability of sufficient electricity. Therefore, it has been suggested to establish independent solar power plants in the Thilawa Special Economic Zone. Initially, the capacity was only a few hundred kilowatts, but due to its effectiveness, the initiative was pursued. According to current data, once fully installed, the production capacity will reach nearly 16 megawatts. Additionally, the Tatmadaw has installed a 20-megawatt solar plant, which is expected to break even in three and a half years. This not only makes financial sense but also allows surplus electricity to be sold back to the national grid. Relevant companies and business owners are encouraged to consider this approach, and similar discussions should be included in the planning of future special economic zones.

Furthermore, discussions on the Kyaukphyu Special Economic Zone were continued. The Concession Agreement for the deep-sea port project in the Kyaukphyu Special Economic Zone was signed on November 5, 2020. An Addendum to this agreement was signed on December 26, 2023, in Naypyidaw between the project company and the Kyaukphyu Special Economic Zone Management Committee, extending the Long Stop Date to June 25, 2025. It is imperative that all necessary tasks be completed two months before this deadline. The working committee is actively engaged in this process, and other involved committees are urged to expedite the completion of tasks within the given constraints.

The Kyaukphyu Special Economic Zone holds significant geopolitical, economic, and political importance. It is crucial for the country and offers substantial benefits to both local residents and the nation. Successfully implementing the deep-sea port project will enable participation in the Myanmar-China Economic Corridor and enhance bilateral cooperation under the Belt and Road Initiative.

Regarding the Dawei Special Economic Zone, discussions have focused on the dissolution of the SPV (Special Purpose Vehicle). It is necessary for Myanmar, Thailand, and Japan to coordinate and finalize this matter. During a recent visit by a delegation led by the Chairman of the State Administration Council Prime Minister to the Russian Federation and Belarus, significant opportunities related to the Dawei Special Economic Zone were identified. It is expected that progress will soon accelerate. Therefore, necessary preparations should be made now to ensure

See Page 13

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Epirus ကုမ္ပဏီက Leonidas စွမ်းအားမြင့် မိုက်ခရိုဝေ့လက်နက်အစီအစဉ်အတွက် ကန်ဒေါ်လာသန်း ၂၅၀ ရရှိခဲ့




အမေရိကန်နိုင်ငံအခြေစိုက် Epirus ကုမ္ပဏီသည် တစ်ခေတ်ဆန်းသစ်စေမည့် Leonidas စွမ်းအားမြင့် မိုက်ခရိုဝေ့ လက်နက်အစီအစဉ်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုအသစ် ကြီးထွားလာနေသော စွမ်းအင်ကာကွယ်ရေးစနစ်များအတွက် ကမ္ဘာ့ဝယ်လိုအားကိုဖြည့်ဆည်းရန် ထုတ်လုပ်မှုကို တိုးမြှင့်နိုင်မည်ဟု Epirus ကုမ္ပဏီက မတ် ၅ ရက်တွင် ကြေညာခဲ့သည်။

၎င်းသည် Epirus ကုမ္ပဏီ၏ လုပ်သားအင်အား၊ ထုတ်လုပ်မှု၊ လွှဲပြောင်းပံ့ပိုးမှု လုပ်ငန်းစဉ်များ တိုးမြှင့်ရန်၊ Leonidas မိုက်ခရိုဝေ့လက်နက် ထုတ်လုပ်ရေးနှင့် ပတ်သက်၍ အတွင်းပိုင်းစနစ်များနှင့် သီးခြားလုပ်ငန်းစဉ်များအားလုံးကို အဆင့်မြှင့်တင်နိုင်စေမည်ဖြစ်သည်။ ထို့ပြင် ရန်ပုံငွေပံ့ပိုးမှုသည် ကုမ္ပဏီ၏ဈေးကွက်လက်လှမ်းမီမှုကို ကျယ်ပြန့်စေရန် ကြိုးပမ်းအားထုတ်နိုင်လိမ့်မည်ဖြစ်ကာ အမေရိကန်နိုင်ငံရှိ ထုတ်လုပ်ရေးလုပ်ငန်းများကို ယခင်ကထက် တိုးချဲ့နိုင်စေမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံမှု၊ ကျွမ်းကျင်မှုအတွေ့အကြုံများက Epirus ကုမ္ပဏီထုတ်နည်းပညာများ စဉ်ဆက်မပြတ်တိုးတက်လာစေရန်၊ အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် မှန်ကန်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် Leonidas မိုက်ခရိုဝေ့လက်နက်သစ်သည် လေယာဉ်၊ သင်္ဘောများ၊ ဂြိုဟ်တုများနှင့် အာကာသအခြေခံ ပလက်ဖောင်းများကို ပင် ကာကွယ်ရန်အတွက် အရေးကြီးစွမ်းအား တစ်ရပ်အဖြစ် အနာဂတ်စစ်ပွဲအတွက် အဆုံးအဖြတ်ပေးလိမ့်မည်ဟု Epirus ကုမ္ပဏီတည်ထောင်သူ Joe Lonsdale က ပြောကြားခဲ့သည်။

Leonidas မိုက်ခရိုဝေ့ လက်နက်သည် မောင်းသူမဲ့လေယာဉ်၊ ဒရုန်းများ၏ အီလက်ထရွန်နစ်စနစ်များကို အနှောင့်အယှက်ဖြစ်စေမည့် အားကောင်းသည့် လျှပ်စစ်သံလိုက်လှိုင်းများ ထုတ်လွှတ်ပေးနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် မြေပြင်အခြေစိုက် တိုက်ရိုက်စွမ်းအင်သုံးလက်နက် အမျိုးအစားတစ်ခုဖြစ်သည်။ မိုက်ခရိုဝေ့ လက်နက်စနစ်သည် ကျယ်ပြန့်သော အလင်းတန်းများဖြင့် ရေယာဉ်တစ်ခုအပေါ် ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံ လုပ်ဆောင်နိုင်သောကြောင့် ဒရုန်းအုပ်များကို ချေမှုန်းနှိမ်နင်းရာတွင် ထိရောက်မှုရှိကြောင်း သက်သေပြသနိုင်ခဲ့ပြီးဖြစ်သည်။ Leonidas မိုက်ခရိုဝေ့လက်နက်သည် တပ်ဖွဲ့ဝင်များကို သမားရိုးကျအားဖြင့် တစ်ခုမှတစ်ခုကို ကာကွယ်မှုပုံစံမှသည် ပိုမိုစွမ်းဆောင်ရည်မြင့်မားသော တစ်ခုမှအများကာကွယ်နိုင်မှုပုံစံအဖြစ် အသွင်ကူးပြောင်းလုပ်ဆောင်နိုင်စေရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

ယနေ့ခေတ် စစ်မြေပြင်များတွင် ကုန်ကျစရိတ်နည်းပါးမှု၊ မြင့်မားကောင်းမွန်သော ကွန်ရက်ချိတ်ဆက်မှု၊ အချက်အလက်ဖြန့်ဝေမှု မြင့်မားသောခြိမ်းခြောက်မှုပေါင်းများစွာဖြင့် ပြည့်နှက်နေနိုင်ပြီး သမားရိုးကျကာကွယ်ရေးများအပေါ် လှုပ်ရှားစစ်ကစားမှု လျင်လျင်မြန်မြန်ဖြင့် စစ်ဆင်လာနိုင်သည်။ ဤသို့ခေတ်သစ်စစ်ဆင်ရေးတွင် ပြောင်းလဲလာမှုသည် အသုံးပြုမှုကိစ္စရပ်များစွာနှင့် အံဝင်ခွင်ကျဖြစ်စေရန် အတိုင်းအတာတစ်ခုထိ လွယ်ကူစွာအသုံးပြုနိုင်မည့် အဆင့်မြင့်နည်းပညာများ လိုအပ်လာသည်။ ခြိမ်းခြောက်မှုအမျိုးမျိုး၊ အရေအတွက် အမြောက်အမြားကို အော်ပရေတာတစ်ဦးတည်းက တစ်ပြိုင်နက်တည်း လုပ်ဆောင်နိုင်စွမ်းရှိသည့် လက်နက်စနစ်မျိုးမှာ မိုက်ခရိုဝေ့လက်နက်ပင်ဖြစ်သည်ဟု ကုမ္ပဏီက ရှင်းလင်းပြောကြားခဲ့သည်။

**Epirus Wins Additional $250M Funding for Leonidas High-Power Microwave Weapon ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆော်ဒီအာရေဗျထုတ် SA-3B VTOL ဒရုန်းအမျိုးအစားသစ်ကို Innovation Trail Award ဆု၊Top 20 Winner အဖြစ် ရွေးချယ်

IDEX 2025 ကာကွယ်ရေးပြပွဲတွင် Emirati ADNEC Group နှင့် ပြပွဲကျင်းပရေးကော်မတီတို့သည် ဆော်ဒီအာရေဗျနိုင်ငံထုတ် SA-3B Vertical Take-Off and Landing (VTOL) ဒရုန်းအမျိုးအစားသစ်ကို တီထွင်ဆန်းသစ်မှု (Innovation Trail Award) ဆုနှင့် Top 20 Winner အဖြစ် ရွေးချယ်ခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တီထွင်ထုတ်လုပ်ခဲ့သည့် ဆော်ဒီအာရေဗျကုမ္ပဏီ Haris Unmanned Systems သည် ၎င်း၏ အနာဂတ်ရည်မှန်းချက်များကို အသေးစိတ်မိတ်ဆက်ပွဲ ပြုလုပ်ခဲ့သည်။ ကုမ္ပဏီသည် ၎င်း၏ မောင်းသူမဲ့ လေယာဉ်စနစ်များ၊ ဒရုန်းများနှင့် တန်ပြန်ဒရုန်းရန် ကာကွယ်ရေးနည်းပညာများကို ထုတ်ဖော်ပြသခဲ့ပြီး Saudi Vision 2030 နည်းပညာတိုးတက်ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့်ချိန်ညှိ၍ ကြိုးပမ်းအားထုတ်ထားခြင်းဖြစ်သည်။

Haris SA-3B သည် ဒေါင်လိုက်အတက်အဆင်းပျံသန်းနိုင်သော VTOL ဒရုန်းအမျိုးအစားဖြစ်ပြီး အမြင့်ဆုံးပျံတက်နိုင်သည့် အလေးချိန် ကီလိုဂရမ် ၂၀၊ Payload မပါအလေးချိန် ၁၃ ဒသမ ၅ ကီလိုဂရမ်နှင့် Payload အလေးချိန် ၂ ဒသမ ၅ ကီလိုဂရမ် သယ်ဆောင်နိုင်စွမ်းရှိသည်။ လောင်စာဆီ ၆ ဒသမ ၅ ကီလိုဂရမ် သယ်ဆောင်နိုင်ပြီး တောင်ပံအလျား ၂ ဒသမ ၈၁၁ မီတာရှည်လျားသည်။ ဒရုန်းသည် 30cc အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး လေထဲတွင် လေးမိနစ်ခန့်ထိ ပျံဝဲနေနိုင်သည်။ SA-3B သည် အများဆုံး အကွာအဝေး ကီလိုမီတာ ၁၂၈၀၊ အမြင့်ဆုံးအမြန်နှုန်း တစ်နာရီလျှင် ၉၇ ကီလိုမီတာထိ ပျံသန်းနိုင်စွမ်းရှိသည်။ ၎င်းသည် တစ်နာရီလျှင် ၇၅ ကီလိုမီတာ အမြန်နှုန်းဖြင့် လေထဲတွင် ၁၅ နာရီကြာ ပျံသန်းနေနိုင်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ မီတာ ၁၅၀၀ တွင် တစ်နာရီလျှင်အမြင့်ဆုံး အမြန်နှုန်း ၁၃၅ ကီလိုမီတာထိ ပျံသန်းနိုင်မည်ဖြစ်သည်။ ဤသတ်မှတ်ချက်များသည် ထပ်တိုးမစ်ရှင်များအတွက် ၎င်း၏ စွမ်းဆောင်ရည်နှင့် ပြောင်းလွယ်ပြင်လွယ်ရှိစွာ ပျံသန်းစစ်ဆင်နိုင်မှုကို ညွှန်ပြနေသည်။

Anduril Industries ကဲ့သို့ကုမ္ပဏီများသည် ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေး မစ်ရှင်များအတွက် အလိုအလျောက်ပျံသန်းလုပ်ဆောင်နိုင်သော VTOL ဒရုန်းများကို မိတ်ဆက်ခဲ့ပြီး ပျံသန်းချိန် မိနစ် ၄၀ ကျော်ဖြင့် အကွာအဝေး ၂၀ ကီလိုမီတာထိ ပျံသန်းစစ်ဆင်နိုင်သော တန်ဖိုးနည်း၊ တွက်ခြေကိုက် မောင်းသူမဲ့လေယာဉ်စနစ်များကို ဦးစားပေးထုတ်လုပ်လာကြသည်။



VTOL ဒရုန်းများကို ပြေးလမ်းများ မလိုအပ်ဘဲ အခန်းတွင်းမှ သို့မဟုတ် မြေမျက်နှာသွင်ပြင် အမျိုးမျိုးမှစေလွှတ်နိုင်ပြီး ဒေါင်လိုက် အတက်၊ အဆင်း လုပ်နိုင်မှု အားသာချက်ကြောင့် တပ်ဖွဲ့များအနေဖြင့် ပိုမိုအသုံးပြုလာခဲ့ကြသည်။ Shield AI ကုမ္ပဏီထုတ် MQ-35A V-BAT ဒရုန်းကို သင်္ဘောကုန်းပတ်များနှင့် အကန့်အသတ်ရှိသော မြေပြင်ရေယာဉ်များပေါ်မှလွှတ်တင်နိုင်ပြီး ကင်းထောက်ခြင်းနှင့် စောင့်ကြည့်ထောက်လှမ်းရေးများအတွက် အသုံးပြုလေ့ရှိသည်။ ထို့ပြင် Bell V-247 Vigilant ဒရုန်းသည် စစ်ဆင်ရေးများတွင် VTOL ဒရုန်းများ၏ လိုက်လျောညီထွေရှိမှုကို သရုပ်ဖော်ထားပြီး ထိန်းသိမ်းထားသိုရန်နှင့်သယ်ယူပို့ဆောင်ရန်အခက်အခဲရှိသော ကြည်းတပ် တပ်ဖွဲ့ဝင်များအတွက် စဉ်ဆက်မပြတ် ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

**UAE recognizes the potential of Saudi Arabia's new Haris SA-3B vertical take-off drone ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီးဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်စဉ်။

**ရှေ့ဖုံးမှအဆက်**

ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော် ၁၁၈ ပါးနှင့် ဘွဲ့ခံ သီလရှင်ဆရာကြီး နှစ်ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။


ထို့နောက်အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးတို့အမှူးပြုသည့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးတို့အမှူးပြုသည့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးအမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးထံသို့လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံသို့လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့်ဆရာတော်ကြီးများထံသို့လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး “ဗုဒ္ဓသာသနံစိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးတို့ အမှူးပြုသည့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



☆ ကျောဖုံးမှအဆက်

အာရှရေးရာ အထူးကိုယ်စားလှယ်နှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အစိုးရနှင့်တပ်မတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှုအပေါ် တရုတ်နိုင်ငံက အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်၌ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုများပပျောက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# IFRC အဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၁၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း(IFRC)အဖွဲ့၏ အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Alexander James Matheou အား ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် IFRC အဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဆောင်ရွက်လျက်ရှိသည့် ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ်လူနာညွှန်းပို့ခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်သူလူထုကို ကျန်းမာရေး အသိပညာပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရမှုများလျော့ပါးရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်အတွင်း ဆက်လက်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊မြန်မာနိုင်ငံဆိုင်ရာ IFRC ရုံးမှ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ

**မန္တလေး မတ် ၁၁**

ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ်အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ဌာနဆိုင်ရာများ၊အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်များ၊ တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရန်အတွက် အစဉ်ကြိုးပမ်းဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးက စားသုံးသူ ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများ၏ "စောင့်ရှောက်ဝိုင်းကူစားသုံးသူ" တေးသီချင်းဖြင့် ဂုဏ်ပြုတင်ဆက်မှု၊ စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေး Video Clip ပြသမှုများနှင့် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုပြီး တက်ရောက်လာသူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) ဆောင်ပုဒ်မှာ "လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့" ဖြစ်ကြောင်း၊ ဉာဏ်စမ်းပဟေဠိဖြေဆိုသူများမှ အဖြေအများဆုံးမှန်သူ သုံးဦးနှင့် နှစ်သိမ့်ဆုရရှိသူ ခုနစ်ဦးတို့ကို တာဝန်ရှိသူများက အမှတ်တရ ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

**၂၀၂၅ ခုနှစ် မတ် ၁၁ ရက်**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်)၏ ဈေးနှုန်း ၅၄၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**လျှပ်စစ်မီတာခ သက်သာဖို့**
**LED ပစ္စည်း သုံးကြစို့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၁၁

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ပထဝီနိုင်ငံရေးအရ စီးပွားရေးနှင့် နိုင်ငံရေးအရ အရေးပါသည့်အပြင် နိုင်ငံအတွက်အရေးကြီးပြီး ဒေသခံများနှင့် နိုင်ငံတော်အတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်...**

**ရေနက်ဆိပ်ကမ်းစီမံကိန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာ-တရုတ်စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး Belt and Road စီမံကိန်းအတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုမြှင့်တင်စေနိုင်မည်ဖြစ်...**

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရာတွင် ၂၀၁၄ ခုနှစ်က ထုတ်ပြန်ထားသည့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများကိုအခြေခံပြီး ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံ၏လက်ရှိအခြေအနေနှင့်ကိုက်ညီအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိပထဝီနိုင်ငံရေးအခြေအနေအရ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရာတွင် စီးပွားရေးရှုထောင့်တစ်ခုတည်းမကြည့်ဘဲ နိုင်ငံရေးအနေဖြင့်လည်း ထည့်သွင်းစဉ်းစားသွားကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့်သီလဝါအထူးစီးပွားရေးဇုန်၊ အနာဂတ်တွင် အကောင်အထည်ပေါ်လာမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ထားဝယ်အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်ပြီး နိုင်ငံရေးနှင့်ယှဉ်တွဲ၍ နိုင်ငံရေးနှင့်စီးပွားရေးပေါင်းစပ်ကာ ဆောင်ရွက်ကြရန် အဖွဲ့ဝင်များကို ပြောကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃)ရပ်အနက် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးသည် အဓိက အလေးပေးဆောင်ရွက်နေသည့် ဦးတည်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များနှင့်အညီ အထူးစီးပွားရေးဇုန်များကလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းတွင် အထူးစီးပွားရေးဇုန်များနှင့် သီးသန့်ဇုန်များထားရှိကြကြောင်း၊ ထိုသို့ထားရှိကြရာတွင် နိုင်ငံများအလိုက် နည်းဥပဒေ၊ ဥပဒေများရေးဆွဲပြဋ္ဌာန်းပြီး ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ အလားတူ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ လုပ်နိုင်ရန်အတွက် ဖြေလျှော့မှုများ၊ မက်လုံးပေးခြင်းများ၊ ဆွဲဆောင်စည်းရုံးမှုများကိုလည်း နိုင်ငံအလိုက် ဆောင်ရွက်ကြရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများတွင် ယင်းကိစ္စရပ်များကို သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

မိမိ၏ အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှု၌ မိမိတို့ရင်းနှီးမြှုပ်နှံမှု၏ ဦးတည်ချက်ဖြစ်သော နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် ပို့ကုန်တိုးမြှင့်နိုင်ရေးသည် အဓိကဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များသို့ ရင်းနှီးမြှုပ်နှံမှုများ စည်းရုံးဖိတ်ခေါ်ရာတွင် နိုင်ငံတကာသို့တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးဖိတ်ခေါ်စေလိုကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်နှင့်စပ်လျဉ်း၍ ပို့ကုန်သွင်းကုန်အပိုင်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၄၆၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅၅၉ ဒသမ ၂၈၄ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏကို ကြည့်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၇၂၂ ဒသမ ၇၅ သန်းရှိခဲ့ကြောင်း၊ သို့သော်လည်း အိမ်နီးချင်းနိုင်ငံများရှိ အထူးစီးပွားရေးဇုန်များနှင့် နှိုင်းယှဉ်ပါက အင်မတန်နည်းနေသေးကြောင်း၊ သို့ဖြစ်၍ သီလဝါအထူးစီးပွားရေးဇုန်၏ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဇုန်၏အခြေအနေ၊ ပတ်ဝန်းကျင်နိုင်ငံများရှိ အထူးစီးပွားရေးဇုန်များ၏ အခြေအနေများကို အမြဲတမ်းစိစစ်သုံးသပ်၍ မိမိအထူးစီးပွားရေးဇုန် ပိုမိုတိုးတက်လာအောင်၊ ပို့ကုန်နှင့်သွင်းကုန်များ၏လိုငွေပြမှုကို အတတ်နိုင်ဆုံးနည်းပါးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အလားတူ အနာဂတ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ထားဝယ်အထူးစီးပွားရေးဇုန်များတွင်လည်း ပို့ကုန်တိုးမြှင့်ရေးအတွက် ပို့ကုန်များကို ဦးစားပေးထုတ်လုပ်မည့်လုပ်ငန်းရှင်များကို ရွေးချယ်ဖိတ်ခေါ်ရန်လိုကြောင်း၊ လက်ရှိသီလဝါအထူးစီးပွားရေးဇုန်တွင် တင်သွင်းမှုနှင့် တင်ပို့မှုကိုကြည့်မည်ဆိုပါက တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများတွင် အများဆုံး လယ်ယာသုံးစက်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ရန် ကုန်ကြမ်းများ၊ ကားကုန်ကြမ်းအပိုပစ္စည်းများ၊ စည်သွတ်ဘူးထုတ်လုပ်ရန် ကုန်ကြမ်းများဖြစ်ကြောင်း၊ အလားတူ ပို့ကုန်များတွင် အများဆုံးသည် အဝတ်အထည်များ၊ ခွဲခန်းသုံးလက်အိတ်များ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ဆေးဝါးများနှင့် Speaker များဖြစ်ကြောင်း၊ တင်ပို့သည့်အပိုင်းတွင် ယခုထက်ပိုမိုတင်ပို့နိုင်အောင် စည်းရုံးတိုက်တွန်းရမည်ဖြစ်ပြီး သွင်းကုန်အပိုင်းတွင်လည်း တင်သွင်းလာသည့် ကုန်ပစ္စည်းများတွင် မိမိတို့၏ MSME လုပ်ငန်းက မည်မျှသွင်းကုန်အစားထိုးပေးနိုင်မည်ကို တစ်ဖက်ကလည်း MSME လုပ်ငန်းများနှင့် ချိတ်ဆက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်း MSME များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုလျော့ကျအောင်၊ ပြည်ပပို့ကုန်မြှင့်တင်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိ MSME လုပ်ငန်းမှ သွင်းကုန်အစားထိုးမည့်ကုန်ပစ္စည်းများ ပေးသွင်းရာတွင် ပစ္စည်းအရည်အသွေးအဆင့်အတန်းမြင့်မားရန်လည်းလိုကြောင်း။

သီလဝါ အထူးစီးပွားရေးဇုန်တွင် ကင်းလွတ်ဇုန် (Free Zone)နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်(Promotion Zone) ခွဲခြားသတ်မှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကင်းလွတ်ဇုန်(Free Zone)ရှိ လုပ်ငန်းများအနေဖြင့် နိုင်ငံခြားငွေကြေးဆိုင်ရာ အခက်အခဲများမရှိသော်လည်း လုပ်ငန်းမြှင့်တင်ရေးဇုန်(Promotion Zone)တွင် ဆောင်ရွက်နေသည့်လုပ်ငန်းများတွင် အခြေအနေများအရ နိုင်ငံခြားငွေကြေးဆိုင်ရာအခက်အခဲအချို့ရှိနေကြောင်း၊ ယင်းအခက်အခဲအချို့ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီက အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရှိရကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှု လျော့ကျရန်အတွက် သွင်းကုန်ကုန်ကြမ်းများစွာသက်သာစေမည့် MSME ထုတ်ကုန်လုပ်ငန်းများမှ သွင်းကုန်များများအစားထိုးနိုင်ရန် ဝိုင်းဝန်းအကြံပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

MSME ထုတ်ကုန်လုပ်ငန်းများကို ချိတ်ဆက်ပေးပြီး အစားထိုးမှုရရှိသည့် ဝင်ငွေပိုင်းကို ကြည့်မည်ဆိုပါက ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၅၉၆ သန်းနှင့် မြန်မာကျပ်ငွေ ၅၁ ဘီလီယံကျော်ရရှိခဲ့ကြောင်း၊ ယင်းအပေါ်ကျေနပ်မနေဘဲ MSME နှင့်ပတ်သက်၍ တာဝန်ယူထားသည့် Agency အဖွဲ့များ၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ရှိသူများအနေဖြင့် ယခုထက်ပိုမို၍ နိုင်ငံတော်အကြီးအကဲချမှတ်ထားသည့်မူဝါဒနှင့်အညီ မိမိတို့၏ MSME ထုတ်ကုန်များကို အထူးစီးပွားရေးဇုန်များ၏ သွင်းကုန်အစားထိုးမှုအပိုင်းတွင် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အလေးထားဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း၊ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ အခွန်ရရှိသည့်ငွေမှာ ကျပ် ၉၃၅ သန်း၊ ကုန်သွယ်လုပ်ငန်းခွန်ငွေကျပ် ကိုးဘီလီယံကျော်၊ ကြိုတင်ဝင်ငွေခွန်ငွေကျပ် ၂ ဒသမ ၂ ဘီလီယံနှင့် ဝင်ငွေခွန်ငွေကျပ် ၂ ဒသမ ၆၈ ဘီလီယံရှိသည်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း စာရင်းများအရသိရှိရကြောင်း၊ One Stop Service ဆောင်ရွက်နေသည့် အဖွဲ့များသည် မိမိနိုင်ငံ၏အကျိုးစီးပွား၊ မိမိ၏အခွန်ဘဏ္ဍာ အပြည့်အဝကောက်ခံရရှိမှု၊ ကုမ္ပဏီများ၏ မသမာမှုများမဖြစ်အောင် ဆောင်ရွက်ပေးနိုင်မှုအပေါ်မူတည်၍ ရရှိသည့်အခွန်အခဝင်ငွေများ ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ချမှတ်ဆောင်ရွက်ရာတွင် MSME လုပ်ငန်းသည် အဓိကပါဝင်သကဲ့သို့ အထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရန်အတွက် များစွာအထောက်အကူပြုရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေးကိုလည်း များစွာအထောက်အကူပြုနိုင်သည့် ဇုန်များဖြစ်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၂၀ သို့

# ရက်ရှည်ရုံးပိတ်ရက်ကာလ ပုဂံယဉ်ကျေးမှုဒေသသို့ ခရီးသွားများပိုမိုဝင်ရောက်နိုင်ဟု ခန့်မှန်းထား

ရန်ကုန် မတ် ၁၁

ရုံးပိတ်ရက်ရှည်ဖြစ်သော မတ် ၁၂ ရက်မှ ၁၆ ရက်ထိ ငါးရက်တာကာလအတွင်း ပုဂံယဉ်ကျေးမှုဒေသသို့ ခရီးသွားများ ပိုမိုဝင်ရောက်လာမည်ဟု ပုဂံဒေသခံတို့က ခန့်မှန်းထားကြောင်း သိရသည်။

ယမန်နှစ်က ရွှေစက်တော်ဘုရားပွဲရာသီတွင် ပုဂံမှ ရွှေစက်တော်သို့လည်းကောင်း၊ ရွှေစက်တော်မှ ပုဂံသို့လည်းကောင်း ခရီးသွားများ တဖွဲဖွဲဝင်ရောက်ခဲ့ပြီး ထိုမှတစ်ဆင့် ပုပ္ပားတောင်သို့လည်း သွားရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။



ဓာတ်ပုံ-ဇွဲမာန်

"မနှစ်ကဒီအချိန် ပုဂံမှာ ခရီးသွားမပြတ်စည်ကားနေပြီး သင်္ကြန်ကာလအထိ ခရီးသွားမပြတ်ခဲ့ပါဘူး။ ဒီအပတ် ရက်ရှည်ပိတ်ရက် ငါးရက်ဆိုတော့ ခရီးသွားတွေအတွက် ရွှေစက်တော်ဘုရားလည်း ဘုရားဖူးလည်ပတ်ဖို့ အချိန်ရပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာဆိုရင် နိုင်ငံခြားသား ခရီးသွားအများစုက အထင်ကရ ဘုရားစေတီတွေမှာရှိတဲ့ နံရံဆေးပန်းချီတွေနဲ့ ဗိသုကာလက်ရာတွေကို ကြည့်ရှုလေ့လာကြတာများပါတယ်။ Grade-12 ကလွဲရင် ကျောင်းပိတ်ချိန်ဖြစ်တဲ့အတွက် ရက်ရှည်ရုံးပိတ်ရက်ကာလမှာ ပုဂံကို ခရီးသွားဝင်ရောက်လာမယ်လို့ ဒေသခံတွေက ခန့်မှန်းထားကြပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပုဂံယဉ်ကျေးမှုဒေသသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်လာပါက ရွှေစည်းခုံ၊ ငှက်ပစ်တောင်၊ တုရင်တောင်၊ အလိုတော်ပြည့်၊ ထီးလိုမင်းလို၊ အာနန္ဒာ၊ သဗ္ဗညု၊ ကန်တော့ပုလ္လင်၊ ဗူးဘုရား၊ မဟာဗောဓိ၊ မြစေတီ၊ မနူဟာ၊ လောကနန္ဒာ၊ ဓမ္မရာဇက၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ရွှေဆံတော်၊ ပြာသာဒ်ကြီး စသည့် အထင်ကရဘုရား၊ စေတီ ၁၈ ဆူသို့ အများဆုံးလည်ပတ်ကြလေ့ရှိသည်။

"ပုဂံမှာက အေးချမ်းပါတယ်။ အခုလို ရုံးပိတ်ရက်ရှည်ကာလမှာ လည်ပတ်ဖို့ အကောင်းဆုံးပါ။ မြန်မာမှန်ရင် ပုဂံရောက်ဖူးမှ မြန်မာလိုသတ်မှတ်တဲ့စကားပုံလည်းရှိပါတယ်။ ရုံးပိတ်ရက်ရှည်ကာလမှာ ခရီးသွားပိုမိုဝင်ရောက်မယ်လို့ ဒေသခံတွေ ခန့်မှန်းထားတာကြောင့် ခရီးသွားအားလုံးကို ဒေသခံတွေက ကြိုဆိုနေပါတယ်။ မနှစ်ကသင်္ကြန်မှာလည်း ညောင်ဦးမြို့မှာ ဗဟိုမဏ္ဍပ်ရှိတဲ့အတွက် ပုဂံမှာလည်း ခရီးသွားစည်ကားခဲ့ပါတယ်။ ပုဂံမှာလည်ပတ်ပြီး ရွှေစက်တော်မှာ အပန်းဖြေအနားယူလိုတဲ့ ဘုရားဖူးတွေအတွက် ဒီရုံးပိတ်ရက်ဟာ အကောင်းဆုံး အပန်းဖြေ ခရီးသွားကာလလည်းဖြစ်ပါတယ်"ဟု ထီးလိုမင်းလိုဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတင်လှဦးက ပြောပြသည်။

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ဧရိယာအားဖြင့် စတုရန်း ၁၄၂၉၅ မိုင်ကျယ်ဝန်းပြီး ပုဂံယဉ်ကျေးမှုဒေသတွင် ဘုရား၊ စေတီ၊ ဂူ ၃၈၂၂ ဆူနှင့် တန့်ကြည်တောင်ဧရိယာ၌ ၁၅ ဆူဖြင့် စုစုပေါင်း ၃၈၃၇ ဆူတည်ရှိ၍ မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်များ စုဝေးရာ ပုဂံဒေသသို့ ယခုရုံးပိတ်ရက်ရှည်ကာလ၌ ပြည်တွင်း၊ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာမည်ဟု ဒေသခံများက ခန့်မှန်းထားကြောင်း သိရသည်။ **သစ္စာ(MNA)**

---

**စာမျက်နှာ ၁၉ မှအဆက်**

အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၏ အဓိကလိုအပ်ချက်သည် လျှပ်စစ်စွမ်းအား အပြည့်အဝရရှိရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန်တွင် မိမိအစီအစဉ်ဖြင့် တစ်ပိုင်တစ်နိုင် Solar Plant များဆောင်ရွက်ရန် အကြံပြုခဲ့ရာ မူလအစ စတင်ဆောင်ရွက်စဉ် ကီလိုဝပ်ရာဂဏန်းမျှသာရှိသော်လည်း အကျိုးဖြစ်ထွန်းသည့်အတွက် လိုက်ပါဆောင်ရွက်ခဲ့ကြရာ ယနေ့စာရင်းဇယားများအရ တပ်ဆင်ပြီးပါက ထုတ်လုပ်မှုစွမ်းအား ၁၆ မဂ္ဂါဝပ်ကျော်နီးပါး ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ တပ်မတော်တွင်လည်း မဂ္ဂါဝပ် ၂၀ Solar Plant ကို တပ်ဆင်အသုံးပြုခဲ့ရာ အရင်းကျေကာလမှာ သုံးနှစ်ခွဲဖြစ်၍ မကြာမီ အရင်းကျေကာလရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တွက်ခြေကိုက်သည့်အပြင် ပိုလျှံသည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်သို့ ပြန်လည်ရောင်းချနိုင်သည့်အတွက် သက်ဆိုင်ရာကုမ္ပဏီများ၊ လုပ်ငန်းရှင်များသို့ တာဝန်ရှိသူများက ရှင်းလင်းပြောကြား တိုက်တွန်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ နောင်အကောင်အထည်ဖော် ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်များတွင်လည်း တစ်ပိုင်တစ်နိုင် Solar Plant များ ဆောင်ရွက်နိုင်ရေး ထည့်သွင်းဆွေးနွေးကြရန်လိုကြောင်း။

ဆက်လက်၍ ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးလိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၅ ရက်တွင် ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ Concession Agreement ကိုဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum)ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် နေပြည်တော်တွင် စီမံကိန်းကုမ္ပဏီနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့ လက်မှတ်ရေးထိုးခဲ့ပြီး Long Stop Date ကို သက်တမ်းတိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ သက်တမ်းတိုးမြှင့်ထားသည့်ကာလသည် ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြည့်မြောက်မည်ဖြစ်သည့်အတွက် သတ်မှတ်ကာလမတိုင်မီ နှစ်လအလိုတွင် နှစ်ဦးနှစ်ဖက် လုပ်ငန်းများပြီးပြတ်အောင် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သည့်အတွက် လုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အခြားပါဝင်သည့် ကော်မတီများကလည်း လုပ်ငန်းများအမြန်ဆုံးပြီးပြတ်အောင် ကန့်သတ်ချက်များကြားမှ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

**ကျောက်ဖြူ အထူးစီးပွားရေးဇုန်သည် ပထဝီနိုင်ငံရေးအရ စီးပွားရေးနှင့် နိုင်ငံရေးအရအရေးပါသည့်အပြင် နိုင်ငံအတွက် အရေးကြီးပြီး ဒေသခံများနှင့် နိုင်ငံတော်အတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်**ကြောင်း၊ **ရေနက်ဆိပ်ကမ်းစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး Belt and Road စီမံကိန်းအတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုမြှင့်တင်စေနိုင်မည်ဖြစ်**ကြောင်း။

ဆက်လက်၍ထားဝယ်အထူးစီးပွားရေးဇုန်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရမည်ဆိုပါက ထားဝယ်အထူးစီးပွားရေးဇုန်အနေဖြင့် SPV(Special Purpose Vehicle) ဖျက်သိမ်းရေးနှင့်ပတ်သက်ပြီး မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံ ညှိနှိုင်းဆွေးနွေးပြီး ပီပြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ အခွင့်အလမ်းများ များစွာဖော်ဆောင်နိုင်ခဲ့သည့်အတွက် မကြာမီတွင် အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုချိန်ကပင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများနှင့် လာရောက် ရင်းနှီးမြှုပ်နှံမည့်သူများ စိတ်ချမ်းသာစွာဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ထားကြရန်လိုကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အီတာလျှံ-ထိုင်း ဆောင်ရွက်သည့်ကိစ္စများ ပြီးမြောက်သွားသော်လည်း ဥပဒေကြောင်းအရ ဆက်လက်ရှင်းလင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာဖြင့် သက်ဆိုင်ရာ ဥပဒေပညာရှင်များဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လာရောက်ရင်းနှီးမြှုပ်နှံသူအပါအဝင် သုံးဦးသုံးဖလှယ် Win-Win Situation ဖြစ်ရန်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်ပြုလုပ်သည့် ဒုတိယအကြိမ်အစည်းအဝေးဖြစ်သည့်အတွက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြပေးရန်၊ အထူးစီးပွားရေးဇုန်အလိုက် ဖြစ်ပေါ်တိုးတက်မှုများနှင့် ရှေ့လာမည့်ကာလများတွင် ဆောင်ရွက်မည့်အစီအမံများကို သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများက တင်ပြပေးရန်နှင့် ဇုန်အလိုက် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်မှုများ၊ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ထားမှသာ အချိန်မရွေးလာရောက်ရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းများ အခက်အခဲမရှိ ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များကလည်း အထူးစီးပွားရေးဇုန်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အတွင်းရေးမှူး(၁) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာအထူးစီးပွားရေးဇုန်များ၊ နိုင်ငံတော်ဝန်ကြီးချုပ်ခရီးစဉ်အတွင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အတွင်းရေးမှူး(၂) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံးက မြန်မာအထူးစီးပွားရေးဇုန်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုချက်များနှင့် အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အတွင်းရေးမှူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက် မူကြမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက် ရယူသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယအဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော် ၈၈ နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာ ပထမနေ့တွင် သာသနာနွယ်ဝင်သီလရှင်အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း


**နေပြည်တော် မတ် ၁၁**

အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယအဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော် ၈၈ နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာပထမနေ့တွင် သာသနာနွယ်ဝင်သီလရှင်အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ယနေ့နံနက် ၇ နာရီက စစ်ကိုင်းတောင်ရိုးရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတောင်ရိုးတွင် ဝိပဿနာတရားများ ပွားများအားထုတ်လျက်ရှိကြသည့် သာသနာနွယ်ဝင်သီလရှင်ဆရာကြီး၊ ဆရာလေးများက ကျောင်းတိုက်များအလိုက် စနစ်တကျစီတန်း၍ အလှူခံကြွကြရာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း ပြည်ပမှ စေတနာရှင်၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်လောင်းလှူကြသည်။ ထို့နောက် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရနှင့် အလှူခံကြွရောက်လာကြသည့် ဆရာကြီး၊ ဆရာလေးများက ကောင်းမှုကုသိုလ်များအတွက် မေတ္တာပို့အမျှပေးဝေကြသည်။

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ သက်တော် ၈၈ နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက ဆွမ်းဆန်တော်အိတ် ၁၀၀၀၊ ဆီပိဿာချိန်၂၀၀၀၊ ပဲတစ်ပြည်ဝင်အိတ် ၁၀၀၀နှင့် လှူဖွယ်ပစ္စည်းများကို စစ်ကိုင်းတောင်ရိုးရှိ သီလရှင်စာသင်တိုက်များမှ သာသနာနွယ်ဝင်သီလရှင် ဆရာကြီး၊ ဆရာလေးများကို လောင်းလှူခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)





အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယအဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော် ၈၈ နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာပထမနေ့တွင် သာသနာနွယ်ဝင်သီလရှင်အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲ ကျင်းပစဉ်။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၅-၃-၂၀၂၅ရက်နေ့ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၄-၁၁-၂၀၂၄ ရက်မှ ၁၄-၂-၂၀၂၅ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်း နှစ်ဦးနှင့် အထွေထွေ ၃၅ ဦး ပေါင်း ၃၇ ဦးကို အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ရက်မှစ၍ ယနေ့ထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၅၀၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းစုစုပေါင်း ဦးရေ ၄၁၀၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၆၁၇ ဦးကို အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ယဉ်ကျေးမှုအမွေ စောင့်ထိန်းသူများကို အငြိုးထား ဘာသာတရားမဲ့တဲ့ ပြည်ဖျက်အကြမ်းဖက် PDF"**ခေါင်းစဉ်ဖြင့် ၁၂-၃-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"သံဃာတော်တွေကို တစ်ပြန်တစ်လှည့် သတ်ဖြတ်လာတဲ့ အကြမ်းဖက်သမားများ "** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်**။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# အွန်လိုင်းလိမ်လည်မှုTelecom Fraud နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၆ ဦးနှင့် မလေးရှားနိုင်ငံသား ၂၅ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၇ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၁

မြန်မာ- တရုတ်- ထိုင်း သုံးနိုင်ငံကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gam- bling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၆ ဦးနှင့် မလေးရှားနိုင်ငံသား ၂၅ ဦးတို့ကို မြန်မာ - ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု Telecom Fraud နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၆ ဦးနှင့် မလေးရှားနိုင်ငံသား ၂၅ ဦးလွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၇ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ကောင်စစ်ဝန် H.E. Mr. Pranav . Ganesh နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ မလေးရှားသံရုံးမှ တာဝန်ခံ Mr. Johan Ariff Abdul Razak နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၄၇ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၁ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၅၄၄၆ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၇၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၈၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Centerလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသောနိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကျိုင်းတုံမြို့နှင့်တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၁

ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကျိုင်းဖောင်းကျေးရွာအနီးတွင် ကျားယော်မောင်းနှင်လာသည့်မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ တစ်ပြားလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ်သိန်း ၄၀ ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် မတ် ၉ရက် ညနေ ၄ နာရီတွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာအနီးတွင် စိုင်းဟောင်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး ကက်တမင်း သုည ဒသမ ၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ပါဝုန်းကျေးရွာရှိ ၎င်းငှားရမ်းနေထိုင်သည့် နေအိမ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း သုည ဒသမ ၉၅ ကီလိုနှင့် Happy Water သုည ဒသမ ၁၆၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းကက်တမင်း ၁ ဒသမ ၂၅ ကီလို တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၁၂၅ သိန်း၊ Happy Water သုည ဒသမ ၁၆၂ ကီလို တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၁၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၁၇၈ ဒသမ ၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဟာကြားမနိုးကျေးရွာအနီးတွင် ချီးအေးမောင်းနှင်ပြီး အားညွှေ့လိုက်ပါလာသည့် TOYOTA HILUX VIGO အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၀ တစ်ပြားလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် သိန်း ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

| | |
|---|---|
| **အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်** | ၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။<br>၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။<br>၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။ |

**မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး။**

# နောင်ချို၊ မိုးမိတ်နှင့် မိုးကုတ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ပြည်သူ ၁၇ ဦးသေဆုံးပြီး ၄၁ ဦး ဒဏ်ရာရခဲ့ကြောင်း သတင်းမှားများဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၊ မိုးမိတ်မြို့နှင့် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တို့တွင် မတ် ၅ ရက်မှ ၇ ရက်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုများကြောင့် ပြည်သူ ၁၇ ဦး သေဆုံးပြီး ၄၁ ဦး ဒဏ်ရာရရှိခဲ့ကာ အဆောက်အအုံ ၈၅ လုံးပျက်စီးခဲ့ကြောင်း ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံတာဝန်ရှိသူများ၏ ဖြေကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါနယ်မြေများအတွင်း ခိုအောင်းလှုပ်ရှားလျက်ရှိသည့် အကြမ်းဖက်သမားများ၏သတင်းများကို တာဝန်သိပြည်သူများ၏ အတိအကျသတင်းပေးမှုများအရ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကိုသာ လုပ်ဆောင်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ကိုမထောက်ခံသော ရဟန်းရှင်လူပြည်သူများအား လက်နက်အားကိုးဖြင့် အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခြင်း၊ ကျေးရွာများကို မီးရှို့ခြင်း၊ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ရမ်းကားပစ်ခတ်ခြင်းများကို အဆိုပါနယ်မြေများတွင် လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် မြို့ရွာများတွင် လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ပြည်သူများထိခိုက်သေဆုံးရသည်ဟု တစ်ဖက်သတ် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကိုသာ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



# ခိုင်မာသောဈေးကွက်ရှိပြီးဖြစ်သည့်အသားတိုးဝက်မွေးမြူခြင်းဖြင့် အကျိုးအမြတ်များရရှိအောင် ဖော်ဆောင်

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာပေါများရေးတို့ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်ဦးတည်ချက်(၉)ရပ်ကို ချမှတ်ထားသည်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည်။ ဦးတည်ချက် (၉)ရပ်သည် မူဝါဒဖြစ်ပြီး အစိုးရ၏ လုပ်ငန်းတာဝန်အနှစ်ချုပ်ဖြစ်သည်။ ဦးတည်ချက်များထဲတွင် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”** ဟု ဖော်ပြထားသည်။

နိုင်ငံတော်အတွက် စားရေရိက္ခာပေါများရေးဆောင်ရွက်ရာတွင် သမားရိုးကျစိုက်ပျိုးမွေးမြူရေးအစား စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးကို ဆောင်ရွက်ရန်လိုအပ်ပေသည်။ မွေးမြူရေးလုပ်ငန်းတွင် ခိုင်မာသောဈေးကွက်ရှိနေပြီးဖြစ်သည့် အသားတိုးဝက်မွေးမြူရေးသည် နိုင်ငံအတွက် စားရေရိက္ခာဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေပေသည်။ မိသားစုစားဝတ်နေရေးအတွက် တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည်လည်း တစ်အုပ်တစ်မအနေဖြင့်လည်းကောင်း မွေးမြူကြရာ နှစ်မျိုးလုံးတွင် အကျိုးအမြတ်များစွာရရှိသည်။

အသားတိုးဝက်မွေးမြူရေးသည် သားဖောက်မွေးမြူရေးကဲ့သို့ ကရိကထမများသဖြင့် အသားတိုးဝက်ကိုသာ အများအားဖြင့် မွေးမြူကြသည်။ မျိုးကောင်းမျိုးသန့်ဖြစ်ရေး၊ ခြံဆောက်လုပ်မှု၊ ထိန်းကျောင်းမှု၊ အစာကျွေးမွေးမှု၊ ရောဂါကာကွယ်ကုသမှု၊ ထုတ်လုပ်ကုန်ကျမှုစရိတ်သက်သာမှုစသည်တို့သည် စနစ်တကျဖြစ်ရမည်။

အသားတိုးဝက်မွေးမြူရာတွင် မျိုးကောင်းမျိုးသန့်ဖြစ်ရေးမှာ အဓိကကျပါသည်။ ဂျူး(Duroc)၊ စီပီဝက်ဖြူ (Landrace)တို့ကို အများဆုံးမွေးမြူကြသည်။ ယခင်က ဒေသဝက်အနက်ရောင်တို့ကို မွေးမြူကြသော်လည်း ယခုအခါ မွေးမြူမှုနည်းပါးလာပြီဖြစ်သည်။

ခြံအကျယ်အဝန်းကို မိမိထည့်မည့်ဝက်ကောင်ရေနှင့် ချင့်ချိန်ကာ ဆောက်လုပ်ရမည်။ခေါင်မိုးနိမ့်ပါက အပူဒဏ်ပိုမိုကျရောက်ရာ မနိမ့်အောင် သတိထားရမည်။ တံစက်မြိတ်ကို ခပ်ရှည်ရှည်ထုတ်သင့်သည်။ တောင်နှင့် မြောက်ဆောက်လုပ်ခြင်းထက် အရှေ့နှင့်အနောက်ကို ဦးတည်ဆောက်လုပ်လျှင် လေဝင်လေထွက်ပိုမိုကောင်းမွန်သည်။ ဝက်ခြံထဲတွင် အစာကျန်များမရှိအောင်ထားခြင်း၊ မစင်များကို စနစ်တကျအကြိမ်ရေများများ ဆေးကြောပေးခြင်း၊ ယင်ကောင်များကို ဆေးဖျန်းခြင်းတို့ ပြုလုပ်ပေးရမည်။

အသားတိုးဝက်မွေးမြူရာတွင် ခြံ၌ ရေသောက်ခေါင်းများတပ်ဆင်ထားရမည်ဖြစ်ရာ ၎င်းရေသောက်ခေါင်းများအပေါ် နေရောင်မကျရောက်စေရ။ ရေထွက်နှုန်းကို အချိန်တစ်မိနစ်လျှင် နို့စို့ဝက်ကလေးများအတွက်သုည ဒသမ ဖ လီတာ၊သားခွဲဝက်ကလေးများအတွက် သုည ဒသမ ၈ လီတာ၊ အသားတိုးဝက်ကြီးများအတွက် တစ်လီတာ၊ နို့တိုက်နေဆဲ ဝက်မများအတွက် ၂ ဒသမ ၅ လီတာနှုန်းဖြစ်အောင် လုပ်ဆောင်ရမည်။ နွေရာသီတွင် ရေသောက်ခေါင်းတိုင်၏ ရေများပူနွေးမှု ရှိ၊ မရှိ စစ်ဆေးပြီး ပူနွေးနေပါက ရေအေးဖြစ်လာသည်ထိ ပြုလုပ်ပေးရမည်။ နေ့လယ်ပိုင်းတွင် ရေတိုက်ပေးရမည်။ အသားတိုးဝက်များကို အခြားဝက်များထက်ရေ ပိုမို၍ ထားပေးသင့်ရာ အစာခွက်ထဲတွင် ရေများများထည့်ထားပေးရမည်။ အပူချိန်များသောနေ့တွင် ဗီတာမင်စီ၊ ဂလူးကို့စ်တို့ကို ရေနှင့်ဖျော်စပ်ပြီး တိုက်ကျွေးနိုင်သည်။ သို့သော် ဂလူးကို့စ်ဖျော်ထားသောရေသည် အချိန်ကြာကြာထားလျှင် အချဉ်ပေါက်တတ်သည်ကိုလည်း သတိထားရမည်။

အသားတိုးဝက်များ အသားတိုးစေရေးအတွက် ကျွေးမွေးသောအစာသည် အာဟာရဓာတ်ပြည့်ဝနေရမည်ဖြစ်ရာ လိုအပ်ချက်ကို ဟန်ချက်ညီအောင် ထိန်းပေးရမည်။ သက်တမ်းအလိုက် ကြီးထွားဖွံ့ဖြိုးမှုရှိစေရန် အစာကို အမျိုးအစားပြောင်းလဲ၍ ကျွေးရမည်။ မိခင်နို့ခွဲစကာလ ၄၅ ရက်သားကို စတင်မွေးမြူကြရာ တစ်ကောင်လျှင် ဝက်ငယ်အစာ (CP-950)နို့ဆီဗူးတစ်ဝက်ခန့်ကို ဖွဲနု သုံးဗူးဖြင့် ရောစပ်ကျွေးရမည်။ နှစ်လခွဲအရွယ်သို့ ရောက်သည့်အခါ ဝက်ကြီးအစာ(CP-7512)ကျွေးရသည်။ ကျွေးမွေးမှုနည်းစနစ်မှာ ရိုးရှင်းလွယ်ကူရမည်။ ကြီးထွားရန် လိုအပ်သောအာဟာရဓာတ် နှစ်မျိုးမှာ ကယ်လ်စီယမ်ခေါ်ထုံးဓာတ်နှင့် ဖော့စဖရတ်ခေါ် မီးစုန်းဓာတ်တို့ဖြစ်ကြသည်။ ပဲဖတ်၊ နှမ်းဖတ်တို့သည် အပင်ပရိုတင်းဓာတ်ဖြစ်သည်။ ငါး၊ ငါးခြောက်၊ ပုစွန်ခြောက်တို့သည် တိရစ္ဆာန်ပရိုတင်းဓာတ်ဖြစ်ရာ ၎င်းတို့ဖြင့် ကျွေးမွေးရမည်။ ခေတ်ပေါ်အစာ၊ ဖွဲနု၊ ထမင်းကျန်ဟင်းကျန်နှင့် ဒေသထွက်အသီးအရွက်စသည်ဖြင့် မျိုးစုံစွာ ကျွေးနိုင်သည်။ ဝက်သက်တမ်းကို ၁၀ လမှ ၁၂ လအတွင်း ထားတတ်ကြရာ ခုနစ်လ၊ ရှစ်လထိ ပရိုတင်းဓာတ်အစာများကျွေးမွေးရမည်။ ဈေးကွက်အတွင်း ရောင်းချမည့်အချိန်တွင် ကစီဓာတ်ကြွယ်ဝသည့် ဆန်ကွဲ၊ ပီလောပီနံ၊ ကန်စွန်းဥ၊ ပြောင်းစသည်တို့ကို ကျွေးရမည်။ မှျင်ငါးပိအရည်တိုက်ကျွေးသောအခါဝက်များမှာ ရေကိုပိုမိုသောက်သဖြင့် ဝက်အလေးချိန်ကို တိုးစေသည်။



အသားတိုးဝက်များသည် နွေရာသီတွင် အစာစားနှုန်းကျတတ်သည်။ ကျရသည့်အကြောင်းမှာ ဝက်များသည် အစာကို ချေဖျက်ရာတွင် ခန္ဓာကိုယ်မှ ထွက်သောအပူရှိန်နှင့် နွေရာသီ၏ အပူရှိန်တို့ ပေါင်းဆုံခြင်းကြောင့်ဖြစ်သည်။ အပူချိန်များခြင်းကြောင့် တစ်နေ့လျှင် အစာစားနှုန်း ၂ ဒသမ ၈ ကီလိုဂရမ်ထိ ကျဆင်းသွားနိုင်ရာ ကြီးထွားမှုနှေးကွေးခြင်း၊ မွေးမြူထိန်းကျောင်းရသည့်ကာလကြာမြင့်ခြင်းစသည့် ဆိုးကျိုးများရရှိနိုင်သည်။ ထို့ကြောင့် နံနက်အစောပိုင်းနှင့် အပူချိန်ကျသောညပိုင်းတို့တွင် အစာကျွေးသင့်သည်။ နွေရာသီတွင် ဝက်များကို အပူချိန်နည်းနိုင်သမျှ နည်းအောင် လုပ်ဆောင်ရမည်ဖြစ်ရာ နေ့စဉ်ရေချိုးပေးသင့်သည်။

အသားတိုးဝက်သည် ကိုယ်တွင်းဖြစ်စဉ်ပြောင်းလဲခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ အာဟာရချို့တဲ့ခြင်း၊ သဘာဝဘေးဒဏ်ကျရောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ ကာကွယ်ဆေးထိုးနှံမှုမရှိခြင်းတို့ကြောင့် ရောဂါများကျရောက်တတ်သည်။ ဗီဇအားဖြင့် သွေးအားနည်းရောဂါရှိကြသည်။ ထို့ကြောင့် ကြက်ဟင်းခါးသီး၊ ဒန့်သလွန်ရွက်၊ ကြိတ်မှန်ရွက်တို့ ကျွေးသင့်သည်။ သံဓာတ်ပါသော ဖဲရပ်စ်ဆာလ်ဖိတ်ခေါ် သံဒုတ္တာကို အစာထဲတွင် အနည်းထည့်ကျွေးရသည်။

သံဓာတ်ပါဝင်သည့် ဗီတာမင် ၁၂ ထိုးဆေးဖြင့် သုံးလေးကြိမ်ထိုးပေးရမည်။ ဝက်နားရွက်ပြာရောဂါသည် ကူးစက်မှုနှုန်းမြန်ဆန်သည်။ ဝက်ခန္ဓာကိုယ် အပူရှိန်မြင့်တက်ခြင်း၊ အသက်ရှူမြန်ခြင်း၊ နားရွက်အေးစက်ခြင်း၊ အရောင်ဖျော့လာခြင်းတို့ဖြစ်ပေါ်လာတတ်သည်။ နှာရည်၊ တံတွေး၊ ဆီး၊ ကျင်ကြီးနှင့် သုက်ပိုးတို့မှတစ်ဆင့် ကူးစက်နိုင်သည်။ ဝက်အရွယ် မရွေးဖြစ်ပွားတတ်ပြီး နို့စို့ဝက်ငယ်များတွင် ၎င်းရောဂါဖြစ်ပွားပါက သေဆုံးမှုနှုန်းများပြားသည်။ ထို့ပြင် အဆုတ်အအေးမိခြင်းကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလည်း ဖြစ်တတ်သည်။ ရောဂါမကျရောက်စေရန် ဝက်ခြံကို နေရောင်ခြည်ကောင်းစွာရရှိအောင် စီမံခြင်း၊ လေဝင်လေထွက်ကောင်းမွန်ပြီး ခြောက်သွေ့သန့်ရှင်းသောအခင်းဖြင့်ထားရှိခြင်း၊ ရာသီဥတုအေးလွန်းလျှင် အနွေးဓာတ်ရရှိစေရန် ပြုလုပ်ပေးခြင်း၊ ကြမ်းခင်းတွင် ခြေချော်မှုမရှိအောင် ဆောက်လုပ်ပေးခြင်း၊ ဝက်ခြံကို သန့်ရှင်းစွာထားခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဆရာဝန်ညွှန်ကြားချက်ဖြင့် ပဋိဇီဝဆေးများတိုက်ကျွေးခြင်း စသည်တို့ကို ပြုလုပ်ရမည်။ ကာကွယ်ဆေးထိုးရာတွင် ၄၅ ရက်သားအရွယ်တွင် ဝက်ဝမ်းရောဂါကာကွယ်ဆေး၊ ၆၅ ရက်သားတွင် ဝက်ပုလိပ်ရောဂါကာကွယ်ဆေး၊ ရက် ၆၀ သားတွင် ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးတို့ ထိုးနှံပေးရသည်။

ဝက်ရောဂါသည် ဝက်အချင်းချင်းသော်လည်းကောင်း၊ တစ်ခြံမှ အခြားခြံသို့လည်းကောင်း၊ ရေနှင့်လေမှ လည်းကောင်း ကူးစက်နိုင်သည်။ ထို့ကြောင့် ရောဂါဖြစ်နေသောဝက်ကို သီးခြားထားရမည်။ သေဆုံးသောဝက်ကို မြေမြှုပ်ရမည်။ ရောဂါဖြစ်နေသောဝက်ကိုရောင်းချခြင်း၊ အသားစားသုံးခြင်း မပြုသင့်ပါ။ ဝက်ကောင်အသစ်များခြံအတွင်းသို့ ထည့်မည်ဆိုပါက တစ်ပတ်ခန့် သီးခြားထားရှိပြီး ရောဂါမရှိကြောင်း သေချာမှသာ ထည့်သင့်သည်။ ကူးစက်ရောဂါဟု သံသယရှိပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အကြောင်းကြားရမည်။

အချုပ်အားဖြင့်ဆိုရသော် အသားတိုးဝက်မွေးမြူရာတွင် မျိုးကောင်းမျိုးသန့်ဖြစ်ခြင်း၊ခြံဆောက်လုပ်ခြင်း၊ အစာကျွေးခြင်း၊ ကာကွယ်ကုသခြင်းတို့၌ စနစ်တကျဆောင်ရွက်ရမည်။ ပြည်တွင်း အသားစားသုံးမှုကို ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်သည်။ တစ်နိုင်တစ်ပိုင်မွေးမြူခြင်းဖြင့် မိသားစုဝင်ငွေကို တိုးပွားစေသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းတွင် ပါဝင်နေပေရာ အသားတိုးဝက်မွေးမြူရေးကို တွင်ကျယ်စွာ ဆောင်ရွက်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ဝတ္ထုတိုကလျာ

# အထီးကျန်

မေသင်းလှိုင်(ရွှေဘို)



“အထီးကျန်”ဆိုတဲ့စကားလုံးကို အရင်က ကြားဖူးပေမဲ့ ကိုယ်နဲ့ပတ်သက်ရမယ်လို့မထင်မိတာကြောင့် သူ့ရဲ့အဓိပ္ပာယ်ကို တိတိကျကျမသိခဲ့ပါဘူး။ အခုကိုယ်တွေ့ကြုံလိုက်ရတော့မှ ခါးသီးလိုက်တာဗျာ။

ကျွန်တော့်နာမည်ကတော့ ဦးမောင်မောင်လို့ခေါ်ပါတယ်။ အလုပ်ကတော့ မြို့နယ်ပညာရေးမှူး အငြိမ်းစားပေါ့ဗျာ။ ကျွန်တော့ဇနီးကလဲ အထက်တန်းပြဆရာမတစ်ဦးပါ။ အခုတော့ ပင်စင်ယူတဲ့ အရွယ်ရောက်ပါပြီ။

ကျွန်တော့်မှာ အလွန်လိမ္မာရေးခြားရှိတဲ့ သမီးလေးနှစ်ယောက်ရှိပါတယ်။ နှစ်ယောက်စလုံး ဘွဲ့ရပြီး ကိုယ့်အလုပ်ကိုယ်စီနဲ့ပါ။ ကျွန်တော်တို့ လင်မယားနှစ်ယောက်ရတဲ့ လုံးခနဲပင်စင်ငွေလေးနဲ့ အစိုးရကပေးထားတဲ့မြေကွက်လေးမှာ တိုက်ကလေးတစ်လုံးဆောက်ပြီး သမီးကလေးနှစ်ယောက်ကလဲ အသက် ၃၀ ကျော်အရွယ်ရောက်နေပေမဲ့ အိမ်ထောင်မပြုဘဲနေတော့ ကျွန်တော်တို့မိသားစုလေးဟာ သိုက်သိုက်ဝန်းဝန်းနဲ့ပျော်စရာမိသားစုလေးပါ။

ကျွန်တော်တို့ဇနီးမောင်နှံက အိမ်ထောင်ကျခါစ တုန်းကလို မောင်ရေ၊ မိရေလို့ခေါ်နေတုန်းပါပဲ။ အခြားဇနီးမောင်နှံတွေလို ဖေကြီး၊ မေကြီး ယောကျ်ားရေ၊ မိန်းမရေနဲ့ မခေါ်တတ်ပါဘူး။

ဇနီးဖြစ်သူရဲ့ အစ်မကြီးတစ်ယောက်က အဖော်လာနေပေးတာကြောင့် အိမ်မှာယောကျ်ားသားဆိုလို့ ကျွန်တော်တစ်ယောက်ထဲပဲရှိပါတယ်။

ကျွန်တော်ရဲ့တာဝန်က မနက်စောစောစီးစီး အိပ်ရာနိုးတာနဲ့ စက်ဘီးလေးနင်းပြီး မနီးမဝေးမှာရှိတဲ့ဈေးကိုသွား သူမှာလိုက်တဲ့အသီးအရွက်လေးတွေဝယ်။ သား၊ ငါးကိုတော့ ဈေးသည်အများစုက တပည့်တပန်းတွေဖြစ်တာမို့ ဖုန်းဆက်လိုက်တာနဲ့ အိမ်ကိုလာပို့ပေးပါတယ်။ မနက်စောစောစားဖို့ကိုလဲ သူက တစ်နေ့တစ်မျိုးဖွယ်ဖွယ်ရာရာပဲ အိမ်မှာပဲလုပ်ကျွေးတာမို့ မနက်ခင်းအစာစားပြီးရင် သတင်းစာလာပို့တဲ့တပည့်လေးစောင့်ပြီး သတင်းစာဖတ် မျက်စိညောင်းရင် ခဏတဖြုတ်ပြန်လှဲ။ သမီးနှစ်ယောက်ရုံးသွားကြရင် အိမ်မှာကျွန်တော်တို့ အဘိုးကြီးအဘွားကြီး သုံးယောက်ပဲကျန်ခဲ့တာမို့ ဆာတဲ့အချိန်မှ ထစားကြ၊ ဒီလိုနဲ့နေ့စဉ် ဘဝကြီးဖြတ်သန်းနေခဲ့တာပါ။

ဒီနှစ်နွေကတော့ပူတာနော်၊ကျွန်တော်တို့အိမ်က တစ်ထပ်တိုက်လေးမို့ ခြံအပြည့်ဆောက်ထားပေမဲ့ ရှိတဲ့မြေလေးမှာ ဇနီးက သီးပင်၊ ပန်းပင်လေးတွေ စိုက်ထားတာမို့ လေအေးရပြီး အေးချမ်းပါတယ်။

သမီးနှစ်ယောက်အလုပ်ကပြန်လာရင် သူတို့အမေနဲ့တစ်နေ့တာအကြောင်းအရာတွေ ပြောကြ၊ ဆိုကြနဲ့ဆူညံနေတာပေါ့ဗျာ။ ပူပြင်းတဲ့နွေရာသီ တစ်ရက်မှာပေါ့။

“မောင်ရေ မိမျက်နှာကြည့်ပါအုံး။ မိတ်ဖုတွေလားမသိဘူး။ သနပ်ခါးလိမ်းထားလဲမပျောက်ဘူး”

“ဟုတ်လား ပူလို့ထွက်လာတာဖြစ်မှာပေါ့”

“မေမေ၊ မေမေ့ရင်ဘတ်ထဲမှာ အကျိတ်တစ်ခုတွေ့တယ်ဆို”

“ဟုတ်တယ် သမီးကြီးရဲ့ ရာသီဥတုပူလို့ အဖုအကျိတ်များထွက်တာလားလို့”

“တစ်ပတ်လောက်တော့စောင့်ကြည့်လိုက်အုံးလေ၊ တစ်ပတ်လောက်နဲ့မပျောက်ရင်တော့ ဆရာဝန်ပြကြည့်ရအောင်နော်”

“အေးပါသမီးရယ်၊ သမီးတို့ရုံးပိတ်ရက်ထိ မပျောက်လဲ သွားပြကြည့်တာပေါ့”

သူတို့သားအမိတွေပြောနေတာကို ကြားနေပေမဲ့ ရိုးရိုးဖြစ်စဉ် အပူကျိတ်ထွက်တာဖြစ်မှာပဲဆိုပြီး ပေါ့ပေါ့လေးနေလိုက်မိတယ်။ တစ်ပတ်လောက်နေတော့လဲ မပျောက်တာမို့ ဆေးခန်းသွားပြ အဲဒီက တစ်ဆင့် ဆေးစစ်ခိုင်းလို့သိလာရတဲ့အဖြေက ရင်သားကင်ဆာအဆင့်(၂)တဲ့။ တစ်မိသားစုလုံး ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး အပေါင်းအသင်းတွေဆီ တိုင်ပင်ကြ။ မိတ်ဆွေတွေဆီက အကြံဉာဏ်တောင်းကြတော့ ဗန်ကောက်မှာ သွားပြပြီးခွဲစိတ်ပါတဲ့။

နိုင်ငံခြားသွားရအောင်လဲ သူတို့သားအမိ သုံးယောက်သွားဖို့ ကုန်ကျစရိတ်၊ ဆေးရုံစရိတ်၊ ခွဲစိတ်စရိတ်တွေတွက်ကြည့်တော့ သိန်း ၅၀၀ အထက်မှာရှိနေတော့ လောလောဆယ်လက်ထဲမှာလဲ ဒီလောက်ငွေက မရှိသေးတာက တစ်ကြောင်း၊ ဗီဇာမရှိသေးတာကတစ်ကြောင်း အကြောင်းကြောင်းတွေကြောင့် ဗီဇာလုပ်ထားနေစဉ်အတွင်း တောင်ကြီးစဝ်စံထွန်းဆေးရုံက ကင်ဆာခွဲစိတ်တာကောင်းတယ်ဆိုလို့ တောင်ကြီးမှာလဲ သူ့ရဲ့အစ်မတစ်ယောက်ရှိတာမို့ နေရေးမပူရတာကြောင့် ရန်ကုန်ကနေကားစီးလုံးငှားပြီး

သူတို့သားအမိသုံးယောက်ကို သွားခိုင်းလိုက်ပါတယ်။ တောင်ကြီးက အစ်မကလဲတိုက်ကြီးတစ်လုံးမှာ သူတစ်ယောက်တည်းနေတာမို့ နေရေးစားရေးမပူရတာကြောင့် လာနေခိုင်းလို့ပါ။

တောင်ကြီးရောက်ပြီး နောက်နေ့ဆေးရုံသွားပြတယ်ဆိုရင်ပဲ ကင်ဆာကုဆရာဝန်မကြီးက ညနေပိုင်းခွဲစိတ်ခန်းဝင်ပြီး ခွဲစိတ်ပေးလိုက်ပါတယ်။ ခွဲစိတ်ဆရာမကြီးရဲ့ ကျွမ်းကျင်တဲ့ခွဲစိတ်ပေးမှုကြောင့် သူ့ရဲ့ရင်သားတစ်ဖက်က အကျိတ်အလုံးတွေရော၊ ချိုင်းအောက်မှာရှိတဲ့အကျိတ်အလုံးတွေပါ အကုန်ရှင်းထုတ်ပေးလိုက်တာကြောင့် ခွဲပြီးတစ်လအတွင်း ကျန်းမာလာလို့ သူတို့သားအမိတွေ ရန်ကုန်ပြန်လာကြပါတယ်။

ရန်ကုန်ရောက်တော့ အိမ်အလုပ်၊ မီးဖိုချောင်အလုပ်တွေကို သူ့အစ်မကြီးနဲ့သမီးနှစ်ယောက်ကသာ လုပ်ကြပြီး သူ့ကိုတော့ အနားယူခိုင်းလိုက်ပါတယ်။

ဒီလိုနဲ့ နှစ်လခြား တစ်ခါလောက် ဆေးခန်းမှာ ဆေးစစ်ကြည့်တော့လဲ ကင်ဆာဆဲလ်တွေလုံးဝပျောက်ကင်းသွားလို့ ကင်ဆာနဲ့ပတ်သတ်တဲ့ဆေးတွေ မသောက်ရတော့ဘဲ အားဆေးသာသောက်ရတဲ့ အဆင့်ထိဖြစ်လာပါတယ်။

ကင်ဆာဖြစ်တုန်းက ဆံပင်တွေကျွတ်လို့ ခေါင်းတုံးတုံးထားရတဲ့ဆံပင်တွေတောင် ပြန်ပေါက်လာပါပြီ။ တစ်နှစ်ကျော်လောက်ထိ ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုးရှိနေရာ–

“မောင်ရေ မိ ထမင်းမစားရသေးဘူးလား”

“ခုနကပဲမောင်နဲ့မိစားထားတာလေ”

“ဟုတ်လား မိက မစားရသေးဘူးမှတ်လို့”

“သမီးရေ မေမေ့သူငယ်ချင်းလေ ဟို ဘယ်သူပါလိမ့် နာမည်မေ့သွားပြန်ပြီ”

ဇနီးဖြစ်သူက တစ်နေ့တခြား နေ့စဉ်လုပ်နေတဲ့ အကြောင်းအရာလေးတွေတောင်မေ့လာပါတယ်။ ဒါရိုးရိုးတန်းတန်းတော့ မဖြစ်နိုင်ဘူးဆိုပြီး ဆေးခန်းသွားပြ ခေါင်းကိုဓာတ်မှန်ရိုက်ကြည့်တော့ ဦးနှောက်ထဲက အာရုံကြောကို သွေးခဲလေးများကဖိထားလို့ပါတဲ့။

သွေးခဲအရည်ပျော်ဆေးတိုက်တာလဲ မသက်သာတာကြောင့် ဦးခေါင်းကိုခွဲပြီး အဲဒီသွေးခဲကို ဖယ်မှရမယ်တဲ့။ ဒီတစ်ခါတော့ သမီးနှစ်ယောက်က ဗီဇာတွေလဲရပြီမို့ ဗန်ကောက်မှာသွားခွဲမယ်ဆိုပြီး သူတို့သားအမိတွေ ထွက်သွားကြပါတယ်။

ကျွန်တော်နဲ့ သူ့အစ်မကြီး အိမ်မှာကျန်ခဲ့ပြီး နေ့စဉ်စိုးရိမ်မှုပေါင်းစုံနဲ့ ဆုတောင်းနေရပါတယ်။ ဗန်ကောက်မှာ ဆေးတွေထပ်စစ်၊ ဦးခေါင်းခွဲစိတ်ရမှာမို့ အထပ်ထပ်ဆေးစစ်ချက်တွေလုပ်ရတာနဲ့ နှစ်လကျော်လောက်ကြာပြီးမှ ခွဲရပါတယ်။

ခွဲတဲ့နေ့က ကျွန်တော့်မှာအိပ်မရ၊ စားမရနဲ့ သူ့အတွက် ဘုရားစင်ရှေ့မှာတစ်ချိန်လုံး ဆုတောင်းနေခဲ့တာပါ။ ခွဲခန်းကထွက်လာပြီး သတိပြန်မရမချင်း အသက်တောင် ကောင်းကောင်းမရှူနိုင်ပါဘူး။

သူတို့ပို့ပေးတဲ့ဓာတ်ပုံနဲ့ ဗီဒီယိုတွေကြည့်ပြီး မျက်ရည်တွေကျရင်း ဆုတောင်းပြီးဆုတောင်းရင်းပေါ့။

ခွဲခန်းကထွက်ပြီး နာရီတော်တော်ကြာမှ သတိပြန်ရပါတယ်။ လက်မထောင်နေတဲ့သူ့ကိုကြည့်ပြီး ဝမ်းသာလိုက်ရတာ ဒီတောင်တော့ကျော်နိုင်ခဲ့ပြီဟေ့လို့ ဟစ်ကြွေးလိုက်မိတယ်။

ဒီလိုနဲ့ခွဲပြီး တစ်လလောက်အတွင်း အကုန်မှတ်ဉာဏ်တွေလဲပြန်ရ ဆေးရုံကဆင်းဖို့ နှစ်ရက်လောက်အလိုမှာ သူ့ကင်ဆာပိုးတွေက အဆုတ်ကိုကူးသွားလို့ အောက်ဆီဂျင်တဖြည်းဖြည်းနဲ့ကျလာပါရော၊ သတိမရတစ်ချက်ရတစ်ချက် အခြေအနေဖြစ်လာပါတယ်၊ သမီးနှစ်ယောက်လဲ ဆေးရုံက အထူးကုခန်းထဲမှာ အချိန်နဲ့ပဲဝင်ကြည့်ရတဲ့အခြေအနေဖြစ်လာပြီမို့ ကျွန်တော့်ကို အမြန်ဆုံးလိုက်လာဖို့အကြောင်းကြားပါတယ်၊

ဟိုကဆရာဝန်ကြီးတွေကလဲ လက်လျှော့လိုက်ပြီတဲ့။ ကျွန်တော့်မှာ ဗီဇာမရှိတာကြောင့် တပည့်တပန်းတွေအကူအညီနဲ့ သုံးရက်အတွင်း ဗီဇာအမြန်လုပ်ပြီး ဗန်ကောက်ကိုလိုက်သွားရပါတယ်။ အဲ့ဒီရက်တွေကတော့ စားလဲ ဒီစိတ်၊ အိပ်လဲ ဒီစိတ်နဲ့အိပ်မရ စားမဝင်တဲ့ရက်တွေပါ။

ဗန်ကောက်ဆေးရုံက အထူးကုခန်းထဲမှာ ဆေးပိုက်စုံနဲ့သူ့ကိုတွေ့လိုက်ရတော့ အော်ဟစ်ငိုချင်စိတ်ကို မနည်းအံကြိတ်တင်းပြီး–

“မိရေ မောင်ရောက်လာပြီလေ”

မျက်စိလေး ဖွင့်ကြည့်ပါအုံးဆိုတော့မှ သူက မျက်စိလေးဖွင့်ကြည့်ပြီး ကျွန်တော့်ကိုတစ်လှည့် သမီးလေးနှစ်ယောက်မျက်နှာကိုတစ်လှည့်ကြည့်ပြီး ကျွန်တော်လာလို့ စိတ်ချသွားပုံနဲ့ညင်ညင်သာသာလေးအသက်ထွက်သွားပါတယ်။

နောက်ဆုံးကြည့်သွားတဲ့ အကြည့်တစ်ချက်ကို ကျွန်တော်ဘယ်သောအခါမှ မေ့ပျောက်လို့ရတော့မှာမဟုတ်ပါဘူး။ မိန်းမကဆုံးတော့ အသက် ၇၃ နှစ် ကျွန်တော်က ၇၅ နှစ်ရှိပါပြီ။

အသက် ၂၀ ကျော်အရွယ်မှာ စတင်တွေ့ကြပြီး အသက် ၇၀ ကျော်အထိ တစ်ခါမှ အကြာကြီးခွဲသွားတာမရှိဘဲ အခုမှသေခြင်းက ကျွန်တော်တို့ဇနီးမောင်နှံကို ခွဲသွားရက်တယ်ဗျာ။

သူ့ကို ဗန်ကောက်မှာပဲကောင်းမွန်စွာသင်္ဂြိုလ်ခဲ့ပြီး အိမ်ရှင်မ မရှိတဲ့အိမ်ရဲ့အပြန်လမ်းဟာ ဘယ်လောက်တောင် ဝမ်းနည်းရပါသလဲ။ တစ်အိမ်လုံးမှာ သူ့လက်၊ သူ့ခြေ၊ သူ့လက်ရာချည်းပဲ ရှိနေတဲ့အိမ်မှာ ကျွန်တော်ဘယ်လိုလုပ်ရပါမလဲ။

နှစ်ယောက်နေခဲ့တဲ့အခန်းထဲမှာ ကျွန်တော်တစ်ယောက်ထဲ ဘယ်လိုအိမ်ရပ့ါမလဲ သက်တမ်းတစ်ဝက်လောက်ပေါင်းသင်းခဲ့ရတဲ့သူ့ကို လက်လွှတ်ဆုံးရှုံးလိုက်ရတာ ကျွန်တော့်ရင်ကို ခွဲပြလိုက်ချင်ပါရဲ့။ သူ့ကိုဘယ်လောက်လွမ်းနေရသလဲဆိုတာ။ ဒါပေမဲ့ အသက်ထွက်ခါနီး ကျွန်တော့်ကိုကြည့်သွားတဲ့ အကြည့်တွေက သမီးလေးနှစ်ယောက်ကို စောင့်ရှောက်ပေးဖို့အပ်သွားတဲ့အကြည့်တွေမို့ ဒီသမီးလေးနှစ်ယောက်အတွက် အသက်ရှင်နေရအုံးမှာပါ။

အထီးကျန်လှတဲ့ ကျန်ရှိနေသေးတဲ့ကျွန်တော့် ဘဝတစ်လျှောက်လုံး သူ့ကိုလွမ်းဆွတ်စွာနဲ့ပဲ သူ့ကို ကောင်းရာဘုံဘဝမှာရောက်ရှိစေဖို့ ကုသိုလ်လေးတွေလုပ်ပေးရင်း ဆုတောင်းပေးနေအုံးမှာပါ။

# မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ၁၇၇၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မော်လိုက် မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ၁၇၇၉ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၁၃၅ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော မြေထောက်ပဲခင်းများကို ယခုနှစ် ဖေဖော်ဝါရီလပထမပတ်မှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၇၇၉ ဧကရိတ်သိမ်းပြီးစီးပြီးဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၅၁ တင်းထွက်ရှိကြောင်း သိရသည်။

"မော်လိုက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ မြေထောက်ပဲ ၂၁၃၅ ဧကထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေထောက်ပဲခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၇၀၀ ကျော် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့မျိုးကောင်း မျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မြေထောက်ပဲအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံသာမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကာ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပလာတူးငါးပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ပလာတူးငါး ပိဿာချိန် ၇၇၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့်ပလာတူးငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ပလာတူးငါး ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ပလာတူးငါးပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့နိုင်ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လထဲမှာ ပလာတူးငါးတွေ အဝယ်လိုက်ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာ။ အရင်လတွေကထက်ပိဿာချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ဘက်ကပုစွန်တွေ ကဏန်းတွေအပြင် ပလာတူးငါးတွေကို တင်ပို့ရောင်းချနေပါတယ်။ ပလာတူးငါးတွေကို ဖျာပုံမြို့ကနေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်။ အရောင်းအဝယ်တွေ ကောင်းလာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေနေပါတယ်''ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပလာတူးငါးတစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ပလာတူးငါးအပါအဝင်ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများကိုဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ရေကြည်မြို့နယ် မယ်ကျက်မအိုင်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရေကြည် မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် မယ်ကျက်မအိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့်တာဝန်ခံအင်ဂျင်နီယာများက မယ်ကျက်မအိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင်ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရေကြည်မြို့နယ် မယ်ကျက်မအိုင်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကုန်ထုတ်လမ်းကျောက်မြေရောခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၆၁ ဒသမ ၇၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် 9ACE ကုမ္ပဏီက ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါကျေးရွာရှိ လယ်ဧက ၂၆၀၀ ကျော်မှထွက်ရှိသော ဒေသထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် လွယ်ကူချောမွေ့စွာသယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ကျုံပျော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးထံမှ သိရသည်။ **သံသာ**

# ငြိမ်းချမ်းအောင်ကြောင်း လတပေါင်း

\- ဆောင်းအကုန် နွေအကူး
ညွတ်နူးတဲ့ မိန်ရာသီ၊
အအေးမှာ အနွေးစွက်
နှစ်မက်စရာတည်၊
လွမ်းမောဖွယ် အလှစီ
ပီပါပေ့ ပန်းချီကား၊
ကြည့်လို့ရယ် ဘယ်မဝတယ်
လှပခံ့ညား။

\- ရွက်ဝါတွေ လေဟုန်စီး
ရှုမငြီးပ့ါ သည်ဖြစ်အင်၊
ဝသုန်မြေ ခြုံလွှာညက်ကို
ရက်လို့ဖွဲ့ဆင်၊
လှရက်ပ့ါ မြေလွှာပြင်
ဝါရွှေလျှင် ပက်ကာဖျန်း၊
နေခြည်မှာ ရွှေရည်ဝင်းတယ်
လင်းလက်ကာလွှမ်း။

\- နေအလာ ခြေရာဖျောက်
ပျောက်ရှာပေါ့ မြူမင်းလွင်၊
ဖော်သဟာ နှင်းစက်ပွင့်
လွင့်ရရှာပင်၊
သို့ပေမဲ့ ခြေရာလျှင်
ထင်ကျန်ကာ ရစ်နှောင်ဖွဲ့၊
မှိုင်းရီရီ ပြာတစ်လှည့်
ညိုလဲ့ပေရဲ့။

\- နီကာလျှင် ရဲပါပေ့
လေငြော့မှာ ဝဲကာကြွေ၊
လက်ပံတွေ မြေမှာကြဲ
ရဲလို့ကာနေ၊
ဆက်ရက်တို့ ဆူညံဝေ
နွေတေးကို သီကာဖွဲ့၊
ပေါက်ပန်းတွေ နီနီရဲ
သူလည်းလှရဲ့။

\- သည်အခါ သည်ကာလ
တစ်ခါက အကြောင်းဖော်၊
ကိုယ့်နိုင်ငံ လွတ်လပ်ရေး
မနေးရွက်သော်၊
ပြည်သူနှင့်တပ်မတော်
ကျူးကျော်သူ ချေကာမှုန်း၊
တွဲလက်ရယ် ဘယ်မခွဲ
ရဲခဲ့တစ်ပြည်လုံး။

\- ခုအခါ သည်တစ်ကြိမ်လည်း
နွှဲရမည့် ချိန်အမှန်၊
ပြည်သူနှင့် တပ်မတော်တို့
ပေါင်းစို့တစ်ဖန်၊
ရဲကြစို့ နောက်တစ်ပြန်
ပြည့်ရန်ကို ဖျက်ချေစို့၊
လတပေါင်းမှာဖြင့်
အစနှောင်း သေချာအောင်လို့
အဖြေရှာဆောင် ပြည့်ဝန်ထမ်းမယ်
ငြိမ်းချမ်းအောင်ဖို့။ ။

**ပြေအေးသက်**

# သတိပြုရမည့် ပလတ်စတစ်ထုပ်ပိုးပစ္စည်းအန္တရာယ်

ပေါက်ပေါက်

ပလတ်စတစ်သည် လူတို့၏နေ့စဉ်ဘဝတွင် မရှိမဖြစ်အသုံးပြုနေရသည့်ပစ္စည်းဖြစ်သည်။ ကမ္ဘာကြီး၏ ပလတ်စတစ်ထုတ်လုပ်မှုသည် ပြီးခဲ့သည့်ဆယ်စုနှစ်နှစ်ခုအတွင်း နှစ်ဆကျော် တိုးလာခဲ့သည်။ အထူးသဖြင့် အစားအသောက်ထုပ်ပိုးပစ္စည်းပလတ်စတစ်များ၏ ဆိုးကျိုးများနှင့်ပတ်သက်သည့် သုတေသနပြုမှုများ၊ လေ့လာတွေ့ရှိချက်များက လူနှင့်တိရစ္ဆာန်တို့သာမက ဂေဟစနစ်တစ်ခုလုံးအတွက် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်အဖြစ် ကောက်ချက်ချလာကြသည်။ ထို့ပြင် ပလတ်စတစ်ပစ္စည်းများသည် အခြားသောထုပ်ပိုးပစ္စည်းများကဲ့သို့ အလွယ်တကူ ဆွေးမြည့်ပျောက်ကွယ်သွားခြင်းမရှိဘဲ နှစ်ပေါင်းများစွာတည်မြဲနေခြင်း၊ မြေကြီးတွင် ဖြစ်စေ၊ ရေထုတွင် ဖြစ်စေ အခြားသောဓာတ်များနှင့် ဓာတုတုံ့ပြန်မှုများဖြစ်ပေါ်ကာ ဂေဟစနစ်ကိုလည်း ပျက်စီးစေသဖြင့် ပတ်ဝန်းကျင်ကို ထိခိုက်စေလျက်ရှိသည်။

**နာနိုပလတ်စတစ်နှင့် မိုက်ခရိုပလတ်စတစ်အန္တရာယ်**

ဘာစီလိုနာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာနောက်ဆုံးပတ် လေ့လာတွေ့ရှိချက်များအရ ရေနွေးတွင် ထည့်စိမ်ရသော လက်ဖက်ရည်ထုပ်များသည် အန္တရာယ်ရှိသော မိုက်ခရိုပလတ်စတစ် သန်းပေါင်းများစွာထွက်ရှိကြောင်း၊ လူသားတို့အနေဖြင့် ရေနွေးစိမ်ထားသော ပလတ်စတစ်ကို မြို့ချမိရာမှ ခန္ဓာကိုယ်ထဲရောက်ရှိသွားပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်းနှင့် အဆိုပါလက်ဖက်ရည်ထုပ်များသည် ပိုလီမာအခြေပြုပစ္စည်းဖြင့် ပြုလုပ်ထားပြီး စိမ်လိုက်သည့်အခါ ထွက်ပေါ်လာသော နာနိုပလတ်စတစ်နှင့် မိုက်ခရိုပလတ်စတစ်အမှုန်များကို အူလမ်းကြောင်းဆဲလ်များက စုပ်ယူသဖြင့် သွေးအတွင်းရောက်ရှိစေကြောင်း ဖော်ပြထားသည်။

ယခင်နှစ်က ကိုလံဘီယာတက္ကသိုလ် သုတေသီများ၏လေ့လာမှုအရ ရေတစ်လီတာခန့် ပါဝင်သော ပလတ်စတစ်ဘူးတစ်ဘူးတွင် အလွန်သေးငယ်သည့် နာနိုပလတ်စတစ် အပိုင်းအစပေါင်း ၂၄၀၀၀၀ ကျော် ပါဝင်နေသည်ကို ပထမဆုံးအကြိမ်တွေ့ရှိခဲ့သည်။ ၎င်းလေ့လာမှုက ပလတ်စတစ်အမှုန်ပေါင်း ၁၁၀၀၀၀ မှ ၃၇၀၀၀၀ ခန့် ပါဝင်သည့် ရေတစ်လီတာတွင် ၉၀ ရာခိုင်နှုန်းခန့်သည် နာနိုပလတ်စတစ်များဖြစ်ကြောင်း၊ ၎င်းတို့သည် အစာခြေစနစ်၊ အသက်ရှူစနစ်များသို့ ဝင်ရောက်နိုင်ကာ သွေးကြောထဲထိ ရောက်ရှိနိုင်ကြောင်း၊ အရေးကြီးအင်္ဂါများသို့ စုပြုံရောက်ရှိနိုင်ပြီး မမွေးရသေးသည့် သန္ဓေသားထံကိုပါ ကူးစက်လာနိုင်ကြောင်း သတိပေးထားသည်။

မိုက်ခရိုပလတ်စတစ်ဆိုသည်မှာ ပလတ်စတစ်ပစ္စည်းတစ်ခု ပြိုကွဲသွားပြီးနောက် ဖြစ်ပေါ်လာသည့် ပလတ်စတစ်အမှုန်အမွှား အပိုင်းအစများဖြစ်သည်။ ၎င်းသည် နေရာအနှံ့ရောက်ရှိနိုင်ပြီး သာမန်မျက်စိဖြင့် မမြင်နိုင်သည့် နာနိုပလတ်စတစ်အစများဖြစ်သည်။ ၎င်းတို့သည် အလွန်သေးငယ်သဖြင့် ဆဲလ်များအကြားမှ အမြှေးပါးများကို ဖြတ်သွားနိုင်စွမ်းရှိသည်။ အထူးသဖြင့် အပူနှင့်ထိတွေ့သော ပလတ်စတစ်ဖြင့် ထုပ်ပိုးထားသည့် အစားအသောက်များသည် လူသားတို့၏ ကျန်းမာရေးကို ထိခိုက်စေသည်။

ပလတ်စတစ်ညစ်ညမ်းမှုမရှိစေရေး လုပ်ဆောင်နေသည့် နယ်သာလန်အမျိုးသားကျန်းမာရေးသုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနက အဆိုပါသုတေသနကိုလုပ်ဆောင်ခြင်းဖြစ်ပြီး တွေ့ရှိသော မိုက်ခရိုပလတ်စတစ်များသည် အရွယ်အစားအားဖြင့် ၇၀၀ နာနိုမီတာရှိကြောင်း၊ ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်တန်ချိန်ပေါင်း သန်း ၃၀၀ ကျော်ထွက်ရှိနေပြီး ၎င်းတို့အနက် ၁၄ သန်းခန့်မှာ ပင်လယ်သမုဒ္ဒရာတွင်သာ အဆုံးသတ်သွားသည့်အတွက်ရေနေသတ္တဝါများအနေဖြင့် ထိုပလတ်စတစ်များကို စားသုံးမိနိုင်ကာ ထိုမှတစ်ဆင့် အစာကွင်းဆက်အနေဖြင့် လူသားများထံ ရောက်ရှိလာနိုင်ခြင်းဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ထားသည်။

ကမ္ဘာတွင် နှစ်စဉ် ပလတ်စတစ်စွန့်ပစ်ပစ္စည်း တန်ချိန်သန်း ၄၀၀ ခန့် ထွက်နေသည်။ ၎င်းစွန့်ပစ်ပလတ်စတစ်များသည် ရေနှင့် လူများ



စားသုံးသည့် အစားအစာအပါအဝင် သဘာဝပတ်ဝန်းကျင်ထဲကို စိမ့်ဝင်နိုင်ပြီး ဆိုးရွားသည့်ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ ယနေ့ကာလတွင်ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်ထိပ်မှ အနက်ရှိုင်းဆုံး သမုဒ္ဒရာများထိရှိနေကြသည်။ ပလတ်စတစ်အမှုန်များသည် ပင်လယ်သမုဒ္ဒရာအစိတ်အပိုင်းအားလုံးသို့ စိမ့်ဝင်နေပြီဖြစ်ရာ အသေးငယ်ဆုံး ရေသတ္တဝါများမှသည် ဝေလငါးများထိ ရေသတ္တဝါအားလုံးတွင်တွေ့ရသည်။ စစ်တမ်းများအရ သမုဒ္ဒရာများထဲတွင် မိုက်ခရိုပလတ်စတစ်အပိုင်းအစ ၅ ဒသမ ၂၅ ထရီလီယံရှိပြီး သမုဒ္ဒရာ၏ စတုရန်းမိုင်တိုင်းတွင် တန်ချိန် ၂၆၉၀၀ ထိရှိသော ပလတ်စတစ်အပိုင်းအစ ၄၆၀၀၀ ခန့်ရှိနေသည်။

**ပလတ်စတစ်သုံးစွဲမှုလျှော့ချနည်း**

ဖော်ပြပါ ပလတ်စတစ်အန္တရာယ်အမျိုးမျိုးတို့ကြောင့် ပလတ်စတစ်အသုံးပြုမှုကို တစ်ဦးတစ်ယောက်မှသည် တစ်မိသားစုလုံးပင်ကိုယ်အသိစိတ်ဖြင့် လျှော့ချရမည်။ R1, R2, R3, R4 နည်းစနစ်အဆင့်ဆင့်လုပ်ပါ။

R1 – Refuse ဆိုသည်မှာ ဈေးဝယ်စဉ် ကြွပ်ကြွပ်အိတ်အသစ်ပေးလျှင် မယူပါနှင့်၊ ငြင်းပယ်ပါ (သွားရင်းလာရင်း ကြုံသလို ဈေးဝယ်တတ်သူဖြစ်ပါက ပိုက်ဆံအိတ်ထဲတွင် ကြွပ်ကြွပ်အိတ်ခွံအဟောင်းတစ်ခုကို ခေါက်ထည့်ဆောင်ထားပါ)

R2 – Reduce ဆိုသောအဓိပ္ပာယ်မှာ မဖြစ်မနေသုံးစွဲရမည်ဆိုပါက စက္ကူအိတ်ကဲ့သို့ အလွယ်တကူ ဆွေးမြေ့နိုင်သည့် ထုပ်ပိုးပစ္စည်း သို့မဟုတ် ပြန်လည်လျှော်ဖွပ်၍ရသော ဈေးဝယ်အိတ်ကိုသုံးပါ။

R3 – Reuse ဆိုသည်မှာ အိမ်တွင်ရှိနေသည့် ကြွပ်ကြွပ်အိတ်အဟောင်း မပေါက်မပြဲမချင်း ရေဆေးပြီး ပြန်လည်သုံးစွဲပါ။

R4 – Recycle ဆိုသော အဓိပ္ပာယ်မှာ တစ်နည်းတစ်ဖုံ ပြန်လည်အသုံးပြုရန်ဖြစ်ပါသည်။ ဥပမာ အိတ်ခွံအပေါက်အပြဲ ရောင်စုံတို့ကိုဖျာကဲ့သို့ယက်၍လည်းကောင်း၊ ခန်းဆီးလိုက်ကာ ကဲ့သို့လည်းကောင်း တစ်နည်းနည်း အသုံးချပါ။

အဓိကအချက်မှာ ပလတ်စတစ်ပစ္စည်းသုံးစွဲမှုကို မိမိကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် လျှော့ချရန်ဖြစ်သည်။

**ပလတ်စတစ်အသုံးပြုမှု လျှော့ချရေးဆိုင်ရာ နည်းဗျူဟာများ**

ကမ္ဘာ့နိုင်ငံအချို့တွင် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးအတွက် လက်တွေ့ကျင့်သုံးနေသော နည်းဗျူဟာများသည် အလွန်ကောင်းမွန်သော စနစ်ဖြစ်သဖြင့် အတုယူသင့်သည်။

မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံ တစ်ခုဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၀၂ ခုနှစ်ကပင် ပလတ်စတစ်အိတ်များကို ပိတ်ပင်ခဲ့သည့် ပထမဆုံးနိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံသည်လည်း ပလတ်စတစ်ပစ္စည်းသုံးစွဲမှုကို တားမြစ်ထားပြီးဖြစ်သည်။

ဂျပန်နိုင်ငံတွင် ပလတ်စတစ်တိုက်ဖျက်ရေး ဥပဒေသစ်ကို အသက်ဝင်ပြီးဖြစ်ရာ၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် တစ်ခါသုံးပလတ်စတစ်အသုံးပြုမှုကို ဖြတ်တောက်လျက်ရှိသည်။ နီပွန်စက္ကူကုမ္ပဏီသည် စာသင်ကျောင်းများတွင် နေ့လယ်စာကျွေးချိန်၌ ကလေးငယ်များအတွက် ဖွင့်ဖောက်ရလွယ်ကူပြီး ပိုက်သုံးစရာမလိုဘဲ သောက်သုံးလို့ရသည့် နွားနို့ထည့်ရန်ကတ်ထူဘူးများ ပြုလုပ်ထားသည်။ ထို့ပြင် ဂျပန်နိုင်ငံရှိ Daio စက္ကူလုပ်ငန်းမှလည်း ရေစိုနှင့်ဆီပေသောဒဏ်ကို ခံနိုင်သည့် စက္ကူအဝတ်လှန်းချိတ်နှင့် ဇွန်းများ ထုတ်လုပ်ရောင်းချနေသည်။ ဂျပန်ဓာတုဗေဒကုမ္ပဏီကြီးတစ်ခုသည် ၎င်း၏လောင်စာဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ရန်အတွက် ရေနံစိမ်းအခြေခံပစ္စည်းအစား စွန့်ပစ်ပလတ်စတစ်ကို ကုန်ကြမ်းအဖြစ်အသုံးပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ကုဒ်နံပါတ်သတ်မှတ်ခြင်း။**

အသုံးပြုပြီး ပလတ်စတစ်ပစ္စည်းများကို ပြန်လည်တီထွင် ထုတ်လုပ်အသုံးပြုနိုင်သည့်အနေအထား ရှိ၊ မရှိကို အမျိုးအစားအလိုက် SPI Code ကုဒ်နံပါတ်များသတ်မှတ်လေ့ရှိပြီး ၎င်းကုဒ်နံပါတ်ကိုထုတ်လုပ်သည့် ပစ္စည်း၏အောက်ခြေတွင် တံဆိပ်နှိပ်ဖော်ပြထားသည်။ စုစုပေါင်း ကုဒ်နံပါတ် ခုနစ်မျိုးသတ်မှတ်ထားပါသည်။ ၎င်းတို့မှာ–

ကုဒ်နံပါတ် (၁) သည် PETE ပလတ်စတစ်အမျိုးအစားဖြစ်ပြီး မိမိတို့နေ့စဉ်ဘဝမှာ သုံးစွဲနေကြသည့် ရေသန့်ဘူး၊ ပလတ်စတစ်အချိုရည်ဘူး၊ အသင့်စားအစားအသောက်ထည့်သည့် ပလတ်စတစ်ဘူးများတွင် အများဆုံးတွေ့ရပြီးအများစုသည် ပြန်လည်တီထွင် အသုံးပြုနိုင်သည်။

ကုဒ်နံပါတ် (၂) သည် HPDE ပလတ်စတစ်အမျိုးအစားဖြစ်ပြီး အလှကုန်ဘူးများ၊ ဆပ်ပြာရည်ဘူးများ၊ ကလေးကစားစရာအရုပ်နှင့် နွားနို့ဘူး၊ ဒိန်ချဉ်ဘူးများတွင် အများဆုံးတွေ့နိုင်သည်။ ထိုပစ္စည်းများသည်လည်း ပြန်လည်သန့်စင်ထုတ် လုပ်လို့ရသည့် အမျိုးအစားထဲတွင် ပါဝင်သည်။

ကုဒ်နံပါတ် (၃) သည် PVC ပလတ်စတစ် အမျိုးအစားဖြစ်ပြီး ၎င်းကို PVC ရေပိုက်များ၊ တံခါးရွက်များ၊ ဆေးပညာနှင့်ပတ်သက်သော ကိရိယာများတွင် အများဆုံးတွေ့နိုင်သည်။ PVC ပိုက်တို့ကို မီးရှို့လုပ်ကိုင်ရာမှ ထွက်လာသည့်ညှော်နံ့သည် ကျန်းမာရေးအတွက် လွန်စွာဆိုးရွားလှသည့်အတွက် အသုံးပြုပြီး ၎င်းပစ္စည်းများကို ပြန်လည်အသုံးပြုတီထွင်နိုင်ရန်အတွက်ကိုမူ ကမ္ဘာ့နိုင်ငံအသီးသီးက ပညာရှင်များက ရှာဖွေနေကြဆဲ ဖြစ်သည်။

ကုဒ်နံပါတ် (၄) သည် LDPE ပလတ်စတစ်အမျိုးအစားဖြစ်ပြီး အသုံးပြုရန် စိတ်ချရသည့် ပလတ်စတစ်အမျိုးအစားအဖြစ် သတ်မှတ်ထားကာ ဈေးဝယ်အိတ်များ၊ အအေးခံပလတ်စတစ်ဘူးခွံများ၊ လက်ဖြင့်ညှစ်၍ရသည့် ပလတ်စတစ်ဘူးအပျော့များနှင့် ပလတ်စတစ်ပါကင်များတွင် အများဆုံးတွေ့ရတတ်ပါသည်။ ၎င်းတို့ကို ပလတ်စတစ်အမှိုက်ပုံးကဲ့သို့ အိမ်သုံးပစ္စည်းများနှင့် အိမ်အလှဆင် ပစ္စည်းများအဖြစ် ပြုလုပ်ရာမှာ ပြန်လည်ပြုပြင် ထုတ်လုပ်အသုံးပြုနိုင်သည်။

ကုဒ်နံပါတ် (၅) သည် PP ပလတ်စတစ်အမျိုးအစားဖြစ်ပြီး ၎င်းတို့ကို ပလတ်စတစ်ဆေးဘူးပုလင်းများ၊ အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်သည့် ထမင်းဘူး၊ ရေဘူးများ၊ နို့နှင့် ဒိန်ချဉ်ပုလင်းများတွင် အများဆုံးတွေ့ရသည်။ ၎င်းတို့ကိုလည်း ပြန်လည်ပြုပြင်ထုတ်လုပ် အသုံးပြုနိုင်သည်။ အိမ်သုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်းများအဖြစ် ပြန်လည်ထုတ်လုပ်ကြသည်။

ကုဒ်နံပါတ် (၆) သည် PS ပလတ်စတစ်အမျိုးအစားဖြစ်ပြီး တစ်ခါသုံးပလတ်စတစ် အအေးဘူးခွံများ၊ ဖော့ပါကင်အခွံများ၊ ကြက်ဥထည့်သည့် ပလတ်စတစ်ဘူးခွံများနှင့် တစ်ခါသုံးအစားအသောက်ပန်းကန်များတွင် အများအပြားတွေ့ရသည်။ ၎င်းပလတ်စတစ်ပစ္စည်းများကို ပြန်လည်ပြုပြင် ထုတ်လုပ်သုံးစွဲနိုင်သည့် နည်းပညာမရှိသေးပေ။

ကုဒ်နံပါတ် (၇) သည် အထက်တွင် ဖော်ပြထားသော ကုဒ်နံပါတ်အမျိုးအစားများနှင့် မတူဘဲ ပလတ်စတစ် အမျိုးအစား တစ်မျိုးထက်ပိုပြီး ပါဝင်နေသောကြောင့် ပြန်လည်ပြုပြင်ထုတ်လုပ် အသုံးပြုရန်ခက်ခဲသည်။ ထိုကုဒ်နံပါတ်ပါ ပလတ်စတစ်မျိုးကို နေကာမျက်မှန်၊ နိုင်လွန်ပလတ်စတစ် အမျိုးအစားနှင့် စီဒီခွေပြားများတွင် အများဆုံးတွေ့ရှိနိုင်သည်။

ထို့ကြောင့် အထက်ပါ အချက်အလက်တို့ကို သိထားပါက မိမိတို့စွန့်ပစ်သည့် ပလတ်စတစ်အမှိုက်အမျိုးအစားနှင့် ပြန်လည်သန့်စင်ထုတ်လုပ်နိုင်ခြင်း ရှိ၊ မရှိ မှတ်သားပြီး ၎င်းတို့ကို သုံးစွဲခြင်းမှ လျှော့ချရှောင်ရှားနိုင်ပါကြောင်း အသိပေးလိုက်ရပါသည်။

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကန့်ဘလူ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၀၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပြောင်းခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိအစေ့ထုတ်ပြောင်း ၅၅၂၉ ဧက၊ ဖူးစားပြောင်း ၁၅၅၈ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၇၀၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကွမ်းသီးနု ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကွမ်းသီးနု ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ကွမ်းသီးနု ပိဿာချိန် ၇၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ကွမ်းသီးနု ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ကွမ်းသီးနုများ ဝယ်လိုအား ကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

" ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်ကို ဖေဖော်ဝါရီလထဲမှာ ကွမ်းသီးနု ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို အများအပြား တင်ပို့ခဲ့ရပါတယ်။ လက်ရှိ ကွမ်းသီးနု တစ်ပိဿာကို ငွေကျပ် ၁၁၅၀၀ ထိ ပေါက်ဈေးရှိပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြ၍ သိရသည်။



မော်လမြိုင်ကျွန်းမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးနုများကို ကုန်သည်များမှ ကွမ်းသီးခြံများ အရောက်သွားရောက် ဝယ်ယူကာ စနစ်တကျ ရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# စလင်းမြို့နယ် ဝက်သိုက်ကျေးရွာ၌ RBF စီမံကိန်းဖြင့် ဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စလင်း မတ် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းစုကျေးရွာအုပ်စု ဝက်သိုက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)ဖြင့် ဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝက်သိုက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ချေးငွေဖြင့် CP ဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်သောအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ်လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ဝက်သိုက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခု ဒုတိယနှစ်စက်ဝန်းတွင် အဖွဲ့လေးဖွဲ့ကို ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားကာ စီမံကိန်းလုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

# လှိုင်းဘွဲ့မြို့နယ် ကော့ကရက်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ မတ် ၁၁**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကော့ကရက်ကျွန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကော့ကရက်ကျွန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၈၆ သိန်း ထုတ်ချေးပေးထားကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။

**ကိုသက်**

# ကျောက်တန်းမြို့နယ် ကြံပင်ကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျောက်တန်း မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသထွက်ကုန်သီးနှံများ ရာသီမရွေး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ကြံပင်ကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို မတ် ၁၀ ရက်နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လင်းသန်းနှင့် တာဝန်ရှိသူများက ကြံပင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကြံပင်ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်တစ်မိုင် ၄ ဒသမ ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံကျောက်ခင်းခြင်း၊ အရှည် ၁၂ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတားတစ်စင်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၅၄ ဒသမ ၇၆ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကြံပင်ကျေးရွာရှိ လယ်ဧက ၈၀၀ တွင် စိုက်ပျိုးထားသော ဒေသထွက်ကုန်ပစ္စည်းများ ရာသီမရွေး ဈေးကွက်သို့ သယ်ပို့နိုင်သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

**အထွေး**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# မောလ်ဒိုဗာနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး သစ်တောမြေ ဟက်တာ ၁၈၀ ထိ ပျက်စီး



**ချီစင်နော မတ် ၁၁**

မောလ်ဒိုဗာနိုင်ငံ နစ်ပိုရီနီခရိုင် မီရ်ဇာယာကျေးရွာအနီးတွင် မတ် ၁၀ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး အပူချိန်မြင့်မားကာ လေတိုက်နှုန်း မြင့်မားနေသည့်အတွက် သစ်တောမြေဟက်တာ ၁၈၀ ထိ လောင်ကျွမ်းပျက်စီးနေကြောင်း မောလ်ဒိုဗာသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုမှာ အချိန်တိုအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ရခြင်းမှာ စွန့်ပစ်ပစ္စည်းများစွန့်ပစ်သည့်နေရာနှင့် စိုက်ခင်းများတွင် တောမီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည့်အတွက် တောမီးကူးစက်လောင်ကျွမ်းမှုမြန်ဆန်ခဲ့ပြီး တောမီးလောင်ကျွမ်းသည့် နေရာ ၇၁ နေရာထိရှိနေကာ စိုက်ခင်းနေရာ ၅၉ နေရာနှင့် စွန့်ပစ်ပစ္စည်းများ၊ ဖို့မြေများနေရာ ၁၂ နေရာထိ မီးလောင်ကျွမ်းနေကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ တောမီးကို ကြိုးစား ငြိမ်းသတ်နေကြောင်း၊ သဘာဝအလျောက် လောင်ကျွမ်းခြင်းမျိုးမဟုတ်ဘဲ ပေါ့ဆမီးလောင်ကျွမ်းမှုဖြစ်ပေါ်စေသည့် တရားခံများကို ရှာဖွေဖော်ထုတ်သွားမည်ဖြစ်ကြောင်း မောလ်ဒိုဗာသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"နစ်ပိုရီနီခရိုင်မှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပါတယ်။ မီရ်ဇာယာကျေးရွာအနီးမှာ လောင်ကျွမ်းနေတဲ့တောမီးက အန္တရာယ်အရှိဆုံးပါပဲ။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် ကြိုးစားနေပါတယ်။ တောမီးဟာ သဘာဝအလျောက် လောင်ကျွမ်းတာမျိုးမဟုတ်ပါဘူး။ မီးပေါ့ဆမှုကြောင့်ဖြစ်ပါတယ်"ဟု မောလ်ဒိုဗာသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အာဂျင်တီးနားနိုင်ငံ ရေကြီးရေလျှံမှုအတွင်း သေဆုံးသူများအတွက် ဝမ်းနည်းကြေကွဲခြင်းနေ့အဖြစ် အာဏာပိုင်များက သုံးရက်ကြာကြေညာမည်

**ဗျူနို့စ်အေးရိစ် မတ် ၁၁**

အာဂျင်တီးနားနိုင်ငံတွင် လွန်ခဲ့သော သီတင်းပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ခဲ့ရာ သေဆုံးသူ ၁၆ ဦးထိ မြင့်တက်ခဲ့ပြီး ပျောက်ဆုံးနေသူ အများအပြားလည်းရှိနေသေးရာ အာဂျင်တီးနားအာဏာပိုင်များက သုံးရက်ကြာဝမ်းနည်းကြေကွဲခြင်းနေ့အဖြစ် ကြေညာသွားမည်ဖြစ်ကြောင်း မတ် ၉ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေးရိစ်ပြည်နယ် တောင်ပိုင်းရှိ အဓိကဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်သော ဘာဟီရာဘလန်ကာမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများဖြစ်ပွားခဲ့ရာ ယနေ့အချိန်ထိ သေဆုံးသူ ၁၆ ဦးထိ မြင့်တက်လာခဲ့ပြီး သေဆုံးသူများထဲတွင် အသက် တစ်နှစ်နှင့် ငါးနှစ်ကြား မိန်းကလေးငယ်နှစ်ဦးလည်း ပါဝင်လျက်ရှိရာ သုံးရက်ကြာဝမ်းနည်းကြေကွဲခြင်းနေ့များအဖြစ် တာဝန်ရှိသူများက ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။



ဘာဟီရာဘလန်ကာမြို့တော်ဝန် ဖီဒရီကိုဆက်ဆဘီလက်က ရေကြီးရေလျှံမှုအတွင်း လူ ၁၆ ဦး သေဆုံးခဲ့ကြောင်း၊ အခြေခံအဆောက်အအုံ ပျက်စီးဆုံးရှုံးမှုအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော်ရှိကြောင်း၊ ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ သဘာဝဘေးကြောင့် သေဆုံးသူများအတွက် သုံးရက်ကြာ ဝမ်းနည်းကြေကွဲကြောင်း ကြေညာသွားမည်ဖြစ်ကြောင်း အာဂျင်တီးနားသမ္မတရုံးက မတ် ၉ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# အယ်ဖရက်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ဝင်ငွေမရသည့်ပြည်သူများကို သြစတြေးလျအစိုးရက ကူညီပံ့ပိုးပေးမည်

**ကင်ဘာရာ မတ် ၁၁**

သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်နှင့် နယူးဆောက်ဝေးပြည်နယ်တို့တွင် အယ်ဖရက်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် အလုပ်နားရပြီး စားဝတ်နေရေးကျပ်တည်းနေသော ပြည်သူများအတွက် သြစတြေးလျအစိုးရက ငွေကြေးပံ့ပိုးမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မတ် ၈ ရက်က အယ်ဖရက်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသလို အခြေခံအဆောက်အအုံတချို့ပျက်စီးခဲ့ကြောင်း၊ အယ်ဖရက် ဆိုင်ကလုန်းမုန်တိုင်းအခြေအနေ တည်ငြိမ်သွားပြီဖြစ်သော်လည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရဆဲဖြစ်ပြီး သြစတြေးလျနိုင်ငံ၏ တတိယမြောက် လူဦးရေအထူထပ်ဆုံးမြို့ဖြစ်သည့် ဘရစ္စဘိန်းမြို့သည် ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ဘရစ္စဘိန်းမြို့မြောက်ပိုင်းရှိ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းနေရကာ ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူတစ်ဦးရှိခဲ့သလို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် တပ်မတော်သားများအနက် ထိခိုက်ဒဏ်ရာရရှိသူ ၁၂ ဦးရှိခဲ့ကြောင်း သိရသည်။

"စားဝတ်နေရေးကျပ်တည်းနေတဲ့ပြည်သူတွေကို ပုံမှန်အတိုင်းလည်ပတ်နိုင်အောင် လိုအပ်တဲ့ ပံ့ပိုးမှုတွေ ပြုလုပ်ပေးသွားမယ်။ ဒါဟာ ပြည်သူတွေအတွက် ကျွန်တော်တို့လုပ်နိုင်တာ အကောင်းဆုံး လုပ်ပေးသွားမယ်ဆိုတာကို အသိပေးတာ ဖြစ်ပါတယ်"ဟု သြစတြေးလျဝန်ကြီးချုပ် အန်တိုနီက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် နွေရာသီရေအခက်အခဲဖြစ်ပေါ်နိုင်သဖြင့် ရေကိုချွေတာသုံးစွဲရန် တာဝန်ရှိသူများတိုက်တွန်း

**ဗီယင်ကျန်း မတ် ၁၁**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် နွေရာသီကာလအတွင်း ရေထုတ်လုပ်မှု အခက်အခဲဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများအနေဖြင့် ရေကိုချွေတာသုံးစွဲကြရန် မြို့တော်ရေပေးဝေရေးဌာနက သတိပေးချက် ထုတ်ပြန်ထားကြောင်း မတ် ၁၀ ရက် သတင်းများအရ သိရသည်။

ဗီယင်ကျန်းမြို့တော် ရေပေးဝေရေးဌာနက ပူပြင်းခြောက်သွေ့သောလများအတွင်း ဖြစ်ပေါ်တတ်သော ရေထုတ်လုပ်ရာတွင် ကြုံတွေ့ရသည့် ကန့်သတ်ချက်များကို ထောက်ပြထားသည့်အပြင် လက်ရှိတွင် တစ်ရက်လျှင်ရေထုတ်လုပ်နိုင်စွမ်းမှာ စတုရန်းမီတာ ၃၄၈၀၀၀ ရှိပြီး မြို့တော်၏ ရေလိုအပ်ချက်မှာ ၅၂၀၀၀၀ စတုရန်းမီတာဖြစ်သောကြောင့် ပြည်သူများအနေဖြင့် ရေရှားပါးသည့် အခြေအနေမျိုး မဖြစ်ပွားစေရန် ရေသုံးစွဲမှုကို စနစ်တကျဖြင့် ထိန်းသိမ်းသုံးစွဲရန် သတိပေးချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ရေသုံးစွဲမှုနှင့်ပတ်သက်၍ မလိုအပ်ဘဲ ရေသိုလှောင်သိမ်းဆည်းခြင်းများ၊ မလိုအပ်ဘဲ ဆေးကြောခြင်းများနှင့် ပန်းပင်များကို ရေလောင်းခြင်းများကဲ့သို့ ရေအလွဲသုံးစားမှုများကို ရှောင်ကြဉ်ရန် အပါအဝင် အကြံပြုချက်အများအပြားကိုလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါကြေညာချက်နှင့်ပတ်သက်၍ ပြည်သူများကြားမကျေနပ်မှုများဖြစ်ပေါ်လျက်ရှိပြီး အချို့ဒေသများတွင် ရေပြတ်လပ်မှုများ စတင်ဖြစ်ပေါ်လျက်ရှိရာ အစိုးရအနေဖြင့် ရေထုတ်လုပ်မှုကို တိုးမြှင့်နိုင်ရေး ငွေကြေးရှာဖွေခြင်းသို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ပူးပေါင်းဆောင်ရွက်ရန် ထောက်ပြပြောဆိုမှုများ ရှိနေကြောင်း သိရသည်။

ဗီယင်ကျန်းမြို့တော်တွင် နည်းပညာဆိုင်ရာအခက်အခဲများနှင့် မြင့်မားသော ရေလိုအပ်ချက်ကြောင့် ၂၀၂၄ ခုနှစ်ကလည်း ရေသုံးစွဲမှုကို ထိန်းသိမ်းသုံးစွဲရန်နှင့် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသူများက ပြောကြားသည်။

Ref : Sputnik News

Trs : AZH

# အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် အခြေခံလူတန်းစားနေအိမ် အိမ်ခေါင်မိုးများကို အပူဒဏ်ခံနိုင်သည့်သုတ်ဆေးများ သုတ်ပေးနေ

**နယူးဒေလီ မတ် ၁၁**

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက အပူချိန်မြင့်မားနေ၍ ကျန်းမာရေးလုံခြုံမှုအရ လေအေးပေးစက်များ အသုံးမပြုနိုင်သည့် အခြေခံလူတန်းစားများအတွက် ကူညီပေးမှုအနေဖြင့် အိမ်ခေါင်မိုးများတွင် အပူဒဏ်ခံနိုင်သည့် သုတ်ဆေးများလိုက်လံသုတ်ပေးနေကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် အပူချိန်မြင့်မားနေပြီး ဒေသခံများအနက် ငွေကြေးမတတ်နိုင်၍ အပူဒဏ်ကို ရင်ဆိုင်နေရကြောင်း၊ အပူချိန်မြင့်မားလျက်ရှိသည့် အမီဒါဘတ်မြို့တွင် အပူဒဏ်ခံနိုင်ရေးအတွက် သုတ်ဆေးသုတ်ပေးမည့် နေအိမ် ၄၀၀ ကျော်ရှိကြောင်း၊ ဂူဂျာရတ်ပြည်နယ် အနောက်ဘက်ပိုင်းတွင် အပူချိန်မြင့်မားမှုဖြင့် ရင်ဆိုင်နေရသည်မှာ နှစ်လကျော်ရှိနေပြီဖြစ်ပြီး အိမ်ခေါင်မိုးများ အပူဒဏ်ခံနိုင်ရေးအတွက် သုတ်ဆေးများ သုတ်သည့်စီမံကိန်းကို ဗြိတိန်အခြေစိုက် Wellcome Trust အဖွဲ့အစည်းက ပံ့ပိုးပေးပြီး ဂျာမနီနိုင်ငံ ဟိုက်ဒယ်လ်ဘတ်တက္ကသိုလ်မှ ကူးစက်ရောဂါဗေဒဆိုင်ရာ သုတေသီ အဒီတီဘန်ကာက ဦးဆောင်လျက်ရှိကြောင်း ဂူဂျာရတ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပြင်ပမှာရင်ဆိုင်ရတဲ့ ကိစ္စရပ်တွေကို ရှောင်နိုင်ဖို့အတွက် လူတွေဟာအမိုးအကာရှာကြတာသဘာဝပါပဲ။ ဒါပေမဲ့ အပူချိန်ကြောင့်နေအိမ်အတွင်းမှာလဲ အပူဒဏ်ခံနေရတယ်။ အပူဒဏ်ကို ရင်ဆိုင်နိုင်ဖို့အတွက် အိမ်ခေါင်မိုးတွေမှာ အပူဒဏ်ခံသုတ်ဆေးတွေသုတ်ပေးပြီး အကာအကွယ် ပြုလုပ်ပေးနေပါတယ်"ဟု ဂျာမနီနိုင်ငံ ဟိုက်ဒယ်ဘတ်တက္ကသိုလ်မှ ကူးစက်ရောဂါဗေဒဆိုင်ရာ သုတေသီ အဒီတီဘန်ကာက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများဖြင့် အကျိုးဖြစ်ထွန်းနေသော အာဖဂန်နစ္စတန်

တရုတ်နိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်ရှိ တာလီဘန်အစိုးရအဖွဲ့ကို တရားဝင်အသိအမှတ်ပြုခြင်းမရှိသေးသော်လည်း တာလီဘန်အဖွဲ့နှင့် ချစ်ကြည်ရင်းနှီးမှု တဖြည်းဖြည်းနက်ရှိုင်းလာလျက်ရှိသည်။ သံခင်းတမန်ခင်းနှင့် စီးပွားရေးဆိုင်ရာ ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာတောင့်တင်းလာရေး တရုတ်နိုင်ငံ၏ ကြိုးပမ်းမှုများသည် မကြာသေးမီနှစ်များအတွင်း ပိုမိုအရှိန်မြင့်တက်လာလျက်ရှိသည်။

အာဖဂန်ဆိုင်ရာ တရုတ်သံတမန်က တရုတ်နိုင်ငံသို့ တင်သွင်းသည့် အာဖဂန်ပို့ကုန်များကို စည်းကြပ်ခွန်ကင်းလွတ်ခွင့်ပေးကာ အာဖဂန်နစ္စတန်တွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် စိတ်ပါဝင်စားကြောင်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားသွားခဲ့သည်။ ထို့နောက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ကဘူးလ်မြို့၌ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်သံတမန်များသည် ကဘူးလ်မြို့၊ တက်ခါနှင့် ဘာဒက်ရှန်ပြည်နယ်တို့တွင် အအေးခန်း သုံးခုတည်ဆောက်သွားမည့်အစီအမံများကို ကြေညာခဲ့သည်။ တန်ချိန် ၁၅၀၀ ခန့် သိုလှောင်နိုင်မည့် အဆိုပါအအေးခန်းများသည် ကုန်သွယ်မှုနှင့် လယ်ယာထုတ်ကုန်များ သိုလှောင်ရန် ရည်မှန်းထားရှိသည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းတွင် အဓိကဒေါက်တိုင်ဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ တရုတ်နိုင်ငံ၏ ဖြည့်ဆည်းဆောင်ရွက်မှုသည် တဖြည်းဖြည်းတိုးတက်ကြီးထွားလာလျက်ရှိသည်။

အာဖဂန်နစ္စတန်အနေဖြင့် အကြွေးဝန်ထုပ်ဝန်ပိုးဖြစ်နိုင်သည်ဆိုသော စိုးရိမ်ပူပန်မှုများမြင့်တက်လျက်ရှိပြီး ငွေကြေးအလွန်အကျွံချေးယူခြင်းသည် အင်ဂိုလာ၊ ဇမ်ဘီယာနှင့် ကင်ညာနိုင်ငံတို့တွင် ကြုံတွေ့ရသည့်အတိုင်း စီးပွားရေးမှီခိုမှုကိုဖြစ်ပေါ်စေခြင်းနှင့် မဟာဗျူဟာမြောက်ပိုင်ဆိုင်မှုတို့ ဆုံးရှုံးစေနိုင်သည်။ ဆိုရလျှင် အာဖဂန်နစ္စတန်အနေဖြင့် တရုတ်နိုင်ငံနှင့် မဟာဗျူဟာမြောက် ထိတွေ့ဆက်ဆံမှုများလုပ်ဆောင်ခြင်းသည် မတူကွဲပြားသော သက်ရောက်မှုများဖြစ်ပေါ်လာနိုင်ပေသည်။

အာဖဂန်နစ္စတန်၏ ပထဝီနိုင်ငံရေးဆိုင်ရာ ရပ်တည်ချက်နှင့် ကြွယ်ဝပြီး ထုတ်ယူသုံးစွဲခြင်းမရှိသေးသော သဘာဝအရင်းအမြစ်များသည် အပြန်အလှန် အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းများဖြစ်ပေါ်စေနိုင်သည်။ ပွင့်လင်းမြင်သာသော သဘောတူညီချက်များခိုင်မာသေချာအောင် ဆောင်ရွက်ခြင်း၊ ပြီးပြည့်စုံသော ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အမျိုးသားအကျိုးစီးပွားနှင့် အကျုံးဝင်သော အခြေခံအဆောက်အအုံစီမံကိန်းများ ဦးစားပေးဆောင်ရွက်ခြင်းဖြင့် အာဖဂန်နစ္စတန်နိုင်ငံသည် အကြွေးဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို တွန်းအားပေးနိုင်စေမည့် တရုတ်ရင်းနှီးမြှုပ်နှံမှုများကို ထုတ်ယူသုံးစွဲသွားနိုင်မည်ဖြစ်သည်။

အာဖဂန်နစ္စတန်၏ စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ဖယ်ကြဉ်ခံရမှုများသည် တရုတ်ကဲ့သို့သော နိုင်ငံများနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်ရာတွင်အရေးပါလျက်ရှိသည်။ အမှန်တွင် တရုတ်နိုင်ငံနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုသည် အာဖဂန်နစ္စတန်နိုင်ငံကို စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပထဝီနိုင်ငံရေးဆိုင်ရာ ဖယ်ကြဉ်ခံရမှုကိုကာကွယ်နိုင်ခြင်းနှင့် မဟာဗျူဟာမြောက်ထိတွေ့ဆက်ဆံမှုမှတစ်ဆင့် တည်ငြိမ်အေးချမ်းမှုခိုင်မာသေချာအောင် ဆောင်ရွက်ခြင်းဆိုသည့် အရေးပါသော အခွင့်အလမ်းနှစ်ရပ်ကို ကမ်းလှမ်းပေးလျက်ရှိသည်။

**စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပထဝီနိုင်ငံရေးဆိုင်ရာ ဖယ်ကြဉ်ခံရမှုကို ကာကွယ်ခြင်း**

၂၀၂၁ ခုနှစ် ဩဂုတ်လတွင် တာလီဘန်တို့ စတင်အာဏာရရှိစဉ်ကတည်းက အခြားတိုင်းပြည်များနှင့် အာဖဂန်နစ္စတန်နိုင်ငံ၏ သံခင်းတမန်ခင်းနှင့် စီးပွားရေးဆိုင်ရာ ချစ်ကြည်ရင်းနှီးမှုတို့သည် သိသိသာသာယိုယွင်းလာခဲ့သဖြင့် ကမ္ဘာလုံးဆိုင်ရာ စင်မြင့်တွင် ဖယ်ကြဉ်မှုခံလာခဲ့ရသည်။ ဒေသတွင်းနိုင်ငံများနှင့် မဟာဗျူဟာမြောက်ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ခြင်း၊ အထူးသဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမ(BRI) ကဲ့သို့သော စီမံကိန်းများနှင့် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ခြင်းတို့သည် အာဖဂန်နစ္စတန်နိုင်ငံကို ကမ္ဘာလုံးဆိုင်ရာစနစ်သို့ ပြန်လည်ပေါင်းစည်းရန်နှင့် စီးပွားရေးပြန်လည်တည်ဆောက်ရေးတို့အတွက် အသက်သွေးကြောတစ်ခုကို ကမ်းလှမ်းပေးသွားနိုင်မည်ဖြစ်သည်။ ရပ်ဝန်းနှင့် ပိုးလမ်းမ(BRI)စီမံကိန်းတွင် ချိတ်ဆက်ဆောင်ရွက်ခြင်းအားဖြင့် အာဖဂန်နစ္စတန်အနေဖြင့် အခြေခံအဆောက်အအုံနှင့် ကုန်သွယ်မှုကွန်ရက်များ ပြန်လည်သက်ဝင်လာစေရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး စက်မှုလုပ်ငန်းများ စတင်နိုင်မည်ဖြစ်သည်။

ရပ်ဝန်းနှင့် ပိုးလမ်းမ(BRI)စီမံကိန်း၏ အထင်ကရတစ်ခုဖြစ်သော တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံသည် တရုတ်ရင်းနှီးမြှုပ်နှံမှုများသည် ဒေသတွင်းချိတ်ဆက်မှုနှင့် စီးပွားရေးပေါင်းစည်းမှုတို့ကို မြှင့်တင်နိုင်ကြောင်း ပြသလျက်ရှိသည်။ လမ်းများ၊ ဆိပ်ကမ်းများနှင့် အခြေခံအဆောက်အအုံများတွင် ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံသည် ကုန်သွယ်မှုကွန်ရက်များကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်နေစဉ်မှာပင် ပါကစ္စတန်၏အခန်းကဏ္ဍကို ကုန်စည်အကူးအပြောင်းအတင်အချဗဟိုချက်မအဖြစ် မြှင့်တင်ရာတွင် အထောက်အကူဖြစ်စေလျက်ရှိသည်။ အာဖဂန်နစ္စတန်အနေဖြင့်လည်း Wakhan စင်္ကြံတွင် ရပ်ဝန်းနှင့်ပိုးလမ်းမ(BRI)စီမံကိန်းများနှင့် ချိန်ညှိပေါင်းစပ်ဆောင်ရွက်ခြင်းအားဖြင့် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံအောင်မြင်မှုများမှ အလားတူ သင်ခန်းစာများ ရယူဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံပေါင်းစုံနှင့် ကုန်သွယ်မှုပြုလုပ်ရန် အထောက်အကူပြုနေသည့် ဒေသတွင်းအုပ်စုတစ်ခုဖြစ်သော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့နှင့် ထိတွေ့ဆက်ဆံခြင်းသည် အာဖဂန်နစ္စတန်နိုင်ငံကို စီးပွားရေးအရ ဖယ်ကြဉ်ခံရမှုကို တန်ပြန်ဆောင်ရွက်ရန်နှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေးမူဘောင်သို့ ပေါင်းစည်းရန် အခွင့်အလမ်းတစ်ရပ်ကမ်းလှမ်းပေးမည်ဖြစ်သည်။



ကမ္ဘာတစ်ဝန်း၌ အမေရိကန်ဒေါ်လာ တစ်ထရီလီယံနီးပါးရင်းနှီးမြှုပ်နှံပြီးဖြစ်သည့် BRI သည် အာဖဂန်နစ္စတန်ကို အရေးပါသောချိတ်ဆက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ကမ်းလှမ်းပေးရန် အလားအလာကောင်းများ ပိုင်ဆိုင်ထားရှိသည်။ Wakhanစင်္ကြံမှ ဖြတ်သန်းကာ ကုန်သွယ်မှုလမ်းကြောင်းများ တိုးတက်အောင်လုပ်ဆောင်ခြင်းသည် အာဖဂန်နစ္စတန်နှင့် တရုတ်တို့ကြား တိုက်ရိုက်ချိတ်ဆက်မှု ထူထောင်နိုင်မည်ဖြစ်သည်။ ၎င်းစင်္ကြံသည် ဒေသတွင်းကုန်စည်စီးဆင်းမှုများကို မြှင့်တင်ပေးနိုင်မည့်အပြင် အုပ်ချုပ်ပံ့ပိုးမှု၊ ဆောက်လုပ်ရေးနှင့် ဆက်စပ်စက်မှုလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည့်အတွက် ဒေသခံအာဖဂန်ပြည်သူများ၏ စီးပွားရေးတိုးတက်ရန် မောင်းနှင်အားဖြစ်လာစေမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန်ကို နယ်မြေနီးကပ်နေခြင်း၊ အရင်းအမြစ်အလားအလာများ ရှိနေခြင်းနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမ(BRI)စီမံကိန်း ရည်မှန်းချက်များနှင့်အညီ အဓိကျသော ကုန်သွယ်မှုလမ်းကြောင်းများတစ်လျှောက်တွင် တည်ရှိခြင်းတို့ကြောင့် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် သဘောထားလျက်ရှိသည်။ ထို့ပြင် အာဖဂန်တွင် ပြန်လည်ပြည့်ဖြိုးမြဲနှင့် သတ္တုကဏ္ဍတို့တွင် ထုတ်ယူသုံးစွဲခြင်းမရှိသေးသည့် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားရှိသည်။

တိုင်းပြည်၏ ရေအားလျှပ်စစ်အရင်းအမြစ်များ သုတေသနပြုထုတ်လုပ်ခြင်းသည် ဆည်တမံများတည်ဆောက်ခြင်းနှင့် ဆက်စပ်အဆောက်အအုံများ လိုအပ်သည်။ ထို့ကြောင့် တရုတ်အင်ဂျင်နီယာများနှင့် နည်းပညာကျွမ်းကျင်သူများသည် အာဖဂန်တွင် ပြုပြင်ပြောင်းလဲမှုတည်ဆောက်သည့် အခန်းကဏ္ဍမှပါဝင်သွားနိုင်မည်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံ၏စွမ်းအင်အလားအလာအတွက် လိုအပ်သောဘဏ္ဍာရေးနှင့် နည်းပညာပံ့ပိုးမှုများကိုလည်း ပေးအပ်သွားနိုင်မည်ဖြစ်သည်။

Sheberghan ပြည်နယ်တွင်ရှိသော အရန်သဘာဝဓာတ်ငွေ့များနှင့် Logar ပြည်နယ်တွင်ရှိသော ကြေးနီသတ္တုတွင်းများအပါအဝင် အာဖဂန်နစ္စတန်၏ သဘာဝအရင်းအမြစ်များသည် တရုတ်နိုင်ငံနှင့် နီးကပ်နေသောကြောင့် မဟာဗျူဟာမြောက် အကျိုးအမြတ်များကမ်းလှမ်းပေးအပ်လျက်ရှိရာ ကုန်စည်ပို့ဆောင်မှုအတွက် ပိုမိုမြန်ဆန်ပြီး ကုန်ကျစရိတ်သက်သာစေမည်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ထိန်းချုပ်မှုတို့အတွက် များစွာ အရေးပါလျက်ရှိသော ကြေးနီ၊ လစ်သီယံ၊ သံနှင့် ကျောက်မီးသွေးတို့သည် အာဖဂန်၏ မဟာဗျူဟာမြောက်အရေးပါမှုကို ပိုမိုမြှင့်တင်ပေးလျက်ရှိသည်။ ဆိုရလျှင် နည်းပညာနှင့် အရင်းအနှီးများပိုင်ဆိုင်ထားသော တရုတ်နိုင်ငံသည် အဆိုပါတွင်းထွက်အရင်းအမြစ်များကို ထိရောက်စွာ ထုတ်ယူနိုင်စွမ်းရှိနေသည်။ အာဖဂန်နစ္စတန်နိုင်ငံသည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အထီးကျန်နိုင်ငံအဖြစ်မှ လွတ်မြောက်အောင်ဆောင်ရွက်ကာ ဒေသတွင်းမတည်ငြိမ်မှုတွင် စိုးရိမ်ပူပန်နေရသည့် ၎င်း၏ လုံခြုံရေးဝန်းကျင် တိုးတက်အောင်လည်း လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။

**မဟာဗျူဟာမြောက် ထိတွေ့ဆက်ဆံမှုမှတစ်ဆင့် တည်ငြိမ်အေးချမ်းမှုသေချာအောင် ဆောင်ရွက်ခြင်း**

အကြမ်းဖက်ဝါဒနှင့် ဒေသတွင်းမတည်ငြိမ်မှုတို့သည် အာဖဂန်နစ္စတန်၏ အကြီးမားဆုံးသော စိန်ခေါ်မှုများပင်ဖြစ်သည်။ အာဖဂန်နစ္စတန်နှင့် တရုတ်နိုင်ငံ၏ ထိတွေ့ဆက်ဆံမှုသည် အစွန်းရောက်လှုပ်ရှားမှုများ၊ အထူးသဖြင့် ရှင်ကျန်းဒေသတွင် အစွန်းရောက်လှုပ်ရှားမှုများ တားဆီးသွားနိုင်ရန် စိတ်ဆန္ဒပြင်းထန်နေသောကြောင့်ပင်ဖြစ်သည်။ တရုတ်က ကြီးမားသောခြိမ်းခြောက်မှုအဖြစ် ရှုမြင်ထားသည့် အရှေ့တာကစ္စတန်အစ္စလာမ္မစ်လှုပ်ရှားမှုအဖွဲ့သည် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများတွင် ဗဟိုချက်မဖြစ်လျက်ရှိသည်။ ထို့ကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုအပေါ် တရုတ်နိုင်ငံ၏ ပိုမိုကျယ်ပြန့်သော အာရုံစူးစိုက်မှုသည် အာဖဂန်နစ္စတန်၏ လုံခြုံရေးအကျိုးစီးပွားများနှင့် ကိုက်ညီလျက်ရှိသည်။

တရုတ်နိုင်ငံ၏ မဟာဗျူဟာသည် တည်ငြိမ်မှုခိုင်မာစေရန်အတွက် စီးပွားရေးရင်းနှီးမြှုပ်နှံမှု ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်းတို့ပါဝင်သည်။ တာလီဘန်အဖွဲ့သည် တရုတ်နိုင်ငံကို ခြိမ်းခြောက်ရန် ပြည်ပတိုက်ခိုက်ရေးသမားများအား အာဖဂန်နစ္စတန်နယ်မြေကို အသုံးပြုခွင့်ပေးသွားမည်မဟုတ်ကြောင်း အခိုင်အမာကတိပြုထားလျက်ရှိသည်။ အမှန်တွင် တရုတ်နိုင်ငံနှင့် စီးပွားရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုသည် အာဖဂန်နစ္စတန်အတွက် ကိုယ်ပိုင်လုံခြုံရေး အခြေခံအဆောက်အအုံ ခိုင်မာအားကောင်းစေရန် လမ်းခင်းပေးမည်ဖြစ်သလို တရုတ်နိုင်ငံ၏စိုးရိမ်ပူပန်မှုများကိုလည်း ဖြေလျှော့ပေးနိုင်မည်ဖြစ်သည်။

အချုပ်ဆိုရလျှင် အာဖဂန်နစ္စတန်အနေဖြင့် အကြွေးထောင်ချောက်ထဲမကျဘဲ စီးပွားရေးတိုးတက်မှု၊ ဒေသတွင်းပေါင်းစည်းမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့အတွက် တရုတ်ရင်းနှီးမြှုပ်နှံမှုများကို လက်ခံသွားနိုင်ပေသည်။ သို့သော် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းမှန်သမျှအနေဖြင့် အမှီအခိုကင်းပြီး အာဖဂန်ပြည်သူများကို အကျိုးဖြစ်ထွန်းစေရန် ပွင့်လင်းမြင်သာသော သဘောတူညီချက်များ၊ ခိုင်မာအားကောင်းသော ဘဏ္ဍာရေးအစီအမံများနှင့် အမျိုးမျိုးသောမိတ်ဖက်များအပေါ်တွင် မူတည်လျက်ရှိသည်။ ထို့ကြောင့် အာဖဂန်နစ္စတန်အနေဖြင့် အကျိုးဖြစ်ထွန်းမှုများတိုးမြှင့်နိုင်ရန် မျှတမှုရှိသော အချိန်ကာလသတ်မှတ်ချက်များ ညှိနှိုင်းခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံမှုခိုင်မာသေချာစေရန် ဆောင်ရွက်ခြင်းနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့နှင့် ရပ်ဝန်းနှင့် ပိုးလမ်းမ(BRI)စီမံကိန်းကဲ့သို့သော ဒေသတွင်းမိတ်ဖက်အဖွဲ့များနှင့်လည်း ထိတွေ့ဆက်ဆံဆောင်ရွက်ခြင်းများ လုပ်ဆောင်သွားရန် လိုအပ်ပေသည်။

**ကိုးကား**

**– How Afghanistan Can Benefit from China's Investments by The Diplomat.**

**ဝင်းဇင်(သုတေသန)**

# ၂၀၂၅ ခုနှစ် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း** ပထမဆု
မြင့်မိုရ်ဦး

၂။ **ပြည်သူ့အတွက် တပ်မတော်ဖြစ်သည်** ဒုတိယဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၃။ **(ကြည်း၊ ရေ၊ လေ)သည် ထာဝရညီ** တတိယဆု
လှိုင်ဝင်းထွန်း

၄။ **ရဲဝံ့စွန့်စား ပြည်ချစ်သား** စတုတ္ထဆု
ဒုတိယအရာခံဗိုလ်သက်ဝင်းလှိုင်

၅။ **နိုင်ငံတော်ကို ကာကွယ်ထား နည်းပညာနဲ့တပ်မတော်သား** ပဉ္စမဆု
ခင်ဇော်(မြဝတီ)

**စစ်သည်တေးသီချင်း**

၁။ **တွဲလက်မြဲစေ ညီအစ်ကိုတွေ** ပထမဆု
ထားရ

၂။ **တပ်မတော်၏သမိုင်းပေးတာဝန်** ဒုတိယဆု
မအိ(ပဲခူး)

၃။ **အမိမြေကို ချစ်ကြသူများ** တတိယဆု
ရွှေသင်းသူ(သဇင်)

၄။ **စစ်သားဆိုတာ** စတုတ္ထဆု
ကေသီ

၅။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** ပဉ္စမဆု
မြင့်မြတ်ဦး(မြဝတီ)

**ကဗျာ(ဝါသနာရှင်)**

၁။ **ခေတ်သမိုင်းကိုဆစ်ပိုင်း၍ ရစ်သိုင်းလေသော မော်ကွန်းလွှာ** ပထမဆု
ကောင်းခြိမ့်ကျော်

၂။ **စစ်သားဆိုတာ ပြည့်ရတနာ** ဒုတိယဆု
မနောသစ်(ပခုက္ကူ)

၃။ **နှစ်(၈၀)ပြည့် ဂုဏ်မြတ်သည့်တပ်မတော်နေ့** တတိယဆု
အောင်နိုင်သူ(ဖွဲကပင်)

၄။ **ကြယ်ပေါင်းဝန်းရံရွှေနိုင်ငံ၏ အောင်လံမြင့်မော် တပ်မတော်** စတုတ္ထဆု
ခိုင်မြတ်မော်(မြဝတီ)

၅။ **အစဉ်အလာကောင်းသည့်တပ်မတော်** ပဉ္စမဆု
ဥာဏ်လင်း(တပ်ကုန်း)

၆။ **ခေတ်သမိုင်းကို ဆစ်ပိုင်းဖြတ်ကျော်တပ်မတော်** အထူးဆု(၁)
သက်နှင်းညို

၇။ **တပေါင်းမှသည် ရှေ့သို့ချီသော်၊ သွေးသစ် မော်ကွန်းတည်စေသတည်း** အထူးဆု(၂)
ရဲမွန်ကျော်

၈။ **ကမ္ဘည်းမော်ကွန်း တည်စေညွှန်း** အထူးဆု(၃)
ရွှေလေးခင်

**ကဗျာ(အလွတ်တန်း)**

၁။ **တို့များတပ်မတော်** ပထမဆု
မြတ်ထွဏ်းနောင်

၂။ **နေတစ်စင်းနှင့်ငွေလမင်းသို့ပမာ နိုင်ငံအတွက်သာ တပ်မတော်ပါ** ဒုတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၃။ **တင့်တယ် သူရိန် လမင်းအိမ်သို့** တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **ဖြတ်ကျော်လွှားရခရီးရှည် တပ်မတော်သားအလှ (ကြည်း၊ ရေ၊ လေ)** စတုတ္ထဆု
ရေနံ့သာမောင်ကျော်ညွှန့်

၅။ **နိုင်ငံလူမျိုးဂုဏ်ရှိန်တိုးအောင် ကြိုးစားဆောင်ဖော် တပ်မတော်** ပဉ္စမဆု
မနောဖြူ

၆။ **အောင်သပြေဖော်ညွှန်း တပေါင်းမော်ကွန်း** အထူးဆု(၁)
မောင်မင်းသိမ်း(သရက်)

၇။ **ခေတ်အဆက်ဆက် ထက်မြက်ဂုဏ်ကျော် မြန်မာ့တပ်မတော်** အထူးဆု(၂)
မျိုးစစ်သည်

၈။ **ကမ္ပည်းမော်ကွန်း ပေါ်ထွန်းမွေးမြ သမိုင်းလှသော မြန်မာ့တပ်မတော်** အထူးဆု(၃)
ညောင်ရွှေ-ခင်မောင်မြ

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **စစ်မှန်သော မေတ္တာတရားဖြင့်** ပထမဆု
အမောင်

၂။ **သူတို့ကို ဈေးမရောင်းတော့ပါ** ဒုတိယဆု
မုန်းမောင်မောင်

၃။ **ခရေဦး၏သန္နိဋ္ဌာန်** တတိယဆု
ယု(သဇင် FM)

၄။ **အပြုံးလည်းလှ နှလုံးသားလှတဲ့ မုန်းမရတဲ့ စစ်သည်တော်** စတုတ္ထဆု
မနောဖြူ

၅။ **သူရဲကောင်းတို့၏ဝိညာဉ်များ** ပဉ္စမဆု
ရဲမွန်ကျော်

၆။ **အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း** အထူးဆု(၁)
ငြိမ်းချမ်းဖြူ

၇။ **စစ်ကျောပိုးအိတ်မှာ ဆွဲချိတ်ထားတဲ့ကြယ်မှုန်တွေ** အထူးဆု(၂)
ထက်ပိုင်ဦး(သစ္စာမြေ)

၈။ **မွေးရာပါတာဝန်** အထူးဆု(၃)
စစ်ငြိမ်းပန်း

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **အားနာရန် မလိုခဲ့ပါ** ပထမဆု
မျိုးမြင့်ရန်နောင်

၂။ **ဓာတ်သွေးစက် အိုးစားဖက်ကိုရှာကြသည်** ဒုတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၃။ **ကြယ်တွေကြွေသောလမ်း** တတိယဆု
ကျော်တေဇ(ဥက္ကလာ)

၄။ **ယုံကြည်ခြေတစ်လှမ်း** စတုတ္ထဆု
ထက်ဝေအောင်(စစ်ကိုင်း)

၅။ **မကြွေရဲပုံ ကြယ်တစ်ပွင့်ရဲ့ရာဇဝင်** ပဉ္စမဆု
မောင်စူးရှ(အနောက်ရိုးမ)

၆။ **ငြိမ်းချမ်းပါစေ ပန်းဝါမြေ** အထူးဆု(၁)
မင်းလပြည့်(ဟားခါး)

၇။ **အမေ့မှာ သားတွေအများကြီးရှိပါတယ်** အထူးဆု(၂)
သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

၈။ **ကိုယ်သင်းနံ့လေး မွှေးပျံ့နေသည်** အထူးဆု(၃)
စေတမန်

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **နောက်ဆုံးကျည်ဆန်** ပထမဆု
မြခြူးအိမ်

၂။ **သစ္စာနန်းမှပန်းရင်ခွင်** ဒုတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၃။ **အိမ်အမှတ်(၁၃၅)** တတိယဆု
လူမောင်(ဝိရောဓိ)

၄။ **အဋ္ဌဝါထက်က ပန်းပျိုးလက်** စတုတ္ထဆု
တင်ဦး(ရန်ကင်း)

၅။ **ကရုဏာရွှေလက်တို့ဖြင့် အမွန်မြတ်ဆုံး ပေးဆပ်ခဲ့ကြပါသည်** ပဉ္စမဆု
သျှင်ငြိမ်းစံ

၆။ **တိုင်းပြည်ကို စောင့်ရှောက်ဖို့ တာဝန်ရှိနေလို့ပါ** အထူးဆု(၁)
မောင်စိုးထွန်း

၇။ **အစဉ်နှပျိုနေသည့် ဥဒါန်းစကား** အထူးဆု(၂)
အောင်မင်းကျော်(ပညာ)

၈။ **စောင့်ထိန်းအပ်သော သစ္စာတရားတို့ဖြင့်** အထူးဆု(၃)
ခင်မျိုးမျိုးချစ်(ချင်းတောင်)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **လွမ်းရက်တာရှည် စစ်မြေစခန်းမှာဖြင့်** ပထမဆု
တက္ကသိုလ်မြမဥ္ဇူ

၂။ **ထာဝရစစ်သား ထာဝရမြန်မာ့တပ်မတော်** ဒုတိယဆု
စိုးနွေ

၃။ **နမ့်လွေချောင်းဘေးမှာ ပေးခဲ့လေသော မြေပုံလေးတစ်ချပ်အကြောင်း** တတိယဆု
ရဲမင်းစိုး

၄။ **လွမ်းရစ်စေသူ** စတုတ္ထဆု
ညိမ်းညို

၅။ **ကြယ်တစ်စင်းရဲ့ ဘဝစာမျက်နှာ** ပဉ္စမဆု
နေဇင်(ပေါက်ခေါင်း)

၆။ **ကျည်တစ်တောင့် လူတစ်ယောက်** အထူးဆု(၁)
နီသင်အောင်ကျော်မိုး

၇။ **ပေးဆပ်သူတို့၏ ချစ်ခြင်းသက်သေ** အထူးဆု(၂)
ခန့်ပိုင်

၈။ **အဖြူရောင်အနားသတ်** အထူးဆု(၃)
အမေ့သား(နတ်မောက်)

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**









*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။

**ပျောက်ဆုံးကြောင်း**

မူဆယ်မြို့၊ မြောက်ရပ်ကွက်၊ မ/၃၄၅ နေ (ဘ) ဦးစိုင်းအိုက်ထွန်း၏ သမီးဖြစ်သူ မနှင်းစန္ဒာထွန်း(၁၃/မဆတ(နိုင်)၀၆၂၆၇၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၆၅၇၅၇၃၅

**ပျောက်ဆုံးကြောင်း**

ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်နေ ခိုင်ခိုင်းဝင်း (ဘ) ဦးကျန်တိန်ခွမ်(၁၃/လရန(နိုင်)၁၄၀၀၄၅)၏ နိုင်ငံကူးလက်မှတ် အမှတ်(MH-401784)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၆၂၇၃၃၇၆

**ပျောက်ဆုံးကြောင်း**

တာမိုးညဲမြို့၊ ရပ်ကွက်(၇)နေ (ဘ) ဦးစူးရွှင်၏သား မောင်လော် ကွေချန်(၁၃/ကခန(နိုင်)၁၁၀၁၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ ၀၉-၆၇၆၂၄၀၂၁၄



# အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို




အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏ နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်ကြခြင်းဖြစ်...**

**❖ ၎င်းတို့ ယာယီအားဖြင့် ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကို အကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E.Mr.Deng Xijun အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန

စာမျက်နှာ ၁၈ ကော်လံ ၄ ☆



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline-09-450450561, 09-450450562, 09-450450563